

ယခုပစ္စက္ခဘဝ၌ ကျွတ်ထိုက်သူ ဝေနေယျအပေါင်းကို
သောတာပန်- သကဒါဂါမ်- အနာဂါမ်- အဟန္တာအဖြစ် ရောက်စေရန်
အမြို့မြို့သို့ လှည့်လည်၍ တရားဓမ္မဆုံးမခဲ့သူ

**( အရှင် ဦးတိက္ခိန္ဒြိယ ပုံတော်။ )**

# ရတနတ္တယပဏာမဂါထာ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဉာဏာလောကာတိကာမေဟိ၊ ဝရသန္တေဟိ ယာစိတော၊
သဒ္ဓမ္မသီတလံ ရံသိံ၊ ဓါရော ဗုဒ္ဓ နိသာကရော။ ။

မောဟန္ဓကာရ လောကမှိ၊ ဟန္တွာ ဗေါဓေသိ ပုဂ္ဂလံ၊
ကုမုဒံ ဝနသဏ္ဍံဝ၊ သဒ္ဓမ္မရံသိယာ သဒါ။ ။

တညာဒရံ နမိတွာဟံ၊ သဒ္ဓမ္မရံသိ ဏ္ဏန္ဒုနော၊
တဿဗုဒ္ဓဿ အတ္တာနံ၊ သေဝကာနံ ဒရံ သမံ။ ။

ကရော တဇ္ဇ ပရိက္ခိတ္တာဘူတံ၊ တဿဇိနိန္ဒုနော၊
သီလာဒိဂုဏရံသီဟိ၊ ဇောတန္တံ သံဃတာရကံ။ ။

ဥပဇ္ဈာယေ မဟာထေရေ၊ သီလသံယမ ဇောတကေ၊
အာစေရေစ တတောသေသာ၊ ပိဋကတ္တယ ကောဝိဒေ။

သံတွဲနဂရ ဝါသီဟိ၊ ဓမ္မကာမေဟိ ယာစိတော၊
ပရမတ္ထာဒိ သမ္ဗန္ဓံ၊ ကာရေတုံ နယဒဿနံ။ ။

ကရိဿံ ပရမတ္ထာဒိ၊ နယဒဿန တေနဟံ၊
တံဝ နိစ္စံ ဝိဇောတေတု၊ တထာဂတဿ သာသနံ။ ။

(၁-၂) အဟံ၊ ငါမရှိဘဲ ငါဟုသမုတ် နာမ်ရုပ်အစုသည်။ ဥာဏလောကာတိ ကာမေဟိ၊ ဥာဏ်တည်း ဟူသော အရောင် အလင်းကို အလွန်အလိုရှိကုန်သော။ ဝရသတ္တေဟိ၊ မြတ်သော သူတော်ကောင်းတို့သည်။ ယာစိတော၊ တောင်းတအပ်သော။ သဒ္ဓမ္မသီတလံ၊ သူတော်ကောင်း တရားတည်းဟူသော အေးမြထ သော။ ရံသိံ၊ အရောင်တော်ကို။ ဓါရော၊ ဆောင်တော်မူတတ် သော။ ယောဗုဒ္ဓနိသာကရော၊ အကြင်ဘုရားတည်းဟူသောလမင်း သည်။ မောဟန္ဓကာရံ၊ မောဟ တည်းဟူသော အမိုက်မှောင်ကို။ ဟန္တွာ၊ ဖျက်ဆီးပြီး၍။ ပုဂ္ဂလံ၊ ကျွတ်ထိုက်သောပုဂ္ဂိုလ်ဟု ဆိုအပ် သော။ ကုမုဒံ၊ ကုမုဒြာကြာဖြူတည်းဟူသော။ ဝနသဏ္ဍံဝ၊ တော အုပ်ကိုသာလျှင်။ သဒ္ဓမ္မရံသိယာ၊ သူတော်ကောင်း တရားတည်း ဟူသော အရောင်တော်ဖြင့်။ သဒါ၊ အခါခပ်သိမ်း။ ဗောဓေသိ၊ ပွင့်စေတော်မူပြီ။

(၃-၄) တဉ္စ၊ ထိုဘုရားတည်းဟူသော လမင်းကိုလည်း။ အာဒ ရံ၊ ရိုသေစွာ။ နမိတွာ - နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ ရှိခိုးပြီး၍။ တဿဗုဒ္ဓဿ၊ ထိုဘုရားဟုဆိုအပ်သော။ ဣန္ဒုနော၊ လမင်း၏။ ယာသဒ္ဓမ္မရံသိ၊ သူတော်ကောင်း တရားတည်းဟူသော အေးမြ သောအရောင်တော်သည်။ အတ္တာနံ၊ မိမိကို။ သေဝကာနံ၊ မှီဝဲ ကုန်သောသူတို့၏။ ဒရံ၊ ကိလေသာတည်းဟူသော အပူအလောင် ကို။ သမံ၊ ငြိမ်းအေးစေခြင်းကို။ ကရာ၊ ပြုတော်မူပြီ။ တဉ္စ၊ ထို သူတော်ကောင်းတရားတည်းဟူသော အရောင်ကိုလည်း။ အာဒရံ၊ ရိုသေစွာ။ နမိတွာ-နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ ရှိခိုးပြီး၍။ တဿ ဇိနိန္ဒုနော၊ထိုဘုရားတည်းဟူသောလမင်း၏။ ပရိက္ခိတ္တာဘူတံ၊ အခြံ

အရံဖြစ်၍ဖြစ်ထသော။ သီလာဒိဂုဏရံသီဟိ၊ သီလအစရှိသော ဂုဏ်တော်တည်းဟူသော အရောင်တို့ဖြင့်။ ဇောတန္တံ၊ တပြောင်ပြောင် ထွန်းတောက်နေထသော။ သံဃာတာရကံ၊ သံဃာတော်တည်းဟူသော ကြယ်အပေါင်းကိုလည်း။ အာဒရံ၊ ရှိသေစွာ။ နမိတွာ - နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ ရှိခိုးပြီး၍....၊

(၅) သီလသံယမဇောတကော၊ သီလတော်ကိုစောင့်စည်းသော ဂုဏ်တို့ဖြင့် တပြောင်ပြောင်ထွန်းတောက်ကုန်ထသော။ မဟာထေရေ၊ မြတ်သောမထေရ်ကြီးတို့လည်းဖြစ်ကုန်ထသော။ ဒွေ၊ နှစ်ပါးကုန်သော။ ဥပဇ္ဈာယေစ၊ ဥပဇ္ဈာယ် ဆရာတို့ကိုလည်း။ အာဒရံ၊ ရှိသေစွာ။နမိတွာ-နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ရှိခိုးပြီး၍။တတော၊ ထိုဥပဇ္ဈာယ်ဆရာတို့မှ။ သေသာ၊ ကြွင်းကုန်သော။ ပိဋကတ္တယကောဝိဒေ၊ ပိဋကတ်သုံးပုံ၌လိမ္မာကုန်သော။ အာစရိယေစ၊ ဆရာတို့ကိုလည်း။အာဒရံ၊ ရှိသေစွာ။နမိတွာ-နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ ရှိခိုးပြီး၍....၊

(၆) သံတွဲနဂရဝါသီဟိ၊ သံတွဲမြို့ သံတွဲမြို့၏အနီး၌ နေကုန်သော။ ဓမ္မကာမေဟိ၊ တရားကိုအလိုရှိကုန်သော ဥပါသကာတို့သည်။ပရမတ္ထာဒိသမ္ဗန္ဓံ၊ ပရမတ္ထစသည်နှင့်စပ်သော။ နယဒဿနံ၊ နည်းကိုပြရာမြောက်ကြောင်း၊ဖြစ်သောကျမ်းကို။ကာရေတုံ၊ပြုစေခြင်းငှါ။ အဟံ၊ ငါဟုသမုတ်အပ်သော နာမ်ရုပ်အစုကို။ ယာစိတော၊ တောင်းပန်အပ်ပြီ။

(၇) တေန၊ ထိုသို့တောင်းပန်အပ်သည်၏အဖြစ်ကြောင့်။ ပရမတ္ထာဒိနယဒဿနံ၊ ပရမတ္ထစသည်နှင့် စပ်သောနည်းကို ပြရာပြကြောင်း, ဖြစ်ရသောကျမ်းကို။ ကရိဿံ-ကရိဿာမိ၊ ပြုပေအံ့။ တံဝ-တံဝေ၊ ထိုပရမတ္ထာဒိနယဒဿနကျမ်းသာလျှင်။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားရှင်၏။ သာသနံ၊ အဆုံးအမသာသနာတော်ကို။ နိစ္စံ၊ အမြဲ။ ဝိဇောတေတု၊ အထူးသဖြင့်ထွန်းလင်းတောက်ပစေသတည်း။

# ပရမတ္ထာဒိနယဒဿနကျမ်း။

ပရမတ္ထာဒိနယဒဿနကျမ်းကိုရေးသားပေအံ့ဟုဝန်ခံအပ်သည်နှင့်အညီ၊ ပရမတ္ထာဒိနယဒဿန ဟူသောပါဌ်၌၊ ပရမတ္ထဟူသော ပုဒ်ကို၊ ပရမ,အတ္ထဟူ၍ နှစ်ပုဒ်ခွဲ၍ ရေးဦးစွာထားရာ၏။ ထိုနှစ်ပုဒ်တို့တွင်၊ ပရမသဒ္ဒါသည်၊ မြတ်သော ဥတ္တမဟူသော အနက်ကို ဟော၏။ ထိုသို့ဟောအပ်သည်၏ အဖြစ်ကို သိစေတော်မူလိုသော ကထာဝတ္ထုအဋ္ဌကထာရှင်သည်၊ ပုဂ္ဂလကထာ၊ အနုလောမ ပစ္စက အဖွင့်၌။ ပရမတ္ထောတိ အနုဿဝါဒိဝသေန အဂဟေတဗ္ဗောဥတ္တမတ္ထော။ ။ဟူ၍ဖွင့်တော်မူအပ်လေသည်။ မြန်မာပြန်ကား။ ရပမတ္ထောတိ၊ပရမတ္ထဟူသည်ကား။အနုဿဝါဒိဝသေန၊တဆင့်ကြားခြင်းစသည်၏အစွမ်းဖြင့်။ အဂဟေတဗ္ဗော၊မယူအပ်သော။ ဥတ္တမတ္ထော၊ မြတ်သောမှတ်ကြောင်းလက္ခဏာသဘောတည်း။ ဤသို့ဖွင့်ပြအပ်သောအဋ္ဌကထာပါဌ်တို့တွင် ဥတ္တမတ္ထော ဟူသောပါဌ်၌၊ ဥတ္တမဟူသောအစိတ်သဒ္ဒါကိုထောက်၍ပရမသဒ္ဒါသည်မြတ်သော အနက်ကို ဟောအပ်သည်၏အဖြစ်ကို မုချသိအပ်၏။ဤအဋ္ဌကထာဖြင့်သာ ပရမတ္ထဟူသောပုဒ်တွင်၊ပရမသဒ္ဒါသည်၊မြတ်သောအနက်ကိုဟောအပ်သည်၏အဖြစ်ကို၊ သိအပ်သည်မဟုတ်သေး။အနုဋီကာရှင်သည်လည်း၊ ပရမော ပဌာနော အတ္ထော ပရမတ္ထော၊ ဉာဏဿ ပစ္စက္ခဘူတော ဓမ္မာနံ အနိဒ္ဒိသိတဗ္ဗ သဘာဝေါ တေနဝုတ္တံ ဥတ္တ

မတ္ထောတိ။ ။ဟူ၍ဖွင့်အပ်သော စကားတို့တွင်၊ ပရမဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို၊ ပဌာနေနာဟူ၍ သံဝဏ္ဏနာ ပြုတော်မူအပ်သည်ကိုထောက်၍၊ ပရမသဒ္ဒါသည် စင်စစ် မြတ်သော ဥတ္တမ - အနက်ကိုသာ ဟောအပ်သည်၏ အဖြစ်ကို သိအပ်၏၊ ထိုမှတပါး လယ်တီ ပရမတ္ထဒီပနီ ဋီကာရှင်သည်လည်း ပရမော ဥတ္တမော အတ္ထော။ ဟူ၍သာလျှင်၊ ပရမသဒ္ဒါသည်၊ ဥတ္တမ-ဟူသောမြတ်သောအနက်ကို ဟောအပ်သည်အဖြစ်ကို ပြဆိုတော်မူအပ်၏။ထိုသို့ ပြဆိုအပ်သည်၏အဖြစ်ကြောင့်၊ ပရမသဒ္ဒါသည်၊ စင်စစ်မြတ်သော ဥတ္တမ - အနက်ကို၊ ဟောအပ်သည်၏အဖြစ်ကိုသိအပ်၏။

ပရမတ္ထဟူသောပုဒ်တွင်၊ အတ္ထသဒ္ဒါသည်၊ ထိုထိုသို့သော ပရမတ္ထတရားတို့၏ မှတ်ကြောင်းလက္ခဏာသဘောကိုသာ ဟောအပ်၏။ ထို့ကြောင့် အနုဋီကာရှင်သည်၊ ပရမော ပဌာနော အတ္ထော ပရမတ္ထော၊ ဉာဏဿ ပစ္စက္ခဘူတော ဓမ္မာနံ အနိဒ္ဒိသိတဗ္ဗ သဘာဝေါ၊ ဟူ၍ပြဆိုအပ်သောပါဌ်တို့တွင်၊ သဘာဝေါဟူသောပါဌ်ကို ထောက်၍၊ ပရမတ္ထ၌ အတ္ထ သဒ္ဒါသည်။ ထိုထိုသို့သော ပရမတ္ထတရားတို့၏မှတ်ကြောင်းလက္ခဏာသဘောကိုသာ၊ ဟောအပ်သည်၏အဖြစ်ကို သိအပ်၏။ မြန်မာပြန်ကား။ ပရမော ပဌာနော၊ မြတ်သော။ အတ္ထော၊ မှတ်ကြောင်း လက္ခဏာ သဘောတည်း။ ပရမတ္ထော၊ မြတ်သောမှတ်ကြောင်းလက္ခဏာသဘော။ ဉာဏဿ၊ ဟုတ်မှန်သောသဘောကို မဖောက်မပြန် သိတတ်သောဉာဏ်၏။ ပစ္စက္ခဘူတော၊ မျက်မှောက်ဖြစ်၍ဖြစ်သော၊ ဓမ္မာနံ၊ သဘောတရားတို့၏။ အနိဒ္ဒိသိတဗ္ဗသဘာဝေါ၊ ဤမည်သော~~တရားဟူ~~၍ အသီးအခြား မညွှန်ပြအပ်သော မှတ်ကြောင်း လက္ခဏာမျှသာလျှင်ဖြစ်သော သဘောတည်း။ တေန၊ ထို့ကြောင့်။ ဥတ္တမတ္ထောတိ၊ ဥတ္တ

မတ္ထောဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာရှင် ဆိုအပ်၏။ ဤပြဆိုအပ်သော အနုဋီကာရှင်၏ စကားကို မှီ၍၊ အတ္ထသဒ္ဒါသည်၊ ထိုထိုသို့သော ပရမတ္ထတရားတို့၏ မှတ်ကြောင်း လက္ခဏာသဘော ဟူသောအနက်ကိုသာလျှင်၊ ဟောအပ်သည်၏အဖြစ်ကိုသိအပ်၏။ ဤအနုဋီကာဖြင့်သာ၊ အတ္ထသဒ္ဒါသည် ထိုထိုသို့သော ပရမတ္ထတရားတို့၏ မှတ်ကြောင်းလက္ခဏာ ဟူသောအနက်ကို၊ ဟောအပ်သည်၏အဖြစ်ကို၊ သိအပ်သည်မဟုတ်သေး။ ၎င်းကထာဝတ္ထု အဋ္ဌကထာရှင်သည်ပင်၊ သောဘူတေန သဘာဝဋ္ဌေန ဥပလဗ္ဘတိ၊ ဟူ၍ ဆိုအပ်သောပါဌ်တို့တွင်၊ သဘာဝေ ဟူသော ပါဌ်ကိုထောက်၍လည်း၊ ပရမတ္ထ၌ အတ္ထသဒ္ဒါသည်၊ စင်စစ်မှတ်ကြောင်း လက္ခဏာ သဘောဟူသော အနက်ကို ဟောအပ်သည်၏ အဖြစ်ကိုသိအပ်၏။ ထိုမှတပါး၊ ပရမတ္ထဒီပနီဋီကာရှင်သည်။ ။သော စိတ္တာဒိကော အတ္ထော သဘာဝသိဒ္ဓေါနာမ။ ။ဟူ၍ ဖွင့်အပ်သော ပါဌ်တို့တွင်၊ အတ္ထသဒ္ဒါကို၊ သဘာဝဟူ၍ ဖွင့်အပ်သောကြောင့်၊ ပရမတ္ထ၌ အတ္ထသဒ္ဒါသည်၊ စင်စစ် ထိုထိုသို့သော ပရမတ္ထ တရားတို့၏ မှတ်ကြောင်း လက္ခဏာသဘောကိုသာ ဟောအပ်သည်၏အဖြစ်ကို သိအပ်၏။ ထိုသို့သိအပ်သောကြောင့်၊ ပရမသဒ္ဒါနှင့် အတ္ထသဒ္ဒါ၏အနက်နှစ်ပါးကို ပေါင်းအပ်သည်ရှိသော်၊ ပရမတ္ထ ဟူသော ပုဒ်၏အရသည်၊ စင်စစ် ထိုထိုသို့သော ပရမတ္ထ တရားတို့၏ မှတ်ကြောင်း လက္ခဏာသဘောကိုသာ၊ မုချ ဟောအပ်သည်၏ အဖြစ်ကို သိအပ်၏။ ထို့ကြောင့် ပရမတ္ထဆိုလျှင် အမှန့်အမှားအလုံးအခဲစသော သဏ္ဌာန်၊ ဒြပ်၊ မိန်းမ၊ ယောက်ျား၊ စသော သတ္တဝါစသည် မဟုတ်သော၊ ထိုထိုသို့သော ပရမတ္ထ သဘော တရားတို့၏ မှတ်ကြောင်း လက္ခဏာသဘော သတ္တိဟူ၍သာလျှင်

မှတ်ယူအပ်၏။ ဤမျှသော စကားအစဉ်ဖြင့်၊ ပရမတ္ထပုဒ်၏ အနက်သဘောကို ဆုံးဖြတ်ချက်ပြီး၏။

ထိုပရမတ္ထတရားသည် လေးပါးရှိ၏။ လေးပါးဟူသည်ကား။ စိတ်ဟုဆိုအပ်သော ပရမတ္ထတရားတပါး။ စေတသိက်ဟု ဆိုအပ်သော ပရမတ္ထတရားတပါး။ ရုပ်ဟုခေါ်ဆိုအပ်သော ပရမတ္ထတရားတပါး။ နိဗ္ဗာန်ဟု ခေါ်ဆိုအပ်သော ပရမတ္ထတရားတပါး။ ဤသို့လျှင် လေးပါးအပြားရှိ၏။ ထိုလေးပါးသော ပရမတ္ထတရားတို့သည်၊ ထင်ရှားရှိသောတရားတို့တည်း။ ထိုသို့ထင်ရှားရှိသည်၏အဖြစ်ကို သိစေတော်မူလိုသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာရှင်သည်။ ပညတ္တိနိဒ္ဒေသ၌၊ ပရမတ္ထတော ဝိဇ္ဇမာနံ ရူပဝေဒနာဒိ၊ ဟူ၍ မိန့်ဆိုအပ်လေသည်။ ။အနက်သိကြောင်း မြန်မာပြန်ကား။ ။ပရမတ္ထတော၊ မြတ်သောမိမိဟူသော မှတ်ကြောင်းလက္ခဏာအားဖြင့်။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော၊ ရူပဝေဒနာဒိ၊ ရုပ်,ဝေဒနာ, စသည် အမည်ရသော ပရမတ္ထ သဘောတရားကို။ အာဒိသဒ္ဒါဖြင့်ကြွင်းသောပရမတ္ထသဘောတရားတို့ကို သိအပ်ကုန်၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍၊ ပရမတ္ထတရားတို့၏ ထင်ရှားရှိသည်၏အဖြစ်ကို သိကြလေ။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး။ အဘိဓမ္မာဝတာရ အဋ္ဌကထာ၊ ပညတ္တိနိဒ္ဒေသ၌လည်း ယဒါသာဝိဇ္ဇမာနံ ပရမတ္ထံ ဇောတယတိ ဟူ၍ပင်ပြဆိုအပ်သေး၏။မြန်မာပြန်ကား။ ယဒါ၊အကြင်အခါ၌။ သာ၊ ထိုသဒ္ဒပညတ်သည်။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ ပရမတ္ထံ၊ မြတ်သော မိမိဟူသောမှတ်ကြောင်းလက္ခဏာ သဘောဟုဆိုအပ်သော ပရမတ္ထသဘောကို။ ဇောတယတိ၊ ထွန်းပြ၏။ ဤပြဆိုအပ်သောအဘိဓမ္မာဝတာရ အဋ္ဌကထာကို ထောက်၍လည်းသိလေဦး။

ဤအဋ္ဌကထာဖြင့်သာသိအပ်သည်မဟုတ်သေး။ ပုဂ္ဂလပညတ္တိအဋ္ဌကထာ၌လည်း၊ တတ္ထ ကုသလာ ကုသလဿေဝ သစ္စိကဋ္ဌပရမတ္ထဝသေန ဝိဇ္ဇမာနဿ သတောသမ္ဘူတဿဓမ္မဿ ပညာပနာ ဝိဇ္ဇမာန ပညတ္တိ။ ။ဟူ၍မိန့်ဆိုအပ်သည်။ မြန်မာပြန်ကား။ တတ္ထ၊ ထိုခြောက်ပါးကုန်သော ပညတ်တရားတို့တွင်။ ကုသလာ ကုသလဿေဝ၊ ကုသိုလ်, အကုသိုလ်, တရားကဲ့သို့။ သစ္စိကဋ္ဌ၊ ဟုတ်မှန်သောသဘော။ ပရမတ္ထဝသေန၊ မြတ်သောမှတ်ကြောင်းလက္ခဏာသဘော၏အစွမ်းဖြင့်။ ဝိဇ္ဇမာနဿ၊ ထင်ရှားရှိသည်ဖြစ်၍။ သတော၊ ဖြစ်သော။ သမ္ဘူတဿ၊ ထင်ရှားသည်ဖြစ်၍ဖြစ်သော။ ဓမ္မဿ၊ သတ္တဝါ, အသက်, မဟုတ်သော မိမိဟူသောမှတ်ကြောင်း လက္ခဏာကို ဆောင်တတ်သောပရမတ္ထ သဘောတရားကို။ ပညာပနာ၊ အပြားအားဖြင့် သိစေတတ်သော ပညတ်သည်။ ဝိဇ္ဇာမာန ပညတ္တိ၊ ဝိဇ္ဇာမာနပညတ်မည်၏။ ဝါ၊ ထင်ရှားရှိသော ပရမတ္ထ သဘောကို သိစေတတ်သော ပညတ်မည်၏။ ။ဤအဋ္ဌကထာ စကားရပ်တို့တွင်၊ သစ္စိကဋ္ဌ ပရမတ္ထဝသေန ဝိဇ္ဇမာနဿ သတော သမ္ဘူတဿ ဓမ္မဿ၊ ဟူသော ပါဌ်တို့ဖြင့်၊ ပရမတ္ထတရားသဘောသည်၊ မုချအားဖြင့် ဟုတ်မှန်သော မြတ်သော သဘောလက္ခဏာအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကိုပြဆိုအပ်၏။ ထိုသို့ပြဆိုအပ်သည်ကိုထောက်၍လည်း၊ ပရမတ္ထတရားလေးပါးသည်၊ စင်စစ်ထင်ရှားရှိသောတရားသဘော၏အဖြစ်ကို မုချသိကြလေကုန်၏။

ထိုသို့ ထင် ရှား ရှိသော ပရ မ တ္ထ တရား လေး ပါး တို့တွင် စိတ်,စေတသိက်, ရုပ်, ဟုခေါ်ဆိုအပ်ကုန်သော ပရမတ္ထတရားသုံးပါးတို့သည်၊ သင်္ခတ တရားမည်ကုန်၏။ နိဗ္ဗာန်ဟု ဆိုအပ်သော ပရမတ္ထတရားသည်၊ အသင်္ခတ တရားမည်၏။ ထိုသို့မည်သည်၏

အဖြစ်ကို၊ ဘုရားရှင်သည်၊ ဓမ္မသင်္ဂဏီပါဠိတော်-စိတ္တုပ္ပါဒကဏ္ဍ၌။ သင်္ခတာဓမ္မာ အသင်္ခတာဓမ္မာ ဟူ၍လည်းကောင်း၊ အဋ္ဌကထာကဏ္ဍ၌၊ကတမေဓမ္မာသင်္ခတာ၊ စတူသု ဘူမိသု ကုသလံ အကုသလံ၊ စတူသု ဘူမိသု ဝိပါကော၊ တီသု ဘူမိသု ကိရိယာဗျာကတံ၊ သဗ္ဗဉ္စရူပံ၊ ဣမေဓမ္မာသင်္ခတာ။ ကတမေဓမ္မာ အသင်္ခတာနိဗ္ဗာနံ၊ ဣမေဓမ္မာ အသင်္ခတာ။ ။ဟူ၍လည်းကောင်း ဟောတော်မူအပ်လေသည်။

အ နက် သိ ကြောင်း မြန် မာ ပြန် ကား။ ။သင်္ခတာ၊ အကြောင်းတရားတို့သည် ပေါင်းဆုံပြုပြင်အပ်ကုန်သော။ ဓမ္မာ၊ နိဿတ္တ, နိဇ္ဇီဝ, သဘာဝါ သတ္တဝါ, အသက်, မဟုတ်ကုန်သော မိမိ, မိမိ, ဟူသော မှတ်ကြောင်း လက္ခဏာမျှသာ ဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်, ဟု ဆိုအပ်ကုန်သောသဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ အသင်္ခတာ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်ကုန်သော။ဓမ္မာ၊နိဿတ္တ, နိဇ္ဇီဝ, သဘာဝါ, သတ္တဝါ, အသက်, မဟုတ်ကုန်သော နိဗ္ဗာန်ဟုဆိုအပ်သော သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ။ကတမေ၊ အဘယ် မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။သင်္ခတာ၊သင်္ခတတရား မည်ကုန်သနည်း။ စတူသု၊ လေးပါးကုန်သော။ ဘူမိသု၊ ဘုံတို့၌။ ပဝတ္တံ၊ ဖြစ်သော။ ကုသလံ၊ ကုသိုလ်သည်လည်းကောင်း။ အကုသလံ၊ အကုသိုလ်သည်လည်းကောင်း။ စတူသု၊လေးပါးကုန်သော၊ ဘူမိသု၊ ဘုံတို့၌။ ပဝတ္တော။ ဖြစ်သော။ ဝိပါကော၊ အကျိုးသည်လည်းကောင်း။ တီသု၊သုံးပါးကုန်သော။ ဘူမိသု၊ဘုံတို့၌။ကိရိယာဗျာကတံ၊ ကိရိယာဗျာကတသည်လည်းကောင်း။ သဗ္ဗဉ္စရူပံ၊အလုံးစုံသော ရုပ်သည်လည်းကောင်း။အတ္ထိ၊ရှိ၏။ဣမေဓမ္မာ၊ဤတရားတို့

သည်။သင်္ခတာ၊သင်္ခတတရားတို့မည်ကုန်၏။ ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ အသင်္ခတာ၊ အသင်္ခတတရား မည်ကုန်သနည်း။ နိဗ္ဗာနံ၊ မီးတဆဲ့တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤသဘောတရားတို့သည်။ အသင်္ခတာ၊ အသင်္ခတတရားတို့ မည်ကုန်၏။ ဤသို့ ဟောတော်မူသည်ကိုထောက်၍။ စိတ်, စေတသိက်,ရုပ်,ဟုဆိုအပ်ကုန်သော ပရမတ္ထ သဘောတရားတို့သည်။ သင်္ခတတရားမည်ကုန်သည်၏ အဖြစ်ကို, နိဗ္ဗာန်ဟု ဆိုအပ်သော သဘောတရားသည် အသင်္ခတမည်သည်၏ အဖြစ်ကို,သိကြလေ။

ထိုထင်ရှားရှိကုန်သော သင်္ခတ, အသင်္ခတ, တရားနှစ်ပါးတို့တွင်၊ သင်္ခတ တရားဖြစ်သော စိတ်, စေတသိက်, ရုပ်,တရားသည်၊ ဖြစ်ပေါ်မှုသာလျှင်ထင်ရှားရှိ၏။ ထိုသို့ရှိသည်၏ အဖြစ်ကိုသိစေခြင်းငှါ၊ ဘုရားရှင်သည်၊ ပဋ္ဌာန်း ပါဠိတော် - ပစ္စယ ဝိဘင်္ဂ၌ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိ ပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ၊ အတ္ထိပစ္စယေန ပစ္စယော၊ ဟူ၍ ဟော တော် မူ အပ် သည်။ ထိုဟောတော်မူအပ်သော ပါဠိတော်တို့တွင်၊ စတ္တာရောခန္ဓာ အရူပိနော၊ ဟူသော ပါဠိတို့ဖြင့်။ စိတ်, စေတသိက်,ဟု ဆိုအပ်သော နာမက္ခန္ဓာ တရားလေးပါးကို သိစေတော်မူအပ်၏။ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊ ဟူသောပါဠိတို့ဖြင့်၊ ဖြစ်ပေါ်သောခါ၌သာလျှင်၊ အချင်းချင်း ထင်ရှားရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကိုသိစေတော်မူအပ်၏။ စတ္တာရောမဟာဘူတာ၊ ဟူသောပါဠိတို့ဖြင့် လေးပါးသောမဟာဘုတ်ဟု ခေါ်ဆိုအပ်သော ရုပ်တရားကိုသိစေအပ်၏။ အညမညံအတ္ထိပစ္စယေန

ပစ္စယော၊ ဟူသောပါဠိတို့ဖြင့်။ ထိုရုပ်တရားသည် ဖြစ်ပေါ်သော အခါ၌သာလျှင် ထင်ရှားရှိသည်၏အဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သည်၏အဖြစ်ကို သိစေအပ်၏။ ဤသို့သိစေအပ်သည်ကိုထောက်၍ စိတ်,စေတသိက်,ရုပ်,ဟု ဆိုအပ်သော သင်္ခတပရမတ် တရားတို့သည်၊ ဖြစ်ပေါ်မှုသာလျှင် ထင်ရှားရှိသည်၏ အဖြစ်ကို စင်စစ်သိကြလေ။ ထိုသင်္ခတဖြစ်သော ပရမတ်တရားသည်၊ ဖြစ်ပေါ်ပြီးလျှင် ကုန်တတ်, ပျက်တတ်သောသဘောရှိ၏။ ထိုသို့ကုန်တတ်ပျက်တတ်သည်၏အဖြစ်ကို၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာရဝဂ်၌။ ။နာမရူပံဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မံ ဟူ၍ ဟောတော်မူအပ်လေသည်။ မြန်မာပြန်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ နာမရူပံ၊ နာမ်, ရုပ်, တရားနှစ်ပါးသည်။ အနိစ္စံ၊ မမြဲ။ ဝါ'မြဲသော သဘောမရှိ။ သင်္ခတံ၊သင်္ခတတရားဖြစ်၏။ပဋိစ္စသမုပ္ပန္နံ၊အကြောင်းကိုစွဲ၍ဖြစ်ပေါ်၏။ခယဓမ္မံ၊ကုန်တတ်သောသဘောရှိ၏။ဝယဓမ္မံ၊ ပျက်တတ်သော သဘောရှိ၏။ ဝိရာဂဓမ္မံ ကင်း တတ် သော သဘောရှိ၏။ နိရောဓ ဓမ္မံ၊ ချုပ်ကွယ်တတ်သော သဘောရှိ၏။ ဤသို့ဟောတော်မူအပ်သော ပါဠိတော်တို့တွင်၊ခယဓမ္မံ၊ ဝယဓမ္မံ ဟူသောပါဌ်တို့ကို ထောက်၍။ သင်္ခတဖြစ်သောစိတ်,စေတသိက်, ရုပ်တရားတို့သည်၊ စင်စစ်ဖြစ်ပေါ်ပြီး၍ ကုန်တတ်,ပျက်တတ်,သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ အသင်္ခတ သဘော နိဗ္ဗာန်သည်ကား။ ဖြစ်ပေါ်သော သဘောလက္ခဏာမှ ကင်း၍ မဖြစ်ပေါ်သော သဘောလက္ခဏာအားဖြင့်၊ ထင်ရှားရှိသော တရားပေတည်း၊ ထိုသို့ ရှိသည်၏ အဖြစ်ကို ထင်ရှားသိစေလိုတော်မူသော ဘုရားရှင်သည်၊ ဥဒါန်းပါဠိတော် ဣတိဝုတ်ပါဠိတော်တို့၌ အတ္ထိ

ဘိက္ခဝေ အဇာတံ၊ ဟူ၍ဟောတော်မူအပ်သည်။မြန်မာပြန်ကား၊ ဘိက္ခဝေ၊ရဟန်းတို့၊ အဇာတံ၊ ဖြစ်ပေါ်မှုလက္ခဏာမှ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ်တည်း ဟူသော နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်ကို ထောက်၍၊ အသင်္ခတသဘော နိဗ္ဗာန်သည်။ ဖြစ်ပေါ်သော သဘော လက္ခဏာမှ ကင်း၍ မဖြစ်သောသဘော လက္ခဏာ အားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကို သိကြလေ။ ထိုဖြစ်ပေါ်မှုကင်းသော အသင်္ခတဓာတ် တရားသဘောသာလျှင်၊ စင်စစ်မပျက်မစီးသော တရားဖြင့်၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို၊ ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ်၌။ အပ္ပမာဒေါ အမတံ ပဒံ-ဟူ၍ ဟောတော်မူအပ်သည်။ မြန်မာပြန်ကား။ အပ္ပမာဒေါ၊ မမေ့မလျော့နေခြင်းသည်။ အမတံ၊ ပျက်စီးခြင်းမရှိသောအမြဲရှိနေသော နိဗ္ဗာန်သို့။ ပဒံ၊ ရောက်ကြောင်းပေတည်း။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍ လည်းကောင်း။ ထို့မှတပါး။ ဓမ္မပဒအဋ္ဌကထာရှင်သည်။ အပ္ပမာဒဝဂ်အဖွင့်၊ နံပါတ် (၃၇၆) စာမျက်နှာ၌။ ။အမတံဝုစ္စတိနိဗ္ဗာနံ တဥ္ဟိ အဇာတတ္တာနဇီယတိ နမိယတိ တသ္မာအမတန္တိဝုစ္စတိ။ ဟူ၍ ဖွင့်ဆိုလေပြီ။ မြန်မာပြန်ကား။ နိဗ္ဗာနံ၊ မီးတဆဲ့တပါးတို့၏ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။အမတံ၊ ပျက်စီးခြင်းမရှိ အမြဲရှိနေသော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိသစ္စံ၊ ထိုစကား သည်မှန်၏။ တံ၊ ထိုနိဗ္ဗာန်သည်။ အဇာတတ္တာ၊ ဖြစ်ပေါ်မှုမရှိသည်၏ အဖြစ်ကြောင့်၊ 'ဝါ'ဖြစ်ပေါ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်။ နဇီယတိ၊ မဆွေးမြေ့။ နမိယတိ၊ မပျက်စီး။ တသ္မာ၊ ထိုသို့မဆွေးမြေ့

မပျက်စီးသည်၏ အဖြစ်ကြောင့်။ အမတန္တိ၊ အမတဟူ၍။ 'ဝါ' သွေးမြေ့ပျက်စီးခြင်းမရှိဘဲ။ အမြဲတည်ရှိနေသော တရားဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဤပြဆိုအပ်သော ပါဠိတို့တွင် အဇာတတ္တာ ဟူသောပါဠိဖြင့်၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသည်ကို၊ အန္ဝယအား ဖြင့်ပြအပ်၏။ မဖြစ်ပေါ်သော လက္ခာရှိသည်၏ အဖြစ်ကို၊ ဗျတိရိက်ဖြင့် ပြအပ်ပေ၏။ နဇီယတိ-နမီယတိ။ ဟူသောပါဠိတို့ဖြင့်၊ ထိုအသင်္ခတဓာတ်နိဗ္ဗာန်သည်။ စင်စစ်ဆွေးမြေ့ပျက်စီးခြင်းမရှိဘဲ အမြဲ တည်ရှိ နေသည်၏ အဖြစ်ကို ပြဆိုအပ်၏။ ထိုသို့ပြဆိုအပ် သည်ကိုထောက်၍ အသင်္ခတဓာတ် နိဗ္ဗာန် ပရမတ္ထသဘောတရား သည် မပျက်မစီးဘဲ အမြဲတည်ရှိနေသည်၏အဖြစ်ကို သိကြလေ။ ထိုသင်္ခတ အသင်္ခတ တရားနှစ်ပါးတို့တွင်၊ သင်္ခတ တရားတည်း ဟူသော စိတ်စေတသိက်ရုပ် ဟု ဆိုအပ်သော ပရမတ္ထ တရား သည်သာလျှင်။ စင်စစ်မမြဲတတ်သော သဘော၊ ဘောက်ပြန် ပျက်စီးတတ်သော သဘောဖြစ်၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို သိစေတော်မူလိုသောဘုရားရှင်သည်။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ သြက္ကန္တိက သံယုတ်၌။ ။ရူပံဘိက္ခဝေ အနိစ္စံ ဝိပရိဏာမိ အညထာဘာဝီ၊ ဝေဒနာအနိစ္စာ ဝိပရိဏာမိ အညထာဘာဝီ၊ သညာအနိစ္စာ ဝိပရိဏာမိ အညာထာဘာဝီ၊ သင်္ခါရာ အနိစ္စာ ဝိပရိဏာမိနော အညထာဘာဝိနော၊ ဝိညာဏံ အနိစ္စံ ဝိပရိဏာမိ အညထာဘာဝီ၊ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်ဟုဆိုအပ် သော ပရမတ္ထသဘောတရားသည်။ အနိစ္စံ၊ မမြဲ။ ဝါ၊ မြဲခြင်း မရှိ။ ဝိပရိဏာမိ၊ ဘောက်ပြန်ခြင်းရှိ၏။ အညထာဘာဝီ၊ တပါး သော အခြင်းအရာဖြင့် ဖြစ်ခြင်းရှိ၏။ ဝေဒနာ၊ ခံစားတတ်သော

ဝေဒနာဟုဆိုအပ်သော ပရမတ္ထ သဘောတရားသည်။ အနိစ္စာ၊ မမြဲ။ ဝါ၊ မြဲခြင်းမရှိ။ ဝိပရိဏာမီ၊ ဘောက်ပြန်ခြင်းရှိ၏။ အညထာဘာဝီ၊ တပါးသော အခြင်းအရာဖြင့် ဖြစ်ခြင်းရှိ၏။ သညာ၊ မှတ်တတ်သော သညာဟုဆိုအပ်သော ပရမတ္ထ သဘောတရားသည်။ အနိစ္စာ၊ မမြဲ။ ဝါ၊ မြဲခြင်းမရှိ။ ဝိပရိဏာမီ၊ ဘောက်ပြန်ခြင်းရှိ၏။ အညထာဘာဝီ၊ တပါးသောအခြင်းအရာဖြင့် ဖြစ်ခြင်းရှိ၏။ သင်္ခါရာ၊ သင်္ခါရဟုဆိုအပ်ကုန်သောဖဿ, စေတနာ, အစရှိကုန်သော စေတသိက် ၅၀-တည်းဟူသော ပရမတ္ထသဘောတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဝါ၊ မြဲခြင်းမရှိကုန်။ ဝိပရိဏာမိနော၊ ဘောက်ပြန်ခြင်းရှိကုန်၏။ အညထာဘာဝိနော၊ တပါးသော အခြင်းအရာဖြင့် ဖြစ်ခြင်းရှိကုန်၏။ ဝိညာဏံ၊ သိတတ်သော ဝိညာဏ်ဟုဆိုအပ်သော ပရမတ္ထသဘောတရားသည်။ အနိစ္စံ၊ မမြဲ။ ဝါ၊ မြဲခြင်းမရှိ။ ဝိပရိဏာမီ၊ ဘောက်ပြန်ခြင်းရှိ၏။ အညထာဘာဝီ၊ တပါးသောအခြင်းအရာဖြင့် ဖြစ်ခြင်းရှိ၏။ ဤသို့ဟောတော်မူအပ်သော ဘုရားစကားတော်တို့တွင်။ ရူပံ- ဟူသောပုဒ်တို့ဖြင့်၊ ရုပ်ဟုဆိုအပ်သော ပရမတ္ထသဘောတရားကို သိစေအပ်၏။ ဝေဒနာ, သညာ, သင်္ခါရာ, ဟူသောပုဒ်တို့ဖြင့်၊ စေတသိက်ဟုဆိုအပ်သောပရမတ္ထသဘောတရားကို သိစေအပ်၏။ ဝိညာဏံဟူသော ပုဒ်ဖြင့်၊ စိတ်ဟု ဆိုအပ်သော ပရမတ္ထသဘောတရားကိုသိစေအပ်၏။ အနိစ္စံ ဝိပရိဏာမိ- ဟူသောပုဒ်တို့ဖြင့်၊ ထိုပရမတ္ထ သဘောတရားသည်သာလျှင် ဖြစ်သည်၏အဖြစ်ကို သိစေတော်မူအပ်၏။ ။ ဤသို့ဘုရားရှင်သည်၊ သိစေအပ်သည်ကို ထောက်၍၊ စိတ်, စေတသိက်, ရုပ်, ဟု ဆိုအပ်သော ပရမတ္ထ သဘောတရားသာလျှင်၊ စင်စစ် မမြဲတတ်, ဘောက်ပြန် တတ်သော သဘော

ရှိသည်၏ အဖြစ်ကိုသိကြလေ။ ။ထို စိတ်, စေတသိက်, ရုပ်, တည်းဟူသော သင်္ခတ ပရမတ္ထသဘောတရားတို့ ဘောက်ပြန်တတ်သော သဘောရှိလျှင်။ ၎င်းတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်သဘော နိဗ္ဗာန်သည်၊ စင်စစ်ဘောက်ပြန်ခြင်းမရှိသော သဘောသာလျှင် ဖြစ်သည်၏ အဖြစ်ကို ပညာရှင်တို့သိအပ်, မြင်အပ်,သည်သာတည်း။ ထိုသို့သိအပ်,မြင်အပ်,သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်-ဝိပဿနာကထာ၌။ ။ပဉ္စက္ခန္ဓေ ဝိပရိဏာမ ဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဝိပရိဏာမဓမ္မံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ ။ဟူ၍ မိန့်ဆိုအပ်သည်။ ။

မြန်မာပြန်ကား။ ပဉ္စ၊ ငါးပါးကုန်သော၊ ခန္ဓေ၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ, တို့ကို။ ဝိပရိဏာမ ဓမ္မတော။ ဇရာ,မရဏ,တို့ဖြင့် ဘောက်ပြန်တတ်သော သဘောအားဖြင့်။ပဿန္တော၊ဝိပဿန္တော၊ဝိပဿနာဉာဏ်ဖြင့်ရှုမြင်သောပုဂ္ဂိုလ်သည်။အနုလောမိကံ၊ လောကုတ္တရာ မဂ်အားလျော်သော။ ခန္တိံ၊တရားကို နှစ်သက်တတ်သော သဘောဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှုမရှိဘဲ၊ ကွယ်ပျောက်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ်သည်။ အဝိပရိဏာမဓမ္မံ၊ ဇရာ,မရဏ,တို့ဖြင့် မဘောက်မပြန်သောသဘောရှိသော။ နိဗ္ဗာနံ၊ မီးတဆဲ့တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဘောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုး

ပေးသောအားဖြင့် မြဲခြင်းသဘော ရှိသော လောကုတ္တရာမဂ်သို့။ ဩက္ကမတိ၊ သက်၏။ ။ဤသို့ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို ထောက်၍။ ပရမတ္ထဖြစ်သော စိတ်, စေတသိက်, ရုပ်, ဟု ဆိုအပ်သော ခန္ဓာငါးပါး တရားသည်သာလျှင်။ စင်စစ်ဘောက်ပြန်တဟ်သောကြောင့် ဝိပရိဏာမ ဓမ္မမည်သည်၏ အဖြစ်ကို, နိဗ္ဗာန်တည်းဟူသော အသင်္ခတဓာတ် သဘောသည် စင်စစ်ဇရာ, မရဏ,တို့ဖြင့် ဘောက်ပြန်မှုမရှိသည်၏ အဖြစ်ကြောင့်၊အဝိပရိဏာမဓမ္မမည်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ထိုသင်္ခတ, အသင်္ခတ, ပရမတ္ထ သဘောတရားတို့မှ လွတ်သောပညတ်တရားသည် များစွာရှိသော်လည်း။ ချုံး၍ ယူအပ်အပ်သည်ရှိသော်။ သမ္မူဟာပညတ်,အသမ္မူဟာပညတ်, နာမပညတ်, သုံးပါးသာရလေသည်။ ထိုသုံးပါးသော ပညတ်တရားသည်။ မူလကိုကပင် ထင်ရှားရှိသော တရားမဟုတ်။ ထိုကြောင့်၊ အဘိဓမ္မာ ဝတာရအဋ္ဌကထာရှင်သည်။ ။ယဒါ အဝိဇ္ဇာ မာနံ သမ္မူဟာသမ္မူဟာဘေဒံ နာမ မတ္တံ ဇောတယတိ-ဟူ၍ပြပေ၏။ ။ယဒါ၊အကြင်အခါ၌။ အဝိဇ္ဇာမာနံ၊ ထင်ရှားမရှိသော။ သမ္မူဟာသမ္မူဟာဘေဒံ၊ သမ္မူဟ အသမ္မူဟ, အပြားရှိသော အတ္တပညတ်ကိုလည်းကောင်း။ နာမမတ္တံ၊ အမည်နာမပညတ်ကိုလည်းကောင်း။ ဇောတယတိ၊ ထွန်းပြ၏။ ဟူ၍လာရှိသောပါဠ်တို့တွင်၊ သမ္မူဟာဟူသောပါဠ်ဖြင့်၊ ပရမတ္ထတရားတို့၏ စုဝေးသော အခြင်းအရာအာကာရ တည်းဟူသော အရှည်,အတို,စသောသမ္မူဟ ပညတ်ကိုသိစေအပ်၏။ အသမ္မူဟ ဟူသောပါဠ်ဖြင့်၊ ပရမတ္ထတရားတို့၏ စုဝေးသောအခြင်းအရာ မဟုတ်သော ဒိသာ,ကာလ,အာကာသ, အဘာဝ,စသော အသမ္မူဟပညတ်ကိုသိစေအပ်၏။ နာမမတ္တံ

ဟူသောပါဠိဖြင့်၊ အမည်နာမ ဝေါဟာရပညတ်ကို သိစေအပ်၏။ အဝိဇ္ဇာမာနံ ဟူသောပါဠိဖြင့်၊ ထိုပညတ်တရား ဟူသမျှသည် မူလကိုကပင် ထင်ရှားမရှိသောတရား၏အဖြစ်ကို သိစေအပ်၏။ ထို့ကြောင့် ပညတ်ဟူသမျှကို စင်စစ်ထင်ရှားမရှိသောတရားဟူ၍ သိကြလေ။ ။ထိုထင်ရှားမရှိသော ပညတ်တရားသည်။ အဘယ်မှာဘောက်ပြန်ပျက်စီးမှုရှိပါအံ့နည်း။ စင်စစ်မရှိသည် သာတည်း။ ထိုသို့ဘောက်ပြန်ပျက်စီးမှု မရှိခြင်းကြောင့် သာလျှင်။ ပညတ္တိ အနိစ္စာ၊ ဒုက္ခာ၊ ဝိပရိဏာမဓမ္မာဟူ၍ ပါဠိတော်, အဋ္ဌကထာ, တို့၌ မတွေ့မမြင်ကြရသည်ဟု မှတ်ကြလေ။ ထိုပြအပ်ပြီးသော စိတ်, စေတသိက်, ရုပ်, တည်း ဟူသော သင်္ခတပရမတ်၊ နိဗ္ဗာန်တည်းဟူသော အသင်္ခတ ပရမတ်, ပညတ္တိဓမ္မ၊ ဤတရားသုံးပါးတို့တွင်၊ စိတ်, စေတသိက်, ရုပ်, တည်းဟူသော သင်္ခတပရမတ်တို့သည်သာလျှင် စင်စစ်ဘောက်ပြန် ပျက်စီးတတ်သောကြောင့်၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ ဓမ္မ, ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းကြောင့်၊ ၎င်းပရမတ္ထ တရားတို့ကို သာလျှင်၊ ယောဂီပုဂ္ဂိုလ်တို့သည်၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမအားဖြင့် ရှုထိုက်ကုန်၏။ ထိုသို့ ရှုထိုက်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည်၊ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်အတ္တဒီပဝဂ်၌။

သဗ္ဗံရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မန္တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော၊ ဟူ၍ လည်းကောင်း။ သဗ္ဗာဝေဒနာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ဧဝမေတံယထာဘူတံ သမ္မပ္ပညာယ ပဿတော၊ ဟူ၍လည်းကောင်း။ သဗ္ဗာသညာ, အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ဧဝမေတံ ယထာဘူတံသမ္မပ္ပညာယ ပဿတော၊ ဟူ၍လည်းကောင်း။ သဗ္ဗေသင်္ခါရာ အနိစ္စာ

ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော၊ ဟူ၍လည်းကောင်း။ သဗ္ဗံဝိညာဏံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မန္တိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿာ တော၊ ဟူ၍လည်းကောင်း။ ဟောတော်မူအပ်သည်။

(မြန်မာပြန်ကား။ သဗ္ဗံ၊ အလုံးစုံသော။ ရူပံ၊ ရုပ်ဟု ခေါ်ဆို အပ်သော ပရမတ္ထသဘောတရားသည်။ အနိစ္စံ၊ ဖြစ်ပြီး၍ပျက်စီး ကွယ်ပျောက်တတ်သော သဘောကြောင့် အနိစ္စမည်၏။ ဒုက္ခံ၊ ဇရာ, မရဏ,တို့၏ အနှိပ်အစက်ကို ခံရခြင်းကြောင့် ဒုက္ခမည်၏။ ဝိပရိဏာမဓမ္မံ၊ ဇရာမရဏတို့ဖြင့် အမြဲဘောက်ပြန် တတ်သော ကြောင့် ဝိပရိဏာမဓမ္မ မည်၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤရုပ် ဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားကို။ ဧဝံ၊ ဤဆိုအပ်ပြီး သောနည်းဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မဘောက်မပြန် အမှန်ကို သိတတ်သောပညာဖြင့်။ ပဿတော၊ ရှုနေသောသူအား။ သဗ္ဗာ၊ အလုံးစုံသော။ ဝေဒနာ၊ ခံစား တတ်သော ဝေဒနာဟုဆိုအပ်သော ပရမတ္ထသဘောတရားသည်။ အနိစ္စာ၊ ဖြစ်ပြီး၍ ကွယ်ပျောက်တတ်သော သဘောကြောင့် အနိစ္စမည်၏။ ဒုက္ခာ၊ ဇရာ,မရဏ,တို့၏ အနှိပ်အစက်ကို ခံရခြင်း ကြောင့် ဒုက္ခမည်၏။ ဝိပရိဏာမဓမ္မာ၊ ဇရာ,မရဏ တို့ဖြင့် အမြဲ ဘောက်ပြန်တတ်သောကြောင့် ဝိပရိဏာမဓမ္မ မည်၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤဝေဒနာဟုဆိုအပ်သော ပရမတ္ထသဘောတရားကို။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ။ မဘောက်မပြန် အမှန်ကို သိသော ပညာဖြင့်။ ပဿတော၊ ရှုနေသောသူအား။ သဗ္ဗာ၊ အလုံးစုံသော။ သညာ၊ မှတ်တတ်သော သဘောသညာဟုဆိုအပ်သော ပရမတ္ထသဘော

တရားသည်။အနိစ္စာ၊ဖြစ်ပေါ်ပြီး၍ပျက်စီးကွယ်ပျောက်တတ်သော
သဘောကြောင့် အနိစ္စမည်၏။ ဒုက္ခာ၊ ဇရာ, မရဏ,တို့၏ အနှိပ်
အစက်ကို ခံရခြင်းကြောင့် ဒုက္ခမည်၏။ ဝိပရိဏာမ ဓမ္မာ၊ ဇရာ,
မရဏ, တို့ဖြင့် အမြဲဘောက်ပြန်တတ်သော သဘောကြောင့်
ဝိပရိဏာမ ဓမ္မမည်၏။ဣတိ၊ ဤသို့။ ဧတံ၊ ဤသညာဟု ဆိုအပ်
သော ပရမတ္ထသဘောတရားကို။ ဧဝံ၊ ဤဆိုအပ်သော နည်းဖြင့်။
ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။သမ္မပ္ပညာယ၊ မဖောက်မပြန်အမှန်
ကိုသိတတ်သော ပညာဖြင့်။ ပဿတော၊ ရှုမြင်နေသောသူအား။
သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ ဝေဒနာ, သညာ,မှ တပါး
ကုန်သော စေတသိက် ၅၀-ဟု ဆိုအပ်ကုန်သော သင်္ခါရက္ခန္ဓာ
တည်းဟူသော ပရမတ္ထတရားတို့သည်။ အနိစ္စာ၊ ဖြစ်ပေါ်ပြီး၍
ပျက်စီးကွယ်ပျောက်တတ်သော သဘောကြောင့်-အနိစ္စ မည်ကုန်
၏၊ဒုက္ခာ၊ဇရာ,မရဏ,တို့၏ အနှိပ်အစက်ကို ခံရခြင်းကြောင့် ဒုက္ခ
မည်၏။ ဝိပရိဏာမဓမ္မာ၊ ဇရာ, မရဏ, တို့ဖြင့် အမြဲဘောက်
ပြန်တတ်ကုန်သော သဘောကြောင့် ဝိပရိဏာမ ဓမ္မမည်ကုန်၏။
ဣတိ၊ ဤသို့။ ဧတံ၊ ဤသင်္ခါရက္ခန္ဓာဟု ဆိုအပ်သော ပရမတ္ထ
သဘောတရားကို။ ဧဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်၊ ယထာဘူ
တံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မဖောက်မပြန်အမှန်ကို သိ
သောပညာဖြင့်။ ပဿတော၊ ရှုနေသောသူအား။ သဗ္ဗံ၊ အလုံးစုံ
သော။ ဝိညာဏံ၊ သိတတ်သော ဝိညာဏ်ဟုဆိုအပ်သော ပရမတ္ထ
သဘောတရားသည်။ အနိစ္စံ၊ဖြစ်ပေါ်ပြီး၍ ပျက်စီးကွယ်ပျောက်
တတ်သောသဘောကြောင့် အနိစ္စမည်၏။ ဒုက္ခံ၊ ဇရာ,မရဏတို့၏
အနှိပ်အစက်ကို ခံရခြင်းကြောင့် ဒုက္ခမည်၏။ ဝိပရိဏာမဓမ္မံ၊ ဇရာ,
မရဏတို့ဖြင့် အမြဲဘောက်ပြန်တတ်သော သဘောကြောင့် ဝိပရိ

ဏာမဓမ္မမည်၏။ ဤတိ၊ ဤသို့။ ဇာနံ၊ ဤဝိညာဏ်ဟု ဆိုအပ်သော ပရမတ္ထသဘောတရားကို။ ဇဝံ၊ ဤသို့ဆိုအပ်သော နည်းဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မဘောက်မပြန် အမှန်ကို သိသောပညာဖြင့်။ ပဿတော၊ ရှုနေသောသူအား။ ။ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကိုထောက်၍။ စိတ်,စေတသိက်,ရုပ်,တည်းဟူသော သင်္ခတပရမတ် တရားတို့ကိုသာလျှင်၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ အားဖြင့်-ဝိပဿနာဉာဏ်ဖြင့် ရှုထိုက်သည်၏အဖြစ်ကို၊ ထင်ထင်လင်းလင်း သိကြလေ။

ထိုအနိစ္စ, ဒုက္ခ,ဝိပရိဏာမ,ဖြစ်သော စိတ်,စေတသိက်, ရုပ်, တည်းဟူသော ပရမတ္ထ သဘောတရားသည်သာလျှင်၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ခြင်းကြောင့်၊ ပစ္စုပ္ပန်တရားလည်းမည်၏။ ဖြစ်ပေါ်ပြီး၍ ဘောက်ပြန် ပျက်စီးချုပ်ကွယ် လေခြင်းကြောင့်၊ အတိတ်တရားလည်းမည်၏။ ထိုသို့မည်သည်၏ အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည်။ ဓမ္မသင်္ဂဏီ ပါဠိတော်၌။ ။ အတီတာဓမ္မာ၊ အနာဂတာဓမ္မာ၊ပစ္စုပ္ပန္နာဓမ္မာဟူ၍ ဟောတော်မူအပ်လေသည်။ ထိုအတိတ်,အနာဂတ်,ပစ္စုပ္ပန် ဖြစ်သော၊ စိတ်, စေတသိက်,ရုပ်,ဟုဆိုအပ်သော သင်္ခတပရမတ်မှ လွတ်နေသော နိဗ္ဗာန်, ပညတ်,တရားနှစ်ပါးသည်။ စင်စစ်အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ဆဲတရားလည်းမဟုတ် သောကြောင့်။ ပစ္စုပ္ပန်တရားမမည်။ ဖြစ်ပေါ်၍ ဘောက်ပြန်ပျက်စီး ချုပ်ကွယ် တတ်သော တရားမဟုတ်သောကြောင့်။ အတိတ်တရားလည်းမမည်။ နောင်အခါအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လတံ့သော တရားမဟုတ်သောကြောင့် အနာဂတ်တရားလည်းမမည်။ ထိုသို့ မမည်ခြင်းကြောင့်

အတိတ်ကို ဟောတော်မူအပ်ရာ၌၊ နိဗ္ဗာန်, ပညတ်, တရားနှစ်ပါး တို့တွင်၊ နိဗ္ဗာန်တရားကား ထင်ရှားရှိသော ပရမတ္ထတရားဖြစ်၏။ ထိုသို့ဖြစ်ခြင်းကြောင့်၊ ပရမတ်ကိုဝေဘန်၍ ဟောရာ၌ ပါရှိနေ၏။ ပညတ်တရားကား။ မူလကိုကပင် ပရမတ် တရားမျိုးကဲ့သို့၊ ထင်ရှားရှိသော တရားမဟုတ်သော ကြောင့်။ ပရမတ်ကို ဝေဘန်၍ ဟောရာ၌ မပါမရှိ။ အခါခပ်သိမ်းလွတ်ကင်းနေ၏။ ထိုဆိုအပ်ပြီးသော နိဗ္ဗာန်, ပညတ်, တရားနှစ်ပါးသည်။ ဖြစ်ဆဲ,ဖြစ်ပြီး, ဖြစ်လတံ့ မဟုတ်သောကြောင့်၊ ကာလသုံးပါးဖြင့် မဆိုအပ်သော တရားသာမည်၏။ ထိုသို့ မည်သည်၏ အဖြစ်ကို။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ခန္ဓဝိဘင်း- ပဉ္စာပုစ္ဆကအဖွင့်၌။ ။ပညတ္တိံ ဝါ နိဗ္ဗာနံဝါ ပစ္စဝေက္ခန္တဿ နဝတ္တဗ္ဗာရမ္မဏာ ဟူ၍ဖွင့်ဆိုအပ် လေသည်။ ။(မြန်မာပြန်ကား)။ နိဗ္ဗာနံဝါ၊ နိဗ္ဗာန်တရားကို လည်းကောင်း။ ပညတ္တိံဝါ၊ ပညတ်တရား ကိုလည်းကောင်း။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောသူအား ။နဝတ္တဗ္ဗာရမ္မဏာ၊ အတိတ်, အနာဂတ်,ပစ္စုပ္ပန်,ကာလသုံးပါးအားဖြင့် မဆိုအပ်သော အာရုံ ရှိကုန်သည်။ ဟောတိ၊ ဖြစ်ကုန်၏။ ဤသို့ဆိုအပ်သော အဋ္ဌကထာ ပါဠိတို့တွင် နဝတ္တဗ္ဗ ဟူသော ပါဠိကိုထောက်၍။ နိဗ္ဗာန်, ပညတ်, တရားတို့ကို၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အားဖြင့် မဆိုအပ်ရာသည်၏ အဖြစ်ကို သိကြလေ။ ထိုသို့ကာလ သုံးပါးအား ဖြင့် မဆိုအပ်သောကြောင့်။ နိဗ္ဗာန်,ပညတ်,တရား နှစ်ပါးသည် ကာလဝိမုတ်တရားမည်၏။ ထိုသို့မည်သည်၏အဖြစ်ကို ထင်ရှား သိစေလိုတော်မူသောကြောင့်။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း-အာ ရမ္မဏသင်္ဂဟ၌။ ကာလဝိမုတ္တဉ္စ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက် ၍လည်း၊ နိဗ္ဗာန်, ပညတ်,သည် ကာလဝိမုတ်မည်သည်၏အဖြစ်ကို

သိကြလေ။ ဤကျမ်းဖြင့်သာ သိအပ်သည်မဟုတ်သေး။ ဋီကာကျော်-အာရမဏာအဖွင့်၌။ ။ဝိနာသာဘာဝတော အတီတာဒိကာလဝသေန နဝတ္တဗ္ဗတ္တာနိဗ္ဗာနံ ပညတ္တိစ ကာလဝိမုတ္တံ နာမ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းသိအပ်၏။ ထိုမိန့်ဆိုအပ်သော ပါဠိတို့တွင်၊ ဝိနာသာဘာဝတော ဟူသောပါဌ်ဖြင့်၊ နိဗ္ဗာန်, ပညတ်,သည်၊ အခါခပ်သိမ်း ပျက်စီးမှုမရှိသည်၏ အဖြစ်ကိုပြ၏။ အတီတာဒိကာလဝသေန နဝတ္တဗ္ဗတ္တာ ဟူသော ပါဠိတို့ဖြင့်၊ ထိုနိဗ္ဗာန်ပညတ်တရားကို ကာလသုံးပါးဖြင့် မဆိုအပ်သည်၏ အဖြစ်ကို ပြဆိုအပ်၏။ နိဗ္ဗာနံပညတ္တိစ ကာလဝိမုတ္တံ နာမဟူသောပါဌ်ဖြင့်၊ နိဗ္ဗာန် ပညတ် တရားသည် ကာလဝိမုတ် တရားမည်သည်၏ အဖြစ်ကို ပြတော်မူအပ်၏။

ထိုသို့ ပြတော်မူအပ်သည်ကို ထောက်၍၊ နိဗ္ဗာန်, ပညတ်တရားသည်၊ စင်စစ်ပျက်စီးမှုလည်းမရှိ၊ အတိတ်,အနာဂတ် ပစ္စုပ္ပန်စသည်ဖြင့်လည်း မဆိုအပ်သော ကာလဝိမုတ်တရားသာဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုသို့သိကြလျှင်လည်း။ ၎င်းပညတ်တရားသည်။ အဘယ်မှာဘောက်ပြန်ပျက်စီးခြင်း ရှိပါအံ့နည်း။ စင်စစ်မရှိသည်သာလျှင်တည်း။ ထိုသို့မရှိသည်၏ အဖြစ်ကိုထင်ရှား သိစေလိုတော်မူသော ဘုရားရှင်သည်။ သင်္ဂါထာဝဂ္ဂဒေဝတာ သံယုတ်ပါဠိတော်၌။ ။ရူပံ ဇီယတိ မစ္စာနံ၊ နာမဂေါတ္တံ နဇီယတိ။ ဟူ၍ ဟောတော်မူအပ်၏။

(မြန်မာပြန်ကား)။ မစ္စာနံ၊ သတ္တဝါတို့၏။ ရူပံ၊ ရုပ်ဟုခေါ်အပ်သော ပရမတ္ထ တရားသည်။ ဇီယတိ၊ ဆွေးမြေ့ ဘောက်ပြန်ပျက်စီး၏။ နာမ၊ အမည်နာမ ဝေါဟာရပညတ်။ ဂေါတ္တံ၊ အနွယ်ဟုသိအပ်ခါမျှဖြစ်သောပညတ်သည်။ နဇီယတိ၊ မူလကိုကဖြစ်ပေါ်မှု

မရှိခြင်းကြောင့် ဆွေးမြေ့ဘောက်ပြန်ပျက်စီးမှုမရှိ။ ဤသို့ဟောတော်မူအပ်သောပါဠိတို့တွင်၊ နာမဟူသောပါဠိဖြင့်၊ အမည်နာမဝေါဟာရ ပညတ်ကို ပြအပ်၏။ ဂေါတ္တံ ဟူသော ပါဠိဖြင့် အမည်နာမ ဝေါဟာရပညတ်မှ လွတ်နေသော အနက်အားဖြင့် သိအပ်ခါမျှဖြစ်သောပညတ်တရားကို ပြအပ်၏။ နဇီယတိဟူသော ပါဠိဖြင့်၊ ပညတ်ဟူသမျှသည်၊ စင်စစ်ဆွေးမြေ့ ဘောက်ပြန်ပျက်စီးမှုမရှိသည်၏ အဖြစ်ကို ပြဆိုအပ်၏။ ထိုကြောင့် ပညတ်တရားကို ဘောက်ပြန်ပျက်စီးမှုမရှိသော တရားဟူ၍သိကြလေကုန်။

ဤမျှသော စကားအစဉ်ဖြင့်၊ သင်္ခတပရမတ္ထ သဘောတရားသာလျှင် ဘောက်ပြန်ပျက်စီးမှုရှိ၍၊ နိဗ္ဗာန်, ပညတ်, သဘော တရားကား။ ဘောက်ပြန်ပျက်စီးမှုမရှိသည်၏အဖြစ်ကို သိစေတတ်သောနည်းကို ပြဆိုမှုတရပ်ပြီး၏။

ထိုသင်္ခတ, အသင်္ခတ, ပညတ္တိ, တရားသုံးပါးတို့တွင် သင်္ခတဖြစ်သော စိတ်, စေတသိက်, ရုပ်, ပရမတ္ထတရား သုံးပါး တို့သည်။ အနိစ္စ, ဒုက္ခ, အနတ္တ, တရားမည်ကုန်၏။ နိဗ္ဗာန်, ပညတ်, မူကား။ ဘောက်ပြန် ပျက်စီးမှု မရှိသောကြောင့်။ အနိစ္စ, ဒုက္ခ, မမည်။ သတ္တဝါ, အသက်, မဟုတ်သောကြောင့် အနတ္တတရား သာလျှင် မည်လေ၏။ ထိုသို့မည်သည်၏ အဖြစ်ကိုလည်း၊ ဝိနည်းပရိဝါပါဠိတော်၌။ ။အနိစ္စာ သဗ္ဗသင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ၊ နိဗ္ဗာနဉ္စေဝ ပညတ္တိအနတ္တာ ဣတိ နိစ္ဆယာ၊ ဟူ၍ ဟောတော်မူအပ်လေသည်။ (မြန်မာပြန်ကား။)သင်္ခတာ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ပြုပြင်အပ်ကုန်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ၅၂, ရုပ် ၂၈-ဟု ဆိုအပ်ကုန်သော ပရမတ္ထတရားတို့သည်။အနိစ္စာစ၊ အနိစ္စတရားလည်းမည်ကုန်၏။ ဒုက္ခာစ၊

ဒုက္ခ တရား လည်းမည်ကုန်၏။ အနတ္တာစ၊ အနတ္တတရားလည်း မည်ကုန်၏။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်တရားကိုသာလျှင်လည်းကောင်း။ အနတ္တာဣတိ၊ အနတ္တတရားဟူ၍။ ပညတ္တိစ၊ ပညတ်တရားကို သာလျှင် လည်းကောင်း။ နိစ္ဆယာ၊ ဆုံးဖြတ် အပ်ကုန်၏။ ဝေ-သဒ္ဒါကား။ အနိစ္စ, ဒုက္ခ, ကိုဖြစ်စေ၏။ ဤသို့ဟောတော်မူ အပ်သော ပရိဝါပါဠိတော်ကိုထောက်၍၊ သင်္ခတဖြစ်သော စိတ်, စေတသိက်, ရုပ်, ပရမတ္ထတရားသုံးပါးတို့သည်။ အနိစ္စ, ဒုက္ခ, အနတ္တ, မည်သည်၏ အဖြစ်ကို နိဗ္ဗာန်, ပညတ်, တရားသည် ဘောက်ပြန် ပျက်စီးမှုမရှိခြင်းကြောင့်၊ အနိစ္စ, ဒုက္ခ, မမည် စင်စစ်အနတ္တတရား သာမည်၏ အဖြစ်ကိုသိကြလေ။

ထိုအနိစ္စ, ဒုက္ခ, အနတ္တတရား ဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်, ဟုဆိုအပ်ကုန်သော ပရမတ္ထသဘောတရား တို့ကိုသာလျှင်။ ယောဂါဝစရ ပုဂ္ဂိုလ်တို့သည်။ ဝိပဿနာဉာဏ်ဖြင့်။ အဘန် တလဲလဲသုံးသပ်ဆင်ခြင်ထိုက်ကုန်၏။ ထိုသို့အဘန်တလဲလဲ သုံးသပ် ဆင်ခြင်ထိုက်ကုန်ခြင်းကြောင့်၊ ၎င်းအနိစ္စ, ဒုက္ခ, အနတ္တ, ဖြစ်သော ပရမတ္ထသဘောတရားကို ဓါတ် ၁၈-ပါးအားဖြင့်။ ဝေဘန်၍ ဆင်ခြင်သုံးသပ်ပုံနည်းလမ်းကို ပြဆိုပေဦးအံ့။

ဓာတ်သည် ၁၈-ပါးရှိ၏။ ၁၈-ပါးဟူသည်ကား။စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓါတ်၊ သောတဓာတ်, သဒ္ဒဓာတ်, သော တဝိညာဏဓာတ်၊ ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ်, ရသဓာတ်, ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ်, ဖောဋ္ဌဗ္ဗ ဓာတ်, ကာယဝိညာဏဓာတ်၊ မနောဓာတ်, ဓမ္မဓာတ်, မနော-

ဝိညာဏဓါတ်ဟူသည်တည်း။ထို့ကြောင့်ဝိဘင်းပါဠိတော်၌။ ။ အဋ္ဌာရသဓာတုယော၊ စက္ခုဓာတု, ရူပဓာတု, စက္ခုဝိညာဏဓာတု၊ သောတဓာတု, သဒ္ဒဓာတု, သောတဝိညာဏဓာတု၊ ဃာနဓာတု, ဂန္ဓဓာတု, ဃာနဝိညာဏ ဓာတု၊ ဇိဝှါဓာတု, ရသဓာတု, ဇိဝှါဝိညာဏဓာတု၊ ကာယဓါတု, ဖေါဋ္ဌဗ္ဗဓာတု, ကာယဝိညာဏဓာတု၊ မနောဓာတု,ဓမ္မဓာတု, မနောဝိညာဏဓာတု၊ ဟူ၍ ဟောတော်မူလေသည်။ ။ဓာတုယော၊ ဓာတ်တို့သည်။ စက္ခုဓာတု၊ စက္ခုဓာတ်လည်းကောင်း၊ ရူပဓာတု၊ ရူပဓာတ်လည်းကောင်း။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်လည်းကောင်း။ သောတဓာတု၊ သောတဓာတ်လည်းကောင်း။ သဒ္ဒဓာတု၊ သဒ္ဒဓာတ်လည်းကောင်း။ သောတ ဝိညာဏဓာတု၊ သောတဝိညာဏဓာတ်လည်းကောင်း။ ဃာနဓာတု၊ ဃာနဓာတ်လည်းကောင်း။ ဂန္ဓဓာတု၊ ဂန္ဓဓာတ်လည်းကောင်း။ ဃာနဝိညာဏဓာတု ဃာနဝိညာဏဓာတ်လည်းကောင်း။ ဇိဝှါဓာတု၊ ဇိဝှါဓာတ်လည်းကောင်း။ ရသဓာတု၊ ရသဓာတ်လည်းကောင်း။ ဇိဝှါ ဝိညာဏာဓာတု၊ ဇိဝှါ ဝိညာဏဓာတ် လည်းကောင်း။ ကာယဓာတု၊ ကာယဓာတ် လည်း ကောင်း။ ဖေါဋ္ဌဗ္ဗဓာတု၊ ဖေါဋ္ဌဗ္ဗ ဓာတ် လည်းကောင်း။ ကာယဝိညာဏဓာတု၊ ကာယဝိညာဏ ဓာတ်လည်းကောင်း။ မနောဓာတု၊ မနောဓာတ်လည်းကောင်း။ ဓမ္မဓာတု၊ ဓမ္မဓာတ်လည်းကောင်း၊ မနောဝိညာဏဓာတု၊ မနောဝိညာဏဓါတ်လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌာရသ၊တဆဲ့ရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုတဆဲ့ရှစ်ပါးကုန်သောဓာတ်တို့တွင်၊စက္ခုဓာတ်ဆိုအပ်သည်မှာ၊မျက်စိ၌အကြည်သဘောကိုဆိုအပ်သည်။ရူပဓါတ်ဆိုအပ်သည်

မှာ၊ မဟာဘုတ်တို့ကို စွဲ၍ဖြစ်သော အရောင်အဆင်း သဘော
ကို ဆိုအပ်သည်။ စက္ခုဝိညာဏဓာတ် ဆိုအပ်သည်မှာ၊ စက္ခု
အကြည်ကိုမှီ၍ အဆင်းကိုသိတတ်သော စိတ်သဘောကို ဆိုအပ်
သည်။သောတဓာတ်ဆိုအပ်သည်မှာ နားအကြည်သဘောကို ဆို
အပ်သည်။ သဒ္ဒဓာတ်ဆိုအပ်သည်မှာ ကြားခြင်းသို့ ရောက်စေ
တတ်သော အသံသဘောကို ဆိုအပ်သည်။ သောတဝိညာဏ
ဓာတ်ဆိုအပ်သည်မှာ၊ သောတအကြည်ကိုမှီ၍ အသံကိုသိသော
စိတ်သဘောကိုဆိုအပ်သည်။ ဃာနဓာတ်ဆိုအပ်သည်မှာ၊ နှာ
ခေါင်း၌ အကြည်သဘောကို ဆိုအပ်သည်။ ဂန္ဓဓာတ်ဆိုအပ်သည်
မှာ၊ ဃာနအကြည်၌ ထိခိုက်ခြင်းသို့ ရောက်သော အနံ့သဘော
ကိုဆိုအပ်သည်။ ဃာနဝိညာဏဓာတ် ဆိုအပ်သည်မှာ၊ ဃာန
အကြည်ကို မှီ၍အနံ့ကိုသိတတ်သော စိတ်သဘောကို ဆိုအပ်
သည်။ ဇိဝှါဓာတ် ဆိုအပ်သည်မှာ လျှာ၌ အကြည်သဘော
ကိုဆိုအပ်သည်။ ရသဓာတ်ဆိုအပ်သည်မှာ လျှာအကြည်နှင့်ထိခိုက်
သော အချို့အချဉ် စသောအရသာသဘောကို ဆိုအပ်သည်။
ဇိဝှါဝိညာဏဓာတ်ဆိုအပ်သည်မှာ၊ဇိဝှါအကြည်ကိုမှီ၍အရသာကို
သိတတ်သော စိတ်သဘောကို ဆိုအပ်သည်။ ကာယဓာတ်
ဆိုအပ်သည်မှာ၊ တကိုယ်လုံး၌ တည်သော အကြည်သ
ဘောကို ဆိုအပ်သည်။ ဖောဋ္ဌဗ္ဗဓာတ် ဆိုအပ်သည်မှာ၊
၎င်းကာယအကြည်နှင့် ထိခိုက်တတ်သော အတွေ့
သဘောကို ဆိုအပ်သည်။ ကာယဝိညာဏဓာတ် ဆိုအပ်သည်မှာ။
ကာယအကြည်ကိုမှီ၍ ဖောဋ္ဌဗ္ဗအတွေ့ကို သိတတ်သော စိတ်
သဘောကိုဆိုအပ်သည်။မနောဓာတ်ဆိုအပ်သည်မှာ၊ပဉ္စဝိညာဏ်
တို့၏ ရှေ့အတို့ နောက်အတို့၌ ငါးပါးသော အာရုံတို့ကို၊ဆ

ခြင်တတ်, ခံယူတတ်သော မနောဓာတ်သုံးခု အသိသဘောကိုဆို အပ်သည်။ ဓမ္မဓာတ်ဆိုအပ်သည်မှာ၊ ကျန်သော ရုပ် ၁၆ ခုနှင့် ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, နိဗ္ဗာန် သဘောတရား အပေါင်းကို ဆိုအပ်သည်။ မနောဝိညာဏဓာတ်ဆိုအပ်သည်မှာ။ ထိုအာရုံခြောက်ပါးတို့ကို အာရုံပြု၍ သိတတ်သော ကုသိုလ်, အကုသိုလ်, အဗျာကတစိတ် ၇၆ ပါး သဘော အပေါင်းကိုဆို အပ်သည်။

## ဓါတ် ၁၈ - ပါး တို့၏ သဘောသက်သက်မျှသာ ဖြစ်ပုံကိုပြချက်။

အဘယ်ကြောင့် ၎င်းစက္ခုစသော ဓာတ် (၁၈) ပါး တို့ကို သဘောဟု ခေါ်ဆိုအပ်ပါသနည်းဟုမေးငြားအံ့။ ၎င်းဓာတ် (၁၈)ပါးသော အပေါင်းအစုတို့၌ မိန်းမ, ယောကျာ်း, ရသေ့, ပရိဗိုဇ်,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး,မရအပ်၊စင်စစ် အထည်,ဒြပ်,သဏ္ဌာန်,အားဖြင့် ရှာကြည့်သော်။ အဏုမြူမျှမရှိ ကြည်လင်ခြင်း, ပြခြင်း, စသောအစုတို့သာ ကေန်ဖြစ်ကြပေ၏။ ထို့ကြောင့် သဘောဟု ခေါ်ဆိုအပ်လေသည်။ ။၎င်းသဘော တို့သည် ကေန် ငါ,သူ,မဟုတ်သော သဘောမျှသာ ဖြစ်ကြောင်း ကို ထင်ရှားသိနိုင်ရန်မှာ စက္ခုအကြည်ကို ပုပု, ဝိုင်းဝိုင်း, တိုတို, ရှည်ရှည်,လောဟု ဉာဏ်ဖြင့် စူးစမ်း၍ မျက်စိကို မှိတ်ပြီးလျှင် ရှာ၍ကြည့်ကြလေ။ ထိုကဲ့သို့ရှာ၍ကြည့်လျှင်၊ သဲမှုန့်, မြူမှုန့် ငယ်တခုခန့်မျှမရှိ အယုတ်ဆုံးမြူမှုန့်ငယ်တခုကို ကုဋေ တသိန်း မက စိပ်၍ တစိပ်မျှမရှိ။ စင်စစ်သဘောမျှသာဖြစ်ပေ၏ဟု ဉာဏ် ဖြင့် သိအပ်၏။ ။ထိုနည်းအတူ။ စက္ခု၌ ထင်သော အဆင်း,

သိမြင်တတ်သော စက္ခုဝိညာဏ်, သဘောတို့ကိုလည်း တိုတို, ရှည်ရှည်လောဟု ရှာ၍ကြည့်၊ အဏုမြူမျှပြစရာမတွေ့ မမြင်လေပြီ။ ထိုအခါ စက္ခု၌ ထင်သောအဆင်းနှင့် အဆင်းကို သိမြင်ခြင်း သဘောမျှသာရှိသည်ဟု ဉာဏ်မျက်စိဖြင့် ထိုးထွင်းသိမြင်လေ၏။ ထိုနည်းအတူ သောတအကြည်, သဒ္ဒါရုံအသံ, ၎င်းအသံကို ကြား သိတတ်သော သောတ ဝိညာဏ,ဓာတ်တို့ကိုလည်း။ အဏုမြူမျှ ရှိပါ၏လောဟု ရှာ၍ကြည့်လေ။ ထိုကဲ့သို့ ကြည့်ကြလျှင် ရှေးနည်းအတိုင်းအဏုမြူမျှမရှိကြောင်း,သဘောမျှသာဖြစ်ကြောင်း, ကို၊ ကေန်ထင်ရှားသိကြလိမ့်မည်။

ဤနည်းကိုမှီ၍ ဃာနအကြည်,ဂန္ဓာရုံ အနံ့၊ ၎င်းအနံ့ကို သိတတ်သော ဃာနဝိညာဏ်၊ ဇိဝှါအကြည်, ရသာရုံ တည်းဟူသောရသ, ၎င်းရသကို သိတတ်သော ဇိဝှါဝိညာဏ်။ ကာယအကြည်, ဖောဋ္ဌဗ္ဗါရုံ အတွေ့, ၎င်းအတွေ့ကို သိတတ်သော ကာယဝိညာဏ်၊ယိုစီးခြင်း,ဖွဲ့စေးခြင်း, သဘော အာပေါ, မိန်းမဘဲဟု သိနိုင်ရန်အကြီးအကဲသဘော ဣတ္ထိန္ဒြေ, ယောကျ်ား ဘဲဟု သိနိုင်ရန် အကြီးအကဲ သဘော ပုရိသိန္ဒြေ၊ မနောဓာတ်, မနောဝိညာဏဓာတ်,တို့၏ တည်ရာသဘော ဟဒယဝတ္ထု၊ စောင့်ရှောက်ခြင်းသဘော ဇီဝိတိန္ဒြေ၊အဆီအစေးသဘော သြဇာ၊ရုပ်ကလာပ်တို့ကို ပိုင်းခြားခြင်းသဘော အာကာသ၊ ကိုယ်လှုပ်ခြင်းဖြင့် သိစေတတ်သော သဘော ကာယဝိညတ်၊ နှုတ်မြွက်ခြင်းဖြင့် သိစေတတ်သော သဘော ဝစီဝိညတ်၊ရုပ်တို့၏ ပေါ့ပါးခြင်းသဘော လဟုတာ၊ ရုပ်တို့၏ နူးညံ့ခြင်းသဘော မုဒုတာ၊ ရုပ်တို့၏ အမှု၌ ခန့်ခြင်းသဘော ကမ္မညတာ၊ ရုပ်တို့၏ ရှေးဦးစွာ ပေါ်လာခြင်း သဘောဇာတိ၊ဆက်လက်၍အစဉ်မပြတ်ဖြစ်ခြင်းသဘော သန္တတိ၊

ရုပ်တို့၏ ဆွေးမြေ့ရင့်ရော်ခြင်းသဘော ဇရတာ၊ ရုပ်တို့၏ ပျက်စီးခြင်းသဘော အနိစ္စတာ၊ ဤ ၁၆-ပါးသော ရုပ်တည်းဟူသော ဓမ္မဓာတ်တို့ကိုလည်း၊ အသီးအသီးတခုစီတခုစီပြုလုပ်၍ ရှည်ရှည်တိုတို စသည်ဖြင့် ရှာလေ၊ ထိုအခါအဏုမြူမျှမတွေ့ဘဲ သဘောမျှသာဖြစ်ကြောင်းကို စင်စစ်သိကြလိမ့်မည်။ ထိုနည်းအတူခံစားခြင်းသဘော ဝေဒနာ၊ မှတ်ခြင်း သဘော သညာ၊ အာရုံ၌တွေ့ခြင်းသဘော ဖဿ၊ စေ့ဆော်ပြုလုပ်ခြင်း သဘော စေတနာ၊ အာရုံ၌ မပြန့်မလွင့်ခြင်း သဘော ဧကဂ္ဂတာ၊ စောင့်ရှောက်ခြင်းသဘော ဇီဝိတိန္ဒြေ။ နှလုံးသွင်းခြင်းသဘော မနသိကာရ၊ အာရုံသို့ တင်ခြင်းသဘော ဝိတက်၊အာရုံ၌ ထပ်ခါထပ်ခါသုံးသပ်ခြင်းသဘော ဝိစာရ၊ဆုံးဖြတ်ခြင်းသဘော အဓိမောက္ခ၊အားထုတ်ခြင်းသဘောဝီရိယ၊နှစ်သက်ခြင်းသဘောပီတိ၊ ပြုလုပ်လိုခြင်း သဘော ဆန္ဒ၊ တွေဝေခြင်းသဘော မောဟ၊ မရှက်ခြင်းသဘော အဟိရိက၊ မလန့်ခြင်းသဘော အနောတ္တပ္ပ၊ပြန့်လွင့်ခြင်းသဘောဥဒ္ဓစ္စ၊ လိုချင်ခြင်းသဘော လောဘ၊ အမြင်မှားခြင်းသဘော ဒိဋ္ဌိ၊ ထောင်လွှားခြင်းသဘော မာန၊ ပြစ်မှားခြင်း သဘော ဒေါသ၊ ငြူစူခြင်းသဘော ဣဿာ၊ ဝန်တိုရှုံ့ဝှက်ခြင်းသဘော မစ္ဆရိယ၊ တစိုးရိမ်ရိမ်ပူပန်ခြင်းသဘော ကုက္ကုစ္စ၊ စိတ်၏ မခန့်ခြင်း, ပျင်းရိခြင်းသဘော ထိန၊ စေတသိက်၏မခန့်ခြင်း, ထိုင်းမှိုင်းငိုက်မြည်းခြင်းသဘော မိဒ္ဓ၊ ယုံမှားခြင်းသဘော ဝိစိကိစ္ဆာ။ ။သက်ဝင်ယုံကြည်ခြင်း သဘောသဒ္ဓါ၊ အောက်မေ့ခြင်းသဘော သတိ၊ ရှက်ခြင်းသဘော ဟိရိ၊ ထိတ်လန့်ခြင်းသဘော ဩတ္တပ္ပ၊ မလိုချင်ခြင်းသဘော အလောဘ၊ မပြစ်မှားခြင်းသဘော အဒေါသ၊ ထိုထိုအာရုံ၌, လျစ်လျူရှုခြင်း သဘောတတြမဇ္ဈတ္တတာ၊ စေတသိက်တို့

၏ ငြိမ်းခြင်းသဘော ကာယပဿဒ္ဓိ၊ စိတ်၏ ငြိမ်းခြင်းသဘော စိတ္တပဿဒ္ဓိ၊ စေတသိက်တို့၏ ပေါ့ပါးခြင်းသဘော ကာယလဟုတာ၊ စိတ်၏ပေါ့ပါးခြင်းသဘော စိတ္တလဟုတာ၊ စေတသိက်တို့၏ နူးညံ့ခြင်းသဘော ကာယမုဒုတာ၊ စိတ်၏ နူးညံ့ခြင်းသဘော စိတ္တမုဒုတာ၊ စေတသိက်တို့၏ ခန့်ခြင်း,ကောင်းခြင်း,သဘော ကာယ ကမ္မညတာ၊ စိတ်၏ ခန့်ခြင်း ကောင်းခြင်း သဘော စိတ္တ ကမ္မညတာ၊ စေတသိက်တို့၏ လေ့လာခြင်း သဘော ကာယ ပါဂုညတာ၊ စိတ်၏ လေ့လာခြင်း သဘော စိတ္တပါဂုညတာ၊ စေတသိက်တို့၏ ဖြောင့်မတ်ခြင်းသဘော ကာယုဇ္ဇုကတာ၊ စိတ်၏ဖြောင့် မတ်ခြင်းသဘော စိတ္တုဇ္ဇုကတာ။ ။ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်းသဘော သမ္မာဝါစာ၊ ကာယဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်းသဘော သမ္မာကမ္မန္တ၊ မှားသော အသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်းသဘော သမ္မာအာဇီဝ၊ သနားခြင်းသဘော ကရုဏာ၊ ဝမ်းမြောက်ခြင်းသဘော မုဒိတာ၊ ဟုတ်မှန်သော သဘော တရားတို့ကို ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့်သိခြင်းသဘောပညာ။ စိတ်, စေတသိက်, ရုပ်တို့မှ ကင်းလွတ်နေသော သဘော နိဗ္ဗာန်၊ ဤဆိုအပ်ပြီးခဲ့သော နာမ်တရားဖြစ်သော ဓမ္မာရုံတို့ကိုလည်း၊ အသီးအသီးတခုစီ တခုစီ, ပြုလုပ်၍ တိုတို ရှည်ရှည်, လောဟု ရှာကြည့်လျှင်၊ အကျုံမြူမျှမတွေ့မရှိဘဲ စင်စစ်သဘောမျှသာရှိကြောင်းကို ထင်ရှားစွာဉာဏ်ဖြင့် ထိုးထွင်း၍ သိကြလိမ့်မည်။

ထိုနောက်ကျန်သောမနောဓာတ်,မနောဝိညာဏဓာတ်ဟူသော အသိဉာဏ်သဘောတို့ကိုလည်း၊ တခုစီတခုစီ သဘောပေါ်အောင် ရှာလေ။ ထိုကဲ့သို့ရှာလျှင် တကိုယ်လုံး၌ အထည်ဒြပ်မရှိ သဘော

အစုမျှသာရှိကြောင်းကို ထင်လင်းမှုချထိုးထွင်းသိမြင် ကြပြီးလျှင် ဓာတ်သဘောတို့ကို ပိုင်ကြလေကုန်၏။

ထိုကဲ့သို့ သဘောတွေကို ပိုင်ကြပြီးနောက်၊ တဘန်ဆင်ခြင် စဉ်းစား၍ ကြည့်ရန်မှာ၊ မိမိခန္ဓာကိုယ် သူတပါး၏ ခန္ဓာကိုယ် တို့၌ တည်ရှိသော အဆင်းဓာတ်သဘောနှင့် အသံဓါတ်သဘော သည် တူ၏လောဟု စဉ်းစား၍ကြည့်လေ။ ထိုကဲ့သို့ ကြည့်လျှင် ကေန်မတူကြောင်းကို သိကြလေ၏။ ထိုကဲ့သို့သိအပ်သော မတူကြ သောသဘောတို့တွင် ဘယ်သဘောကို ငါ၊ သူ၊ ရသေ့၊ ပရိဗိုဇ်၊ ပုဂ္ဂိုလ်၊သတ္တဝါ ဟူ၍ တကယ်အဟုတ်ထင်မှတ် စွဲလန်းရန်ရှိအံ့နည်း နည်းဟု စဉ်းစားကြည့်လေ။ ထိုကဲ့သို့ကြည့်လျှင် ၎င်းသဘောတို့ တွင် ဘယ်သဘောမျှလည်း ငါ၊ သူ၊ ရသေ့၊ ပရိဗိုဇ်၊ သတ္တဝါ၊ အတ္တအစွဲ မိစ္ဆာအယူပျောက်၍ သဘောအစုသာဖြစ်နေမှုကို သိ မြင်တတ်သော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အမြင်သာဖြစ်၍ တည် လေ၏။ ထိုနည်းအတူ၊အသံနှင့် အနံ့သဘောမတူ၊အနံ့နှင့် အရ သာသဘောမတူ၊ အတွေ့နှင့် ဓမ္မာရုံသဘောမတူ၊ ဓမ္မာရုံသဘော တို့တွင်လည်း။ ယိုစီးခြင်း၊ ဖွဲ့စေးခြင်း၊ သဘောနှင့် မိန်းမအဖြစ်၊ ယောကျ်ားအဖြစ်ကို ပြတတ်သောသဘာဝရုပ်မတူ၊ ထိုရုပ်တို့နှင့် လည်းဟဒယဝတ္ထု, ဇီဝိတ, ဩဇာရုပ်တို့မတူ။ ၎င်းရုပ်တို့နှင့်လည်း အာကာသစသော ရုပ်တို့မတူ စသည်ဖြင့် အနိစ္စတာတိုင်အောင် တခုနှင့်တခုမတူမှုကို ထင်ရှားသိအောင် နှိုင်းယှဉ်ကြည့်လေ။

ထိုကဲ့သို့ ကြည့်ကြလျှင် စင်စစ်တခုနှင့် တခုမတူမှုကို မုချသိ ကြလေ၏။ ထိုကဲ့သို့မတူကြ ကွဲလွဲနေကြသော သဘောအစုတို့ တွင် အတယ်သဘောကို တကယ်အဟုတ် ငါ၊ သူ၊ ရသေ့၊ပရိဗိုဇ်၊

စသည်ဖြင့် စွဲလမ်းရမည်နည်းဟု စဉ်းစား၍ ကြည့်လေ။ထိုသို့ စဉ်းစား၍ကြည့်ကြလျှင်၊ စင်စစ်စွဲလမ်းရန်မရှိ သဘောအစုတွေ ဖြစ်နေမှုကို ထင်လင်းမှုချ သိကြလေ၏။

ထိုနည်းအတူ၊ခံစားခြင်းသဘောနှင့် မှတ်ခြင်း သဘောသည် တူ၏လောဟုကြည့်မတူ မှတ်ခြင်းသဘောနှင့် တွေ့ထိခြင်းသဘော ကားတူ၏လောဟုကြည့် မတူ-စသည်ဖြင့် ပညာစေတသိက် တိုင် အောင် ခွဲခြမ်းစိတ်ဖြာနိုင်းယှဉ်၍ကြည့်လေ။ ထိုကဲ့သို့ ကြည့်ကြ လျှင် တခုသဘောနှင့်တခု သဘောမတူ သဘောတခြားစီသာ ဖြစ်နေမှုကို တွေ့မြင်လေ၏။ ထိုကဲ့သို့ တခြားစီ ဖြစ်ကြသော သဘောတို့တွင် အဘယ်သဘောကို ငါ,သူ,ရသေ့,ပရိဗိုဇ်, ဟု တကယ်အဟုတ်ထင်မှတ်စွဲလမ်းရန်ရှိပါမည်နည်းဟု စဉ်းစား၍ ရှာ လေ၊ထိုသို့ရှာလျှင် စင်စစ် ငါ,သူ,ပျောက်၍ သဘောတွေသာ စုပေါင်းဖြစ်နေသည်ကို မြင်လေ၏။

ထိုသို့ မြင်လျှင် စင်စစ် ငါ,သူ,ခံစားသည်မဟုတ် ဝေဒနာ သဘောကသာ ခံစားသည်။ ငါ,သူ,မှတ်သည်မဟုတ် သညာ သဘောကသာမှတ်သည်။ ငါ,သူ,တွေ့သည်မဟုတ် ဖဿသဘော ကသာ တွေ့သည်။ ငါ,သူ,ပြုလုပ်သည်မဟုတ် စေတနာသဘော ကသာ စေ့ဆော်ပြုလုပ်သည်။ ငါ,သူ,တည်ကြည်သည် မဟုတ် အာရုံ၌ ဧကဂ္ဂတာ သဘောကသာ တည်ကြည်သည်။

ငါ,သူ,စောင့်ရှောက်သည်မဟုတ် ဇီဝိတိန္ဒြေ သဘောကသာ စောင့်ရှောက်သည်။ ငါ,သူ,နှလုံးသွင်းသည်မဟုတ် မနသိကာရ သဘောကသာ နှလုံးသွင်းသည်။ ငါ,သူ,ကြံစီ တင်ဆောင်သည် မဟုတ် ဝိတက်သဘောကသာ ကြံစီတင်ဆောင်သည်။ ငါ,သူ သုံးသပ်သည်မဟုတ် ဝိစာရသဘောကသာ သုံးသပ်သည်။ ငါ,သူ

ဆုံးဖြတ်သည်မဟုတ် အဓိမောက္ခသဘောကသာ ဆုံးဖြတ်သည်။ ငါ့သူ့ အားထုတ် သည်မဟုတ် ဝီရိယသဘောကသာ အားထုတ်သည်။ ငါ့သူ့ နှစ်သက်သည် မဟုတ် ပီတိသဘောကသာ နှစ်သက်သည်။ ငါ့သူ့ပြုလုပ်လိုသည်မဟုတ် ဆန္ဒသဘောကသာ ပြုလုပ်လိုသည်။ ငါ့သူ့တွေဝေသည်မဟုတ် မောဟသဘောကသာတွေဝေသည်။ ငါ့သူ့မရှက်သည်မဟုတ် အဟိရိကသဘောကသာ မရှက်သည်။ ငါ့သူ့ မထိတ်လန့်သည်မဟုတ် အနောတ္တပ္ပသဘောကသာမထိတ်လန့်သည်။ ငါ့သူ့ ပြန့်လွင့်သည် မဟုတ် ဥဒ္ဓစ္စသဘောကသာ ပြန့်လွင့်သည်။ ငါ့သူ့ လိုချင်သည် မဟုတ် လောဘသဘောကသာ လိုချင်သည်။ ငါ့သူ့ အမြင်မှားသည် မဟုတ် ဒိဋ္ဌိသဘောကသာ အမြင်မှားသည်။ ငါ့သူ့ထောင်လွှားသည်မဟုတ် မာနသဘောကသာ ထောင်လွှားသည်။ ငါ့သူ့ပြစ်မှားသည်မဟုတ် ဒေါသသဘောကသာ ပြစ်မှားသည်။ ငါ့သူ့ ငြူစူသည်မဟုတ် ဣဿာသဘောကသာ ငြူစူသည်။ ငါ့သူ့ဝန်တိုရှုံ့ဖွက်သည်မဟုတ် မစ္ဆရိယသဘောကသာ ဝန်တိုရှုံ့ဖွက်သည်။ ငါ့သူ့တစိုးရိမ်ရိမ်ပူပန်ရသည်မဟုတ် ကုက္ကုစ္စသဘောကသာ တစိုးရိမ်ရိမ်ပူပန်သည်။ ငါ့သူ့ပြင်းရိသည်မဟုတ် ထိနသဘောကသာ ပြင်းရိသည်။ ငါ့သူ့ ငိုက်မြည်းသည်မဟုတ် မိဒ္ဓ သဘောကသာ ငိုက်မြည်းသည်။ ငါ့သူ့ ယုံမှားသည်မဟုတ် ဝိစိကိစ္ဆာသဘောကသာ ယုံမှားသည်။ ငါ့သူ့ ကြည်ညိုသည် မဟုတ် သဒ္ဓါသဘောကသာ ကြည်ညိုသည်။ ငါ့သူ့အောက် မေ့သည် မဟုတ် သတိသဘောကသာ အောက်မေ့သည်။ ငါ့သူ့ရှက်သည်မဟုတ် ဟိရိသဘော ကသာရှက်သည်။ ငါ့သူ့ထိတ်လန့်သည် မဟုတ် ဩတ္တပ္ပသဘောကသာ ထိတ်လန့်သည်။ ငါ့သူ့မလိုချင်

သည်မဟုတ် အလောဘ သဘောကသာ မလိုချင်သည်။ ငါ,သူ, မပြစ်မှားသည်မဟုတ် အဒေါသ သဘောကသာ မပြစ်မှားသည်။ ငါ,သူ, ထိုထိုအာရုံ၌ လျစ်လျူရှုသည်မဟုတ် တတြမဇ္ဈတ္တတာ သဘောကသာ လျစ်လျူရှုသည်။ ငါ,သူ, ငြိမ်းသည်မဟုတ် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, သဘောနှစ်ခုကသာ ငြိမ်းသည်။ ငါ,သူ ပေါ့ပါးသည်မဟုတ် ကာယလဟုတာ, စိတ္တလဟုတာ, သဘောနှစ်ခုကသာပေါ့ပါးသည်။ ငါ,သူ,နူးညံ့သည်မဟုတ် ကာယမုဒုတာ, စိတ္တမုဒုတာ, သဘောနှစ်ခုကသာ နူးညံ့သည်။ ငါ,သူ,ခန့်သည်,ကောင်းသည်, မဟုတ် ကာယကမ္မညတာ, စိတ္တကမ္မညတာ, သဘောနှစ်ခုကသာ ခန့်သည် ကောင်းသည်။ ငါ,သူ, လေ့လာသည်မဟုတ် ကာယပါဂုညတာ,စိတ္တပါဂုညတာ, သဘောနှစ်ခုကသာ လေ့လာသည်။ ငါ,သူ, ဖြောင့်မတ်သည်မဟုတ် ကာယုဇ္ဇုကတာ, စိတ္တုဇ္ဇုကတာ, သဘောနှစ်ခုကသာ ဖြောင့်မတ်သည် ဝစီဒုစရိုက်တို့မှ ငါ,သူ,ကြဉ်ရှောင်သည်မဟုတ် သမ္မာဝါစာ သဘောကသာ ကြဉ်ရှောင်သည်။ ကာယဒုစရိုက်တို့မှ ငါ,သူ ကြဉ်ရှောင်သည် မဟုတ် သမ္မာကမ္မန္တသဘောကသာ ကြဉ်ရှောင်သည်။ မှားသော အသက်မွေးခြင်းမှ ငါ,သူ, ကြဉ်ရှောင်သည် မဟုတ် သမ္မာ အာဇီဝသဘောကသာ ကြဉ်ရှောင်သည်။

ငါ,သူ သနားသည်မဟုတ် ကရုဏာသဘောကသာ သနားသည်။ ငါ,သူ ဝမ်းမြောက်သည် မဟုတ် မုဒိတာ သဘောကသာ ဝမ်းမြောက်သည်။ ဟုတ်တိုင်းမှန်စွာ သဘောဘိုတို ငါ,သူ, ပိုင်းခြားသိသည်မဟုတ် ပညာသဘောကသာ ပိုင်းခြား သိသည်ဟု အဟုတ်အဟုတ်ထင်ပြီးလျှင် ငါ,သူ အစွဲအတ္တဒိဋ္ဌိဟူသမျှ ပျောက်လွင့်၍ အနတ္တသဘောကို ပိုင်းခြားသိသော သမ္မာဒိဋ္ဌိဉာဏ်တည်း

ဟူသော မဂ္ဂင်ဦသာ တည်လေ၏ဟုမှတ်လေ။ ။ထိုနည်းအတူ ရူပါရုံစသောဓာတ်တို့ကိုလည်း ငါ-သူပျောက်၍ အနတ္တသဘော ပေါ်အောင် အဘန်ဘန် စိတ်ဖြာဝေဘန်၍ ကြည့်ကြလေ။ ထိုသို့ ကြည့်ပြီးမှ တဘန်၊ စက္ခုစသည်တို့ကိုလည်း။ စက္ခုအကြည်နှင့် သောတအကြည်တူ၏လော။ သောတအကြည်နှင့် ဃာနအကြည် တူ၏လော၊ ဃာန အကြည်နှင့် ဇိဝှါအကြည်တူ၏လော၊ ဇိဝှါ အကြည်နှင့် ကာယအကြည်တူ၏လောဟု အသီးသီးစိတ်ဖြာ နှိုင်း ယှဉ်၍ ကြည့်ကြလေ။ ထိုကဲ့သို့ ကြည့်လျှင် တခုနှင့် တခု မတူ တခြားတပါးစီသာထင်မြင်ရလေ၏။ ထိုကဲ့သို့ ထင်မြင်ခဲ့သော် ၎င်းသဘောအကြည် ငါးခုတို့တွင် အဘယ်သဘောကို ငါ-သူ ခေါ်အပ်မည်နည်းဟု စဉ်းစားကြည့်ရှုကြလေ။ ထိုကဲ့သို့ ကြည့်ရှု ကြလျှင် စင်စစ် ငါ-သူ ခေါ်အပ်စရာဘာတခုမျှမရှိဘဲ၊ ထိုကဲ့သို့ ၎င်း ဓာတ်သဘော အစုတို့သာ တည်ရှိကြောင်းကို တရေး ရေးမြင်နေလေ၏။ ထိုအခါ ရသေ့ - ပရိဗိုဇ်၊ ငါ-သူ စသောအတ္တ အစွဲကင်းပျောက်လေ၏။ ထိုသို့ကင်းပျောက်လျှင် စင်စစ်ဓာတ် သဘောတွေကိုသာ ပိုင်းခြားသိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်ဦသာတည်လေ၏ ဟု မှတ်။

ထိုနောက်ဝိညာဏဓာတ်တို့ကိုလည်း ရှေးနည်းအတူနှိုင်းယှဉ်၍ ကြည့်ကြလေ။ကြည့်ပုံမှာ-မြင်သိနှင့် ကြားသိ တူ၏လော။ ကြား သိနှင့် နံသိတူ၏လော။ နံသိနှင့်လျက်သိတူ၏လော။ လျက်သိနှင့် တွေ့သိတူ၏လော။ တွေ့သိစသည်တို့နှင့် ဆင်ခြင်၊ ခံယူစိတ်ကူးကြံ စီ၍ သိကြကုန်သော မနောဓာတ် မနောဝိညာဏဓာတ် သဘော တို့တူကြ၏လောဟု မပြတ်မပြတ်နှိုင်းယှဉ်၍ ကြည့်ကြလေ။ ထိုကဲ့ သို့ကြည့်ကြလျှင် ၎င်းအသိ ဝိညာဏ်ဓာတ်တို့သည်လည်း။ တခု

နှင့်တခု မတူ ကွဲလွဲ ထူးခြား တမျိုးစီ ဖြစ်နေကြသည်ကိုသာ တရေးရေးမြင်ကြလေ၏။ ရသေ့ပရိဗိုဇ် ငါ သူစသောအတ္တအစွဲ ဒိဋ္ဌိဟူသမျှ ပျောက်လွင့်ကြ ပြီး လျှင်။ စင်စင် သ ဘော မျှ သာ တည်ရှိကြောင်းကို ပိုင်းခြားသိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်၌ တည်လေတော့သည်။ ထိုကဲ့သို့ တည်လျှင်ပင် စစ်စစ် ငါ သူ မရှိ သဘောမျှသာ ရှိသည်ဟု ဉာဏ်ဖြင့် မုချဆုံးဖြတ် ယူလေ၏။ ထိုသို့ယူသောအခါမှစ၍ ငါ သူ အတ္တ အစွဲလည်းပျောက်လေ၏။ ဓာတ်သဘောတည်းဟူသော နာမ် ရုပ်ကိုလည်း ပိုင်လေ၏ဟုမှတ်လေ။ ထိုသို့ငါသူ မရှိ၊နာမ် ရုပ် ဓာတ်သဘောသာရှိကြောင်းကိုလည်း။ ။ပရမတ္ထတော ဧကေကသ္မိံဓမ္မေ ဥပပရိက္ခိယမာနေ အသ္မိတိဝါအဟန္တိ ဝါတိ ဂါဟဿ ဝတ္ထုဘူတော သတ္တော နာမနတ္ထိ၊ ပရမတ္ထတောပန နာမရူပမတ္တမေဝ အတ္ထိ ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ- ဒိဋ္ဌိဝိသုဒ္ဓိ အခန်း၌ မိန့်ဆိုအပ်သည်ကို ထောက်လေ။ ။ဧကေကသ္မိံ၊ တခုတခုသော။ ဓမ္မေ၊ သဘော တရားကို။ဥပပရိက္ခိယမာနေ၊စူးစမ်းဆင်ခြင် ကြည့်ရှု လတ်သော်။ အသ္မိ၊ ငါဖြစ်ပေ၏။ ဣတိဝါ၊ ဤသို့လည်းကောင်း၊ အဟံ၊ ငါပင်တည်း။ ဣတိဝါ၊ ဤသို့လည်းကောင်း။ပရမတ္ထတော၊ မြတ်သော သဘောအားဖြင့်။ အတိဂါဟဿ၊ အလွန်သက်ဝင်စွဲလမ်း ယူငင်ခြင်း၏။ဝတ္ထုဘူတော။ဝတ္ထုဖြစ်၍ ဖြစ်သော။သတ္တောနာမ၊ သတ္တဝါမည်သည်။နတ္ထိ၊ မရှိ။ဤသို့လာသည်ကိုထောက်၍ ငါ-သူ- မိန်း-ယောကျ်ား ရသေ့ပရိဗိုဇ်၊ မုချမရှိသည်ကိုသိကြလေ။ ပန၊ မရှိသည်မှတပါး၊ ရှိသည်ကို ဆိုဦးအံ့။ ပရမတ္ထတော၊ မြတ်သော သဘောအားဖြင့်။ နာမရူပမတ္တမေဝ၊ နာမ်ဓာတ် ရုပ်ဓာတ်မျှ သည်သာလျှင်။ အတ္ထိ၊ ထင်ရှားကောန်ရှိပေ၏။

## ပရိညာ သုံးပါးကို ပြဆိုချက်

ဤသို့လာသည်ကိုထောက်၍ ငါ သူ မရှိ၊ နာမ်ဓာတ်ရုပ်ဓာတ် တည်းဟူသော ဓာတ်စုမျှသာ ကေန် တည်ရှိနေမှုကိုမှချသိလေ၏။ ထိုသို့ ဓာတ်တို့ကို ခွဲစိတ်စေဘန်လျက် ကြည့်ရှုကြလျှင်။ ငင်စစ် ငါသပျောက်၍ သဘောဓာတ်စုမျှသာ တည်ရှိမှုကို အောက်က ပြဆိုခဲ့သည့် အတိုင်း မှချ ထိုးထွင်းသိမြင်ကြလေ၏။ ထိုသို့ ထိုး ထွင်းသိမြင်သောဉာဏ်ကုပင် ဉာတပရိညာဏ်ဟု ခေါ်ဆိုအပ် သည်။ ။ထိုကြောင့်။ ။ရုပ္ပနလက္ခဏံရူပံ ဝေဒယိတလက္ခဏာ ဝေဒနာတိ ဧဝံတေသံတေသံဓမ္မာနံ ပစ္စတ္တလက္ခဏာ သလ္လက္ခဏ ဝသေန ပဝတ္တာပညာ ဉာတပရိညာနာမ ဟူ၍ မဂ္ဂါမဂ္ဂညာဏ ဒဿန ဝိသုဒ္ဓိအဖွင့်၌ မိန့်ဆိုလေသည်။ ။ရူပံ၊ ရုပ်သည်။ ရုပ္ပန လက္ခဏံ၊ဖောက်ပြန်ပျက်စီးခြင်းသဘောလက္ခဏာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ဝေဒယိတ လက္ခဏာ၊ ခံစားခြင်းသဘောလက္ခဏာ ရှိ၏။ ဣတိဧဝံ၊ ဤသို့၊ တေသံတေသံ ဓမ္မာနံ၊ ထိုထိုကုန်သော သဘော တရားတို့၏။ ပစ္စတ္တလက္ခဏာ၊ အသီး,အသီး, သော လက္ခဏာတို့ကို။ သလ္လက္ခဏဝသေန၊ ကောင်းစွာ မှတ်အပ်ကုန် သည်တို့၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ပညာသည်။ ဉာတပရိညာနာမ၊ ဉာတပရိညာမည်၏။ ဤသို့ လာသည်ကို ထောက်၍ ဉာတပရိညာကို သိလေ။

ထိုကဲ့သို့သဘောရှိသော ဉာတပရိညာဖြင့် သဘော တွေကို ပိုင်းခြားလျက် ထိုးထွင်းသိမြင်ပြီးသော ယောဂီပုဂ္ဂိုလ် တို့သည်။ တီရဏပရိညာသို့ ရောက်အောင်။ ၎င်းဓာတ် ၁၈-ပါးတို့ကို အာရုံ, အာရမ္မဏိက ဝတ္ထုတို့ကိုမှတ်၍၊ မပြတ် လက္ခဏာရေး သုံးပါးကို တင်လျက်ရှုရာ၏။ ရူပံမှာ၊ ရူပါရုံတည်းဟူသော အဆင်းဓာတ်

သည်၊ စက္ခုဝိညာဏ်တည်းဟူသောမြင်သိသဘော၏ ကျက်စားရာ အာရုံပင်တည်း။ မျက်စိအကြည်တည်းဟူသော စက္ခုဓာတ်သည်၊ စက္ခုဝိညာဏဓါတ်၏ တည်ရာဝတ္ထုပေတည်း။ထိုနည်းအတူ အသံတည်း ဟူ သော-သဒ္ဒဓာတ် သည် ကြား သိ သ ဘော သော တဝိညာဏ်၏ ကျက်စားရာ အာရုံပင်တည်း။သောတဓာတ်အကြည်သည်၊ သောတဝိညာဏ်ဓာတ်၏ တည်ရာဝတ္ထုပင်တည်း။ အနံ့သဘောတည်းဟူသော ဂန္ဓဓာတ်သည်။ အနံ့ကို သိတတ်သော သဘော ဃာနဝိညာဏ်၏ ကျက်စားရာ အာရုံပင်တည်း၊ ဃာနဓာတ် အကြည်သည်၊ ဃာနဝိညာဏ်ဓာတ်၏ တည်ရာဝတ္ထုပင်တည်း။အရသာတည်းဟူသော ရသဓာတ်သည်၊ရသာရုံကိုသိတတ်သောသဘောဇိဝှါဝိညာဏ်ဓာတ်၏ ကျက်စားရာအာရုံပင်တည်း။ ဇိဝှါအကြည်ဓာတ်သည်၊ ၎င်းဇိဝှါဝိညာဏ်၏ တည်ရာဝတ္ထုပင်တည်း။ တွေ့အပ်သောသဘော ဖေါဋ္ဌဗ္ဗဓာတ်သည်၊ ၎င်းအတွေ့ကို သိတတ်သော ကာယဝိညာဏ်ဓာတ်၏ ကျက်စားရာ အာရုံပင်တည်း။ ကာယအကြည်ဓာတ်သည်၊ ယာယဝိညာဏ် ဓာတ်၏ တည်ရာဝတ္ထုပင်တည်း။ ၎င်းအာရုံငါးပါးမှ ကြွင်းကျန်သော သဘောအစုဓမ္မာရုံသည်၊ မနောဝိညာဏ်ဓာတ်၏ ကျက်စားရာ အာရုံပင်တည်း။ မနောဓာတ်သည်၊ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့၏ ရှေ့အဘို့ နောက်အဘို့၌ ဖြစ်လျက်၊ အာရုံကို သိခြင်းသဘောမျှသာတည်း။ ၎င်းမနောဓာတ်မနောဝိညာဏဓာတ်တို့ သည်၊ ဟဒယဝတ္ထုကိုမှီ၍ တည်ကုန်၏။ ဤသို့လျှင် တည်ရာဝတ္ထုအာရုံကို မှတ်သားပြီးလျှင်၊ ဆိုလတံ့သောနည်းဖြင့်၊ လက္ခဏာရေးသုံးပါးကိုတင်၍ သုံးသပ်ပြီးလျှင်၊ သမ္မသနဉာဏ်စသည်တို့ကို၊ အစဉ်အတိုင်းပြီးစေရာ၏။

## သမ္မသနဉာဏ်ကို ပြဆိုချက်

သုံးသပ်ပုံမှာ။ ရူပါရုံအဆင်းဓာတ်နှင့် စက္ခုအကြည်ဓာတ်တို့ ထိခိုက်တိုင်း, ထိခိုက်တိုင်း, မြင်ရ၍သိတတ်သော စက္ခုဝိညာဏ်ဓာတ်တို့သည်၊ တဖွါးဖွါးဖြစ်ပေါ်ကုန်လျက်၊ ပျက်စီးကွယ်ချုပ်ကြလေ၏။ ဥပမာ၊ မီးခတ်တန်ဖြင့်၊ မီးခတ်ကျောက်ကို ထိခိုက်လိုက်လျှင်၊ မီးဖွါးကလေးတွေပေါ်လာပြီးလျှင်၊ ကွယ်ချုပ်ကြသကဲ့သို့၊ ထိုနည်းအတူ၊ ရူပါရုံအဆင်းနှင့် စက္ခုအကြည်ဓာတ်တို့ ထိခိုက်တိုင်း,ထိခိုက်တိုင်း, စက္ခုဝိညာဏ် တည်းဟူသော အသိသဘောတို့တဖွါးဖွါးပေါ်လာကုန်ပြီးလျှင်၊ ကွယ်ချုပ်, ကွယ်ချုပ်,ကြသည်ကိုထင်ရှားသိကြလေ။ တခဏ,တခဏ,၌ပင် မရေမတွက်နိုင်အောင် ဖြစ်,ချုပ်, လေကုန်၏ဟု မှတ်။ ထိုနည်းအတူ အသံ တည်းဟူသော သဒ္ဒဓာတ်နှင့် သောတအကြည် ဓာတ်တို့ ထိခိုက်တိုင်း,ထိခိုက်တိုင်း, သောတဝိညာဏ်အသိသဘောတို့သည် မရေမတွက်နိုင်အောင်ပင်၊ ခဏ,ခဏ,ဖြစ်,ချုပ်, ကြကုန်သည်။ ဂန္ဓာရုံ အနံ့သဘောနှင့် ဃာနအကြည်ဓာတ်တို့ ထိခိုက်တိုင်း, ထိခိုက်တိုင်း, ဃာနဝိညာဏ် အသိသဘောတို့သည်၊ တဖွါးဖွါး မရေမတွက်နိုင်အောင်ပင် ခဏ,ခဏ,ဖြစ်,ချုပ်,ကြကုန်သည်။ အရသာတည်းဟူသော ရသဓာတ်နှင့် ဇိဝှါအကြည်တို့ ထိခိုက်တိုင်း, ထိခိုက်တိုင်း, ဇိဝှါဝိညာဏ် အသိသဘောတို့သည်၊ တဖွါးဖွါးမရေမတွက် နိုင်အောင်ပင်၊ ခဏ, ခဏ, မရပ်မစဲ တသဲသဲ ဖြစ်,ချုပ်, ကြကုန်သည်။ တွေ့ထိအပ်သော သဘောဓာတ်တည်း ဟူသော ဖေါ္ဋဗ္ဗာရုံနှင့် ကာယအကြည်ဓာတ်တို့ ထိခိုက်တိုင်း, ထိခိုက်တိုင်း, ကာယဝိညာဏ် အသိသဘောတို့သည်၊ တဖွားဖွား မရေမတွက်

နိုင်အောင်ပင်၊ ခဏ, ခဏ, မရပ်မစဲ တသဲသဲ ဖြစ်ချုပ်ကြကုန်သည်။ ဓမ္မာရုံသဘောတို့နှင့် ဘဝင်စိတ် မနောအကြည်ဓာတ်တို့၊ ထိခိုက်တိုင်း, ထိခိုက်တိုင်း, ၎င်းဓမ္မာရုံကို သိတတ်သော မနောဝိညာဏ်ဓာတ်တို့သည်လည်း တဖွားဖွား မရေမတွက် နိုင်အောင်ပင် ခဏ,ခဏ, မရပ်မစဲ, တသဲသဲ, ဖြစ်,ချုပ် ကြသည်တို့ကို မပြတ်, မပြတ်, စဉ်းစား၍ ကြည့်လေ။ ထိုကဲ့သို့ စဉ်းစားကြည့်ရှုလျှင်၊ မရပ်မစဲ, တသဲသဲ, ဒွါရခြောက်ပါး၌၊ လှည့်ခါ, လှည့်ခါ, ပေါ်လာကြပြီးလျှင်၊ ကွယ်ချုပ်ပျောက် ကြသည်ကိုသာ၊ တရေးရေးမြင်ကြလတံ့။ ထိုကဲ့သို့ အပျက်တွေကို တရေးရေးတွေ့မြင်လျှင်ပင် အနိစ္စကို တင်မြင်သည်မည်၏။ ။ထိုနောက် တဘန် စဉ်းစားရန်မှာ၊ ထိုကဲ့သို့ မရပ်မစဲ, တသဲသဲ ပျက်စီးရာ၌ သက်သာခွင့်ကို ရနိုင်မည်လောဟု စဉ်းစားကြည့်ရှုလေ။ ထိုကဲ့သို့ ကြည့်ရှုလျှင်၊ စင်စစ် သက်သာခွင့်မရှိမှုကိုသာ တွေ့မြင်ရလေ၏။ တွေ့မြင်ရပုံမှာ၊ အကြင်သူတယောက်ကို ရန်သူတယောက်က ထားလက်နက်ဖြင့် စောင့်ဆိုင်းလျက်၊ ပေါ်လာတိုင်း, ပေါ်လာတိုင်း ထားဖြင့်ခုတ်လေအံ့၊ ထိုသူသည် ထိုနေရာ၌ ပေါ်လာဝံ့စရာ ကေန် မရှိလေပြီ။ ထိုနည်းအတူ၊ ငါ,သူ့,ရသေ့, ပရိဗိုဇ်, ထင်မှတ်လျက်များစွာ ဆည်းဘူးခဲ့ခြင်းကြောင့်သာ၊ ၎င်းဓာတ်သဘောတို့သည်၊ ကေန်ဖြစ်ပေါ်လာကြကုန်၏။ထိုဖြစ်ပေါ်လာကုန်သော၊ အသိဉာဏ်စသော ဓာတ်အစုတို့သည်လည်း၊ ထားလက်နက်ဖြင့် ခုတ်ဖြတ်သည်ထက်မက၊ ပျက်စီး, ပျက်စီး ၍သာ သွားကြလေကုန်သည်တို့ကို၊ တကယ်အဟုတ် ကြည့်ရှု၍မြင်လျှင် အဘယ်မှာ သက်သာခွင့်ကို ရနိုင်အံ့နည်း။ စင်စစ်သက်သာခွင့်ကို မရဘဲ၊ ကေန်အပူတုံး အပူခဲ ဖြစ်မှုကိုသာ တရေးရေးတွေ့မြင် ထင်လေတော့သည်မှတ်။

ထိုကဲ့သို့အပူဘောကို ထင်မြင်သောအခါ ဒုက္ခအပူကို ထင်မြင်သည် မည်၏။

ထိုကဲ့သို့ ပျက်စီးပူလောင်သော သဘောတို့ကို၊ စင်စစ်၊ ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါဟုစွဲလမ်းယူငင်ရန် ကောင်း ရှိမည်လောဟု တဘန်တွေးတောဆင်ခြင် ရှုကြည့်ခလေ။ ထိုကဲ့သို့ ကြည့်ရှုလျှင်၊ စင်စစ်၊ ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိမှုကို မုချသိကြလေ၏။ ထိုကဲ့သို့ သိတိုင်း၊ သိတိုင်း၊ ငါ၊ သူ၊ မဟုတ်ပါတကား၊ ငါ၊ သူ၊ မဟုတ်ပါ တကားဟု အဘန်ဘန် ရှုကြည့်လျှင်၊ စင်စစ်၊ ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစွဲ အတ္တဒိဋ္ဌိပျောက်၍ အနတ္တသဘောသာ ထင်မြင်ကြလေတော့ သည်။ ထိုအခါ အနတ္တကို ထင်မြင်သည်မည်၏။

ထိုကဲ့သို့ထင်မြင်၍ ငါ၊ သူ၊ မဟုတ်၊ ပျက်စီး၊ ပူလောင်သော တရားတွေပါ တကားဟု ရှုလေလေ၊ ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပျောက်လေလေသာဖြစ်၏။ ထိုသို့ ကင်းပျောက်လေလေ၊ ဟုတ် တိုင်းမှန်စွာ အနတ္တသဘောကို မြင်တတ်သော သမ္မာဒိဋ္ဌိဉာဏ် ဖြစ်လေလေသာဖြစ်၍။ ထိုကဲ့သို့ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်လေလေ၊ အဝိဇ္ဇာ၊ တဏှာတို့ ကင်းပျောက်လေလေသာဖြစ်၏။ ထိုအဝိဇ္ဇာ၊ တဏှာတို့ ကင်းပျောက်တိုင်း၊ ကင်းပျောက်တိုင်း၊ မိစ္ဆာသင်္ကပ္ပ စသည် တို့သည်လည်းမရှိ၊ ကင်းလေရကား၊ ၎င်းမိစ္ဆာသင်္ကပ္ပ စသည်တို့ကို ကင်းစေတတ်သော သမ္မာသင်္ကပ္ပစသော၊ ကျန်မဂ္ဂင် တရားတို့လည်း တပြိုင်နက် တချက်တည်း၊ ၎င်းသမ္မာဒိဋ္ဌိဉာဏ် နောက်သို့လိုက်၍ တလုံးတစည်းတည်း အတွင်း ပါဝင်လေတော့

သည်ဟုမှတ်၊ ထိုကဲ့သို့ တလုံးတစည်းတည်းဖွဲ့၍ ဖြစ်ပေါ်ကြသော မဂ္ဂင်ငါးပါးကို လောကီမဂ္ဂင်ဟုခေါ်အပ်သည်။ ထိုကဲ့သို့သမ္မာဒိဋ္ဌိစသောလောကီမဂ္ဂင် ငါးပါးဖြင့်၊ မပြတ်မလပ် ဧနူရော, ညဥ့်ပါ, အားထုတ်၍၊ဆိုခဲ့ပြီးသောနည်းအတိုင်း သုံးသပ်လေလေ၊ ငါ,သူ, အတ္တအစွဲပျောက်ကင်းလျက် မရပ်မစဲတသဲသဲပူလောင်ရသည့်တို့ကို သာ တရေးရေး တွေ့မြင်လေလေသာဖြစ်၏။ ထိုကဲ့သို့တွေ့မြင်လေလေ။ အဘန်ဘန်သုံးသပ်ခြင်း အားရှိလေလေသာဖြစ်၏။ ထိုကဲ့သို့ အဘန်ဘန်သုံးသပ်လတ်၍ ဥာ-ဘုံတွင်း၌ ဖြစ်ပြီးဖြစ်ဆဲဖြစ်လတံ့သော ဇင်းခါတ်အစုတို့ကို၊ စင်စစ်ငါ, သူမဟုတ် မရပ်မစဲ ပျက်စီး, ပူလောင်, နေရသော ခါတ်သဘောစုသာ ကေန်ဖြစ်ပေ၏ဟု ပိုင်းခြားမှတ်သားခြင်းသို့ ရောက်လေ၏။ ထိုကဲ့သို့ အနိစ္စစသည်ဖြင့် ပိုင်းခြားမှတ်သားတတ်သောဉာဏ်ကို၊ သမ္မသနဉာဏ်ဟု ခေါ်အပ်လေသည်။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ ။အ တီ တာ နာ ဂ တ ပစ္စုပ္ပန္နာနံ ဓမ္မာနံ သံခိပိတွာ ဝဝတ္ထာနေပညာ သမ္မသနေဉာဏံ။ ပ။ သ ဗ္ဗံ ရူပံ အ နိစ္စတော ဝဝတ္ထေတိ၊ ဧကံသမ္မသနံ၊ ဒုက္ခတော ဝဝတ္ထေတိ၊ ဧကံသမ္မသနံ၊ အနတ္တတော ဝဝတ္ထေတိ၊ ဧကံသမ္မသနံ။ ။စသည်ဖြင့် များစွာအကျယ်ပြဆိုလေသည်။ အလိုရှိကြလျှင်၊ ဇင်းပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ယူလေ။ ထို့ပြင်-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သမ္မသနဉာဏ်အခဏ်း၌လည်း ကြည့်ယူကြလေ။ ဤကျမ်း၌ကား သိသာရုံ အကျဉ်းမျှသာ ရေးလိုက်သည်။

သမ္မသနဉာဏ်ပြီး၏။

## ဥဒယဗ္ဗယဉာဏ်ကို ပြဆိုချက်။

ထိုကဲ့သို့ သမ္မသနဉာဏ်ဖြင့် အဘန်ဘန် သုံးသပ်လတ်သော်၊ ၎င်းအသိဝိညာဏ်စသော ဓာတ်သဘောတို့သည် မရပ်မစဲ တသဲသဲ ဖြစ်,ပျက်, ကြကုန်သည်ကိုသာ တရေးရေးမြင်ရလေ၏။ ဥပမာ။ ဖြစ်ပေါ်လာသမျှသော ဆီးနှင်းတို့သည်။ နေထွက်ပေါ်လာသောအခါ၊ အလွန်လျင်မြန်စွာ ကွယ်ကြလေကုန်သကဲ့သို့လည်းကောင်း။ မိုးရွာသောအခါ ချောင်း,မြောင်း, မြစ်,သမုဒ္ဒရာ, အပြင်၌ ကျရောက်သော ရေပေါက်,ရေပွန်,တို့သည်၊ မရပ်မစဲ ချုပ်ကြလေကုန်သကဲ့သို့လည်းကောင်း။ ထို့အတူ ဖြစ်ပေါ်လာသမျှ ဝိညာဏ်စသော အသိသဘော ဓာတ်စု ဓာတ်အပေါင်းတို့သည်။ မရပ်မစဲ တသဲသဲဖြစ်,ပျက်, ကြသည်ကိုသာ တရေးရေး တွေ့မြင်လေ၏။ ထိုအခါဥဒယဗ္ဗယဉာဏ်ဖြစ်လေပြီဟု မှတ်လေ။ ထိုကဲ့သို့ ဥဒယဗ္ဗယဉာဏ်ဖြစ်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်တို့သည်။ ၎င်းဥဒယဗ္ဗယဉာဏ်ကိုပင် အဘန်ဘန်လေ့လာပွားများအပ်၏။ ထိုကဲ့သို့ ပွားများလေလေ၊ အနိစ္စသဘော,ဒုက္ခသဘော, အနတ္တသဘော,တို့ကို များစွာထင်မြင်လေလေသာ ဖြစ်လေ၏။ ထိုကဲ့သို့ ထင်မြင်သော ဉာဏ်ကို၊ တီရဏပရိညာဟု ခေါ်အပ်သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။ရူပံအနိစ္စံ၊ ဝေဒနာအနိစ္စာတိ အာဒိနာနယေန တေသံယေဝ ဓမ္မာနံ သာမည လက္ခဏံ အာရောပေတွာ ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာ ပညာ တီရဏပရိညာနာမ၊ ဟု မိန့်ဆိုလေပြီ။ မြန်မာပြန်ကား။ ရူပံ၊ ဘောက်ပြန်ပျက်စီးတတ်သော ရုပ်သဘောသည်။ အနိစ္စံ၊ အမြဲမရှိ မရပ်မစဲ တသဲသဲ ပျက်စီးနေ၏။ ဝေဒနာ၊ ခံစားတတ်

သော ဝေဒနာသည်။အနိစ္စာ၊ အမြဲမရှိ မရပ်မစဲတသဲသဲပျက်စီးနေ၏။ ဣတိအာဒိနာနယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ တေသံ ခမ္မာနံ၊ ထိုခါတ်သဘောတို့အားသာလျှင်။ သာမညလက္ခဏံ၊ အနိစ္စစသော သာမညလက္ခဏာကို။ အာရောပေတွာ၊ တင်၍။ ပဝတ္တာ၊ ဖြစ်သော။ လက္ခဏာရမ္မဏိကဝိပဿနာပညာ၊ လက္ခဏာ ရမ္မဏိက ဝိပဿနာပညာသည်။ တီရဏပရိညာနာမ၊ တီရဏ ပရိညာမည်၏။ ထိုတီရဏပရိညာသည် သစ္စာနုလောမဉာဏ်တိုင်အောင်ဖြစ်လေ၏။ ဖြစ်မှုကိုလည်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ပရိညာ အခဏ်းတွင်ရှိလေ၏။ ဥဒယဗ္ဗယဉာဏ်ပြီး၏။

## ဘင်္ဂဉာဏ်ကိုပြဆိုချက်။

ထိုဥဒယဗ္ဗယ ဉာဏ်ကို ရပြီးသောယောဂါဝစရ ပုဂ္ဂိုလ်သည်။ အဘန်ဘန်၊ ၎င်းဥဒယဗ္ဗယဉာဏ်ကိုပင်၊ လေ့လာပွားများ အားထုတ်ရမည်။ ထိုကဲ့သို့ အားထုတ်ဘန်များလျှင်။ ဖြစ်,တည်,ခြင်းကို မထင်နိုင်ဘဲ။ ပျက်စီးခြင်းကိုသာ တရေးရေး ထင်မြင်လေတော့သည်။ ဥပမာတပြောင်ပြောင် အလှန်တောက်လောင်သော မီးပုံကြီးထဲသို့ ကျရောက်သမျှ လောင်စရာဝတ္ထု အပေါင်းသည် မရပ်မတည် ပျက်စီးရသကဲ့သို့ ထိုအတူ သုံးဆဲ့တဘုံ၌၊ ဖြစ်လေသမျှ ခါတ်အပေါင်းသည်လည်း။ မရပ်မတည် ပျက်စီးနေကြောင်းကိုသာ တရေးရေးထင်မြင်လေ၏။ ထိုကဲ့သို့ ထင်မြင်နေသောအခါ၊ စင်စစ် ဘင်္ဂဉာဏ်ဖြစ်ပြီဟုမှတ်။ ဘင်္ဂဉာဏ်ဆိုသည်မှာ၊ အပျက်တွေကိုသာ တရေးရေးထင်မြင်နေသော ဉာဏ်ကိုဆိုသည်ဟုမှတ်။ ။ဘင်္ဂဉာဏ်အကျဉ်းပြီး၏။

## ဘယဉာဏ်ကိုပြဆိုချက်။

ထိုကဲ့သို့ အပျက်တွေကို မြင်သော ဘင်္ဂဉာဏ်ဖြစ်လျှင်၊ စက္ခု ဝသောခေတ်တို့ မရပ်မစဲ တသဲသဲပျက်စီးကုန်သည်ကိုသာ တရေး ရေးထင်မြင်လတ်သော်။ အလုံးစုံဖြစ်ပေါ်ရသမျှ။ ရူပါရုံအဆင်း ခေတ်, စက္ခုအကြည်တည်းဟူသော စက္ခုခေတ်, ၎င်းရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏခေတ် စသော အောက်က ညွှန်ပြခဲ့ သော ၁၇-ပါးသော ခေတ်အစုအဝေးအားလုံးတို့ကိုပင်၊ အတွင် မလပ်ပျက်စီးခြင်း မရဏတရားသည်၊ စင်စစ် မရပ်မစဲ နှိပ်စက်နေ ခြင်းကြောင့်၊ တပြောင်ပြောင် တထိန်ထိန် တောက်လောင်နေ သော မီးပုံကြီးကဲ့သို့သာ ထင်မှတ်လေ၏။ ဘယ်လိုထင်မှတ် လေ သနည်းဟူမူ။ မြို့တံခါးဝ၌ မီးပုံကြီး ၄-ပုံရှိ၏။ ထိုမီးပုံကြီးတို့ကို မျက်စိအမြင်ရှိသော ယောကျ်ား တယောက်သည် ရှုကြည့်၍ မြင်လတ်သော်။ ၎င်းယောကျ်ားသည်၊သြော်-အကြင်သူတို့သည်။ ဤမီးပုံတို့၌ ကျရောက်ခဲ့အံ့။ ထိုသူတို့သည် ဧကန်မုချ ပျက်စီး ပူလောင်လေရာ၏ဟုအကြံဖြစ်လေရာ၏။ ထိုနည်းအတူ၊ ယောဂါ ဝစရပုဂ္ဂိုလ်သည်၊ သုံးဆဲ့တဘုံအတွင်း၌၊ ၎င်းခေတ်တို့ပေါင်းစုံ ဖြစ်ပျက်လေသမျှ ၊စင်စစ် အပူတုန်း အပူခဲဒုက္ခတုံးကြီးသာ ဖြစ် ရလေသည်တကားဟု ထင်မြင်လျက်။ ထိတ်လန့်ကြောက်ရွံ့ခြင်း သာကေန်ဖြစ်ရလေ၏။ ဥပမာ၊ ချမ်းသာစွာ နေထိုင် လိုသော ယောကျ်ားသည်။ ဘီးလူး,သားရဲရှိသော အရပ်သို့ သွားရောက် လျက် ထိတ်လန့်ရသကဲ့သို့။ ထို့အတူ ရှေးရှေးက ဖြစ်ခဲ့သမျှသော ခေတ်တို့သည်လည်း။ ချုပ်၍ ကွယ်ပျောက် ကြလေကုန်၏။ ဖြစ် ဆဲဖြစ်သောခေတ်တို့သည်လည်း ချုပ်၍ကွယ်ပျောက်ကြလေကုန်

၏။ ဖြစ်ပေါ်လတံ့သောခတ်တို့သည်လည်း။ ထိုနည်းအတူချုပ်ပျောက်၍သာ သွားကြလေကုန်လတံ့သတည်းဟု တရေးရေးတွေ့မြင်ပြီးလျှင်။ အလွန်ကြောက်မက်ဘွယ်ကောင်းသော အပူဘေးကြီးဟူ၍သာ ထင်မြင်လျက်၊ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့ပြီးလျှင်၊ အဏုမြူမျှသက်သာခွင့်ကို မတွေ့မမြင်လေပြီ။ ထိုကဲ့သို့ မိမိသန္တာန်၌ ဖြစ်ပေါ်တွေ့ကြုံလာသောအခါ။ ဘယဉာဏ်ဖြစ်ပြီဟုမှတ်။ ဘယဉာဏ်ဆိုသည်မှာ၊ စူးစမ်း ဆင်ခြင်လျက်ကြောက်မက်ဘွယ်မဟာဘေးကြီးဟု ထင်မြင်သော ဉာဏ်ကိုဆိုသည်။ အမယ်လေး၊ဘလေး၊ဟု ကြောက်သော ဒေါသကြောက်ကို မဆိုဟုမှတ်။ ။ဘယဉာဏ်အကျဉ်းပြီး၏။

## အာဒီနဝဉာဏ်ကိုပြဆိုချက်။

ထိုကဲ့သို့ သဘောရှိသော ဘယဉာဏ်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည်။ တဘန်ငင်းဘယဉာဏ်ဖြင့်ပင်။ အဘန်ဘလဲလဲဆိုခဲ့ပြီးသော ခတ်အပေါင်းတို့ကို၊ ငါ၊သူ၊မဟုတ်။ စင်စစ် မဟာဘေးကြီးသာဖြစ်ပါတကား ဟု ထင် မြင် သည် ထက် ထင် မြင်အောင်၊အဘန်တလဲလဲ အားထုတ်ကြည့်ရှုနေရမည်။ထိုကဲ့သို့အားထုတ် ကြည့်ရှုလတ်သော်။ ဘုံသုံးပါး၌ ဖြစ်နေကြသော ခတ်အစုတို့တွင်၊ တခုသော ခတ်ကိုမျှလည်း၊ ငါ၊သူ၊ဟူ၍ ပြစရာတစုံတရာမရှိသည်၏ အဖြစ်ကိုလည်းကောင်း။ ငင်းခတ်စုနှင့်တကွ၊ ငင်းခတ်တို့၏ ဖြစ်ရာဘုံတို့ကိုလည်း ရန်သူအပေါင်းတို့ တညီတညွတ်တည်း ဝန်းဝိုင်းလျက်၊ ထားလက်နက်တို့ဖြင့် အတွင်မလပ်ခုတ်စင်းနေလာဘိသကဲ့သို့လည်းကောင်း။ တရေးရေး ထင်မြင်လေတော့သည်။ ထိုကဲ့သို့ ထင်မြင်လတ်သော်။ ငင်းယောဂါဝစရ

ပုဂ္ဂိုလ်သည်။ စင်စစ် ဘုံသုံးပါး၌ ဖြစ်လာသမျှ ကာလပတ်လုံး။ မရပ်မစဲ ဖြစ်, ပျက်, ပူလောင်,ရသော အပြစ်ဘေးတို့မှ ကင်းလွတ်ခြင်းကို အကျူမြူမျှမမြင်ဘဲ။ စင်စစ်ပျက်စီး, ပူလောင်, ရသော ပြစ်ချက်တွေ့နိုင်သော တွေ့ကြုံရပေသည်ဟု အပြစ် တွေ့ ကို သာ တရေးရေးတွေ့မြင်လေ၍။ စင်စစ်သက်သာခွင့်ကိုမရလေပြီ။ ထိုကဲ့သို့ အပြစ်တွေ့ကိုသာ တရေးရေးတွေ့မြင်သော ဉာဏ်ကို ရသော အခါ။ အာဒီနဝဉာဏ်ကိုရပြီဟု မှတ်လေ။ အာဒီနဝဉာဏ်ဆိုသည်မှာ။ မမြဲတတ်သော အနိစ္စအပြစ်, အဘန်တလဲလဲအနှိပ်စက်ခံရခြင်းဒုက္ခအပြစ်,ငါ,သူ,ဟူ၍ ပြစရာအနှစ်မရှိခြင်းအနတ္တအပြစ်, တို့ကို တရေးရေး ထင်မြင်နေသော ဉာဏ်ကိုဆိုသည်။

အာဒီနဝဉာဏ်ပြီး၏။

---

## နိဗ္ဗိန္ဒဉာဏ်ကိုပြဆိုချက်။

ထိုအာဒီနဝဉာဏ်ကို ရပြီး, ရောက်ပြီး, သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ထိုဘုံသုံးပါး၌ ဖြစ်သမျှသောခေတ်စုတို့ကို၊ငါ,သူ, မဟုတ်။ မရပ်မစဲတသဲသဲပျက်စီးပူလောင်ခြင်းတို့ဖြင့်။ နှိပ်စက်ခံနေရသော အပြစ်တွေ့ကိုသာ တရေးရေးမြင်တွေ့လေလျှင်။ ဘုံသုံးပါး၌ ဖြစ်သေမျှသော ၎င်းခေတ်စုတို့ကိုပင်၊ လိုချင်ခြင်းမရှိဘဲ။ အလွန်ငြီးငွေ့စက်ဆုပ် ရွံရှာခြင်းသို့ရောက်လေ၏။ ထိုသို့ရောက်ပြီးလျှင်။ ထပ်တလဲလဲ ရွံရှာအောင် အား ထုတ်အပ် ၏။ ထိုသို့ အား ထု တ် ဘန် မျာ:၍၊ ပြင်း ထန် စွာ ငြီး ငွေ့ စက် ဆုပ် ရွံရှာလျှင် ၎င်းခေတ် သင်္ခါရ တရားစု၌ မ ပျော် ပိုက် အ လွန် ဆန့် ကျင် ခြင်း သာ ဖြစ် လေ ၏။ ဥပမာ စိ တ္တ ကူဋ် တောင်

ခြေ၌ ကျက်စားသော ရွှေဟင်္သာမင်းသည် ဒွန်းစဏ္ဍားရွာတံခါးဝ၌ရှိသော တံစီးတွင်းရေ၌ မပျော်ပိုက်ဘဲ၊ ဟိမဝန္တာတောင်၌ရှိသော မဟာအိုင်ကြီးတို့၌သာ ပျော်ပိုက်သကဲ့သို့၊ အလုံးစုံသော သင်္ခါရဓာတ်စုတို့၌ မပျော်ပိုက်ဘဲ၊ ငြီးငွေ့စက်ဆုပ် ပြီးလျှင်၊ အနိစ္စအစချီသည်ဖြင့် ရှုသော ဝိပဿနာတရားတို့၌သာ ပျော်ပိုက်လေ၏။ ထိုကဲ့သို့ သင်္ခါရ စ သော ဓါတ် စု ၌ မ ပျော် ပိုက် ဘဲ အလွန်ငြီးငွေ့ စ က်ဆုပ် ခြင်း ဖြစ် သော ဝိ ပ ဿ နာ ဉာဏ် ကိုပင် နိဗ္ဗိန္ဒဉာဏ်ဟု ခေါ်ဆိုအပ်သည်။ နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ ငြီးငွေ့စက်ဆုပ်လျက်ဖြစ်နေသော ဉာဏ်ကိုပင် ဆိုလိုသည်။

နိဗ္ဗိန္ဒဉာဏ်အကျဉ်းပြီး၏။

## မုဉ္စိတုကမျတာ ဉာဏ်ကို ပြဆိုချက်။

၎င်းနိဗ္ဗိန္ဒဉာဏ်ကို ရပြီး၍ ငြီးငွေ့ခြင်းရှိလျှင်ပင်၊ ၎င်းယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရသင်္ခတဓာတ်အစုတို့၌ တွယ်တာခြင်းမဖြစ်ဘဲ။ မြန်စွာလွတ်မြောက်လိုသော စိတ္တုပ္ပါဒ်အစဉ်သာဧကန်ဖြစ်လေ၏။ ဥပမာ၊ ကြောင်လက်တွင်းသို့ရောက်သော ကြွက်သည် မြန်စွာလွှတ်လိုသကဲ့သို့လည်းကောင်း၊ မြွေခံတွင်းသို့ရောက်သောဘားသည်မြန်စွာလွတ်လိုသကဲ့သို့လည်းကောင်း။ ထို့အတူအလုံးစုံသောသင်္ခတဓာတ်အပူစုတို့မှ မြန်စွာ လွတ်မြောက်လိုသည်သာဖြစ်လေ၏။ စိုးစဉ်းမျှ တပ်မက် တွယ်တာခြင်း အာသာမရှိလေပြီ။ ထိုကဲ့သို့ဖြစ်သောအခါ၊ မုဉ္စိတုကမျတာဉာဏ်ဖြစ်ပြီဟုမှတ်။ မုဉ္စိတုကမျတာဉာဏ် ဆိုသည်မှာ လွတ်လိုခြင်းကို အလိုရှိသော ဉာဏ်ကိုဆိုလိုသည်။

မုဉ္စိတုကမျတာ ဉာဏ်ပြီး၏။

## ပဋိသန်္ဓေဥာဏ်ကိုပြဆိုချက်။

ထိုကဲ့သို့ လွှတ်မြောက်လိုသော စိတ္တုပ္ပါဒ် အားကြီးလတ်သော်။ ၎င်းသန်္ဓေတခေတ်တို့ကို အမြဲမတည် မရပ်မစဲ တသဲသဲ ဘောက်ပြန် ပျက်စီးနေသော သဘောစုဟူ၍ လည်းကောင်း။ တပြောင်ပြောင်တောက်လောင်နေသော ဒုက္ခအပုံကြီးဟူ၍လည်းကောင်း။ ရာဂစသောဌြောင့်တံသင်းဖြင့် ထိုးကျင် ကိုက်ခဲသော ရောဂါအိုကြီးဟူ၍လည်းကောင်း။ ကိလေသာ တည်းဟူသော အပုပ်ရည်တို့ဖြင့်၊ မပြတ်ယိုစီးကျနေသော အိုင်းအနာအိုကြီးဟူ၍လည်းကောင်း။ ရာဂ, ဒေါသ, မောဟ, စသော ငြောင့်တံသင်းကြီးတို့ ထိုးရှုစူးဝင်နေသကဲ့သို့လည်းကောင်း။ ကဲ့ရဲ့ရှုပ်ချ စွန့်ပစ်စရာ ချမ်းသာမရှိဆင်းရဲအတိသာဖြစ်သော သဘောဟူ၍ လည်းကောင်း။ ရောဂါအပေါင်း, ဘေးအပေါင်းတို့ဖြင့်၊ မပြတ်မလပ် နှိပ်စက်အပ်သော သဘောဟူ၍လည်းကောင်း။ မိမိအလိုရှိရာစီမံတိုင်းမဖြစ်၊ ပြင်းပသူစိမ်းကဲ့သို့သာ ဖြစ်တတ်သောသဘောဟူ၍လည်းကောင်း။ နာခြင်း, သေခြင်း စသည်တို့ဖြင့်၊ ဖရိုဖရဲ ကွဲပျက်ခြင်းသဘောဟူ၍ လည်းကောင်း။ တပါးမကသော ဘေးအပေါင်းကို ဆောင်တတ်သော သဘော ဟူလည်း၍ကောင်း။ မင်းဒဏ်စသော ဘေးဥပါဒ်တို့၏ စုဝေးတည်နေရာ ဟူ၍လည်းကောင်း။ မင်း, ခိုးသူစသောသူတို့၏ဘေးအပေါင်းသည် မပြတ်စုဝေးနှိပ်စက်ခံနေရာ ဟူ၍လည်းကောင်း။မပြတ်နှိပ်စက်ပူလောင်နေသောဒုက္ခမီးတို့၏ကပ်ငြိတွယ်တာရာ သဘောဟူ၍လည်းကောင်း။ ဇာတိ, ဇရာ, မရဏ, စသောတရားအပေါင်းတို့နှင့် တွေ့ကြုံတုန်လှုပ်နေသော သဘောအစုဟူ၍ လည်းကောင်း။ သူတပါး လုံ့လ

တို့ကြောင့် ဖရိုဖရဲ ကွဲပျက်နေသော သဘောအစု ဟူ၍လည်း ကောင်း။အလုံးစုံသော ဝဋ်ဆင်းရဲ၌ တ်ပြောင်းပြန်ပြန် ကျရောက် တတ်သောကြောင့်၊ မမြဲတတ်သော သဘောရှိ၏ ဟူ၍လည်း ကောင်း။ ရောဂါ, အန္တရာယ်, စသည်တို့ နှိပ်စက်ခံနေရာ သဘော ဖြစ်၍၊ မှီခိုရာ, ကိုးကွယ်ရာ မရှိသော သဘောဟူ၍လည်းကောင်း။ ဘေးတကာဘေး, ရန်တကာရန်, တို့နှိပ်စက်ခံရာဖြစ်သောကြောင့်၊ ပုန်းအောင်းရန် ကေန်မရှိသော သဘောဟူ၍လည်းကောင်း။ မိမိ ကိုမှီဝဲဆည်းကပ်သော သူတို့၏ ဘေးအပေါင်းကို၊ ပျောက်စေ ခြင်းငှါ မစွမ်းနိုင်သော သဘောဟူ၍ လည်းကောင်း။ မပြတ် မပြတ်တရေးရေး ထင်မြင်အောင် အားထုတ်၍ ရှုရာ၏။ ထိုမှ တပါး။ ၎င်းခေါတ်စုတို့ကို၊ စင်စစ်မြဲ၏ဟူ၍လည်းကောင်း။ တင့် တယ်, ခိုင်မာ, ချမ်းသာ, ၏ ဟူ၍လည်းကောင်း။ တကယ်အဟုတ် ကြံဆစရာအချက်တို့မှ ကင်းဆိတ်ခြင်းဟူ၍လည်းကောင်း။ ထိုကဲ့ သို့ နိစ္စ မြဲခြင်းစသည်တို့မရှိခြင်းကြောင့်၊ အချည်းနှီးသဘောသာ ဖြစ်သည်ဟူ၍လည်းကောင်း။အစိုးတရ ပြုလုပ်စံစားခြင်းမှ ကင်း လွတ်ခြင်းသဘောဟူ၍လည်းကောင်း။ ငါ, သူ, စသည် တို့ ဖြင့် စွဲလမ်းမှန်အတ္တမှ ကင်းဆိတ်သောသဘော ဟူ၍ လည်းကောင်း။ များစွာသောဒေါသအပြစ်တို့ဖြင့် ပြွမ်းလျက်တည်သောသဘော အစုဟူ၍လည်းကောင်း။ မပြတ်မလပ်တဖြုန်းဖြုန်း ဖောက်ပြန် ပျက်စီးနေသောအစုဟူ၍လည်းကောင်း။ မြဲခြင်း နိစ္စ, ချမ်းသာ ခြင်းသုခစသော အနှစ်သာရမရှိ၊ အကာသဘောကဲ့သို့သာ ဖြစ် ခြင်းရှိသော သဘောအစုဟူ၍လည်းကောင်း။ ဆင်းရဲအပေါင်း တို့၏ စုဝေးရာအရင်းမူလသဘောအစုဟူ၍လည်းကောင်း။ ချစ် ကျွမ်းဝင်သောမိတ်ကလျာဏကဲ့သို့ ပြုလုပ်ပြီးလျှင်၊ မပြတ်မလပ်

အတွင်သတ်နေသောအစု ဟူ၍လည်းကောင်း။ နှစ်သက်စုံမက် မြတ်နိုးစရာ ချမ်းသာစီးပွါးမှ ကင်းလွတ်သော သဘောအစုဟူ၍ လည်းကောင်း။ အာသဝေါတရား လေးပါးတို့၏ မပြတ်ယိုစီးရာ အကြောင်းသဘော ဟူ၍လည်းကောင်း။ ကံ,စိတ်,ဥတု, အာ ဟာရ,စသောအကြောင်းပစ္စည်းတို့သည် မပြတ်မလတ် ပြုပြင်အပ် သော သဘောအစုသာ ဧကန်ဖြစ်၏ဟူ၍ လည်းကောင်း။ကိလေ သာစသော မာရ်တို့သည် တိုက်ဖျက်နှင်းနယ်အပ်သော သဘော အစုဟူ၍ လည်းကောင်း။ ထပ်တလဲလဲ ဖြစ်ပေါ် နေရသောအစု ဟူ၍လည်းကောင်း။ မရပ်မစဲ ဆွေးမြေ့နေသော သဘောအစု ဟူ၍လည်းကောင်း။ ဖျားနာခြင်း စသည်တို့ဖြင့် နှိပ်စက်ခံနေရ သော သဘောအစု ဟူ၍လည်းကောင်း။ သေကြေပျက်စီးတတ် သော သဘောအစုဟူ၍ လည်းကောင်း။ စိုးရိမ်ကြောင့်ကြ တတ် သော သဘောအစုဟူ၍လည်းကောင်း။ ငိုကြွေးရခြင်းသဘော အစုဟူ၍လည်းကောင်း။ သက်ကြီးရှိုက်တငင် ပင်ပမ်းရခြင်း သဘောအစုဟူ၍လည်းကောင်း။ တဏှာ, ဒိဋ္ဌိ, စသော အညစ် အကြေးအပေါင်းတို့ဖြင့်၊ လိမ်းကပ်ငြစ်ငြူးနေသော အစုတွေ ဟူ၍လည်းကောင်း။ ဤပြဆိုခဲ့ပြီးသော လေးဆယ်ကုန်သော အခြင်းအရာတို့ဖြင့်၊ မပြတ်မလပ်ထင်မြင်အောင်၊ လှည့်ခါ လှည့် ခါ-အဘန်ဘန်ရှုနေရမည်။ ထိုကဲ့သို့ ရှုဘန်များလတ်၍၊ အလွန် ထင်မြင်ခြင်းသို့ ရောက်လျှင်ပင်၊ ပြင်းပြစွာလွတ်လိုသော ဇော စိတ္တုပ္ပါဒ်အစဉ်သည် အားကြီးစွာဖြစ်ပေါ်လာလေ၏။ ထိုသို့ဖြစ် ပေါ်၍သုံးသပ်ဘန်များလျှင်၊နောက်တဘန် သတ္တ,ဇီဝ, ပုဂ္ဂလ,ဟု အစွဲအလမ်းမရှိလေပြီ။ စင်စစ်ကင်းလွတ်၍ တည်လေ၏။ ထိုကဲ့သို့ တည်သောအခါ ပဋိသင်္ခါဉာဏ်ဖြစ်ပြီဟု မှတ်လေ။ပဋိသင်္ခါဉာဏ်

ဆိုသည်မှာ ဆပ်တလဲလဲအနိစ္စစသည်ဖြင့် သုံးသပ်၍၊ အလွန် ထင်မြင်အောင်ပြုလုပ်ခြင်းကို ဆိုအပ်သည်။

ပဋိသင်္ခါ ဉာဏ်အကျဉ်းပြီး၏။

---

## သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုချက်။

ရှင်းပဋိသင်္ခါဉာဏ်ကို ရပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် တဘန်ရှင်းဓာတ်တို့ကို မရပ်မနားဘောက်ပြန်ပျက်စီး ပူလောင် ရခြင်းကြောင့် စင်စစ် ငါ့,သူ့,ယောကျ်ား,မိန်းမ,နတ်,ဗြဟ္မာ ဟူ၍လည်း စွဲလမ်းရန် မရှိမှုကိုလည်းကောင်း။ ငါ့ဥစ္စာ,သူ့ဥစ္စာ,ဟူ၍လည်းစွဲလမ်းရန် မရှိမှုကိုလည်းကောင်း။ အဘန်တလဲလဲရှုရမည်။ ထိုသို့ရှုဘန်များလတ်သော်၊ စင်စစ်ရှင်းဓာတ်စုတို့ကို ငါ,သူ,မိန်းမ ယောကျ်ား, နတ်,ဗြဟ္မာ, ဟူ၍လည်း စွဲလမ်းစရာမမြင်၊ ငါ့ဟာ, ငါ့ဥစ္စာ ဟူ၍လည်းစွဲလမ်းစရာမမြင်ဘဲ၊စင်စစ်အဘန်တလဲလဲ ပျက်စီးပူလောင်ရသည်တို့ကိုသာ တရေးရေး တွေးမြင်ပြီးလျှင်၊ ရှင်းဓာတ်စု သင်္ခါရအပ္ပူစု၌၊ ချစ်ခြင်း မုန်းခြင်း ကင်းပျောက်လျက် လျစ်လျူရှုသောအခြင်းအရာအားဖြင့်သာတည်လေ၏။ ထိုအခါ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပြီဟုမှတ်လေ။ သင်္ခါရုပက္ခာဉာဏ် ဆိုသည်မှာ သင်္ခါရဓာတ်အစုတို့၌ ချစ်ခြင်း မုန်းခြင်းမရှိ၊ လျစ်လျူရှုနေသော အခြင်းအရာဖြင့် ဖြစ်သော ဉာဏ်ကိုဆိုအပ်သည်။

သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

## ဝိပဿနာရှုသောယောဂီတို့သည့်လွှာန်၌ သစ္စာလေးပါး ထင်မြင်ပုံအကြောင်း။

ဆိုအပ်ပြီးသောသင်္ခါရပေက္ခာဉာဏ်သို့ရောက်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည်၊ ၎င်းသင်္ခါရတရားတို့ကို လျစ်လျူရှုပြီးလျှင် လွန်စွာ လွတ်လိုသော ဆန္ဒဖြင့်၊ အဘန်တလဲလဲ ငါ့သူ့မဟုတ်၊ ပျက်းစီး၊ ပူလောင်၊ သော အပူဒုက္ခမီး ပါတကားဟု တရေးရေး ထင်မြင်စေရန် အောက်ကပြဆိုခဲ့သော နည်းအတိုင်း၊ သုံးသပ် အားထုတ်ရမည်၊ ထိုကဲ့သို့အားထုတ်လတ်သော်၊ ဘုံသုံးပါး၌ ဖြစ်ပေါ်သမျှ သင်္ခါရ ခန္ဓာငါးပါး ဓာတ်အစု အပေါင်းကို ငါ့ သူ့သတ္တဝါ၊အတ္တ မဟုတ် စင်စစ် မရပ်မစဲ တသဲသဲဖြစ်ပျက်လျက်၊ တပြောင်ပြောင် တောက်လောင်နေသော အပူဒုက္ခမီးဟူ၍သာ လျှင် ဉာဏ်မျက်စိဖြင့် တရေးရေးမြင်နေလေတော့၏။ ထိုအပူ ဒုက္ခမီးမှတပါး သုခဟူ၍ စိုးစဉ်းမျှမမြင်လေတော့ပြီ။ ထိုအခါ ဒုက္ခသစ္စာကို ပိုင်းခြား၍သိသော လောကီ မဂ်ဉာဏ်သည် ကောန် ဖြစ်ပေ၏။ ထိုလောကီမဂ်ဉာဏ်ဖြစ်ခိုက်။ ၎င်းအပူ ဒုက္ခမီးကိုကြံစီ တင်ဆောင်ပေးတတ်သော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပ မဂ္ဂင်ဖြစ်၏။ ထိုဉာဏ်ဖြစ်ခိုက် အားထုတ်တတ်သော ဝီရိယသည် သမ္မာဝါယာမမဂ္ဂင်ဖြစ်၏။ ထိုဉာဏ်ဖြစ်ခိုက် ၎င်းဒုက္ခမီးတို့ကိုတွေး တောအောက်မေ့နေသော သတိသည်၊ သမ္မာသတိမဂ္ဂင်ဖြစ်၏။ ထိုသို့တွေးတောနေခိုက်၊ ၎င်းဒုက္ခအပူတည်းဟူသော အာရုံ၌စိတ် တည်နေခြင်းသည်၊ သမ္မာသမာဓိမဂ္ဂင်ဖြစ်၏။ဤသို့လျှင် လောကီ မဂ္ဂင်ဉာဏ်ဖြစ်ခိုက်၊ မဂ္ဂင်တရားကိုယ်ငါးပါးသည် တပေါင်းတည်း

အတူတကွဖြစ်ကြပေ၏။ ။ထိုသို့ ဝိပဿနာရှုခိုက်၊ ကာယကံ, ဝစီကံ, စင်ကြယ်မှု တည်းဟူသော သုသီလစေတနာသည် သီလမဂ္ဂင်ဖြစ်၏။ ဤသို့လျှင် လောကီမဂ္ဂင်ငါးပါး တပေါင်းတည်းဖြစ်ခိုက် သီလ, သမာဓိ, ပညာ, တည်းဟူသောသိက္ခာသုံးပါးသည်၊ စင်စစ်ပြည့်စုံကြ၍ ပါသည်သာတည်း။ ထိုသို့ပင် ပါသော်လည်း ပညာကိုသာ ပဓါနပြု၍ရေးသားပေအံ့။

ထိုဒုက္ခသစ္စာကို ပိုင်းခြား၍သိသော လောကီမဂ်ဉာဏ် သည်လည်း၊ စင်စစ် ဒုက္ခတရားသာဖြစ်ပေ၏။ ထိုဆိုအပ်ခဲ့ပြီးသော ဘုံသုံးပါး၌ ဖြစ်ပျက်နေသော ခန္ဓာငါးပါး ရုပ်, နာမ်, တရားအစုအပေါင်းသည်၊ အဘယ်ကြောင့် ယခုမျက်မှောက်ဘဝ၌ ဖြစ်ပေါ်လာသနည်းဟု စုံစမ်းဆင်ခြင် ကြည့်ရှုလတ်သော်၊ ရှေးဘဝ၌ တွယ်တာခဲ့သော တဏှာကြောင့်သာ ကေန်ဖြစ်ပေါ်၏ဟု သိရလေ၏။ အဘယ်ကြောင့် သိရလေသနည်းဟူမူ၊ အကယ်၍ ရှေးဘဝ၌ တွယ်တာခင်မင်မှု တဏှာမရှိခဲ့မူ၊ ၎င်းဒုက္ခမီးဖြစ်သော ခန္ဓာရုပ်, နာမ်, ဓာတ်အစုတို့သည် ကေန်ဘုံ, ဘဝ, ၌ ပေါ်လာမှု မရှိပြီ။ ,ဥပမာ၊ အမြစ်ပြတ်ပြီးသော သစ်ပင်သည် တဘန်အသီး အဆက်ဆက်ကို ဖြစ်စေမှုမရှိသကဲ့သို့၊ ထိုနည်းအတူ- ရှေးဘဝ၌ ဖြစ်ခဲ့သော ခန္ဓာအစဉ်၌ တွယ်တာမှုတဏှာသည်၊ အကယ်၍ ပြတ်တောက်၍ မရှိခဲ့သည်ဖြစ်အံ့၊ ယခုဘဝ၌ ဖြစ်ပျက်နေသော ခန္ဓာဒုက္ခမီးဟု ဆိုအပ်သော ဓာတ်အစုအပေါင်းသည် စင်စစ်ပေါ်မှု မရှိဘဲ ကွယ်လေရာ၏။ ထိုသို့ ကွယ်မှုမရှိဘဲ ပေါ်လာ မှုသည် စင်စစ်ရှေးဘဝ၌ တွယ်တာ ခင်မင်သော တဏှာကြောင့်သာ၊ ကေန်ဖြစ်ပေ၏ဟု အကြောင်းတရားခံအမှန်ကို ထိုးထွင်း၍ သိ

မြင်လေတော့၏။ ထိုအခါ သမုဒယသစ္စာကို ထိုးထွင်း၍ သိသော လောကီဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်သည်လည်း ဒုက္ခသစ္စာတရားသာ အမှန်ဖြစ်ပေ၏။

ဤသို့လျှင် ရှေးဘဝ၌ ဖြစ်သော တဏှာသည် အကြောင်းသမုဒယသစ္စာ၊ ယခုဘဝ၌ ဖြစ်သော စက္ခုစသော ခဝတ်အစုအပေါင်းသည် အကျိုးဒုက္ခသစ္စာအမှန်ဖြစ်ပေ၏ဟု ထိုးထွင်း သိမြင်လေ၏။ ထိုသို့ ထိုးထွင်းသိမြင်ပြီးလျှင်၊ တဘန်ရှေးဘဝ၌ ဖြစ်ခဲ့ဘူးသော စက္ခုစသောခဝတ်အစုအပေါင်းသည်လည်း၊ ယခုဘဝကဲ့သို့ပင် ထပ်တူထပ်မျှ ဒုက္ခမီးသာ အမှန်ဖြစ်ပေ၏။ ၎င်းဒုက္ခမီးကိုအကြောင်းခံသော ဟိုရှေးဘဝ၌ ဖြစ်သော တဏှာသည်၊ အကြောင်းသမုဒယ အမှန်ဖြစ်ပေ၏ဟု ဉာဏ်စဉ်လျှောက်ပြီးလျှင် အစမထင် သံသရာ၌ ဖြစ်ခဲ့ဘူးသမျှအကြောင်း သမုဒယ, အကျိုး ဒုက္ခ, တို့ကို အစဉ်အတိုင်းဆက်ငပ်လျက် ယခုဘဝ တိုင်အောင်၊ အပြန်အလှန်ကြည့်ရှုလိုက်သော်၊ စင်စစ် လူနတ်, ဗြဟ္မာ, သတ္တဝါ, စသည်တို့ကို မမြင်ဘဲ တပြောင်ပြောင်တောက်လောက်နေသော အဓွန့်ရှည်ကြာလှစွာသော မီးပုံကြီးကဲ့သို့ အကြောင်း အကျိုး ဆက်သွယ်လျက် မပြတ်သော ဒုက္ခမီးကိုသာ တရေးရေး မြင်လေတော့၏။ ထိုအခါ အစမထင် သံသရာကစ၍ ယခုဘဝတိုင်၊ အကြောင်းအကျိုးအဆက်ဆက်ကို မြင်သော လောကီမဂ်ဉာဏ်အစဉ်သည် ကေန်ဖြစ်ပေ၏။ ထိုဉာဏ်စဉ် သည်လည်း။ စင်စစ် ဒုက္ခသစ္စာတရားသာဖြစ်၏။ ထိုသို့အစမထင်သံသရာကစ၍၊ ယခုပစ္စက္ခဘဝတိုင် အကြောင်းအကျိုး တရားအဆက်ဆက်ကိုမြင်ပြီးနောက်တဘန်၊ ယခုပစ္စက္ခဘဝ၌ လောကီခန္ဓာဖြစ်သော ခဝတ်

အစုအပေါင်းကို တွယ်တာခဲ့ပါလျှင်၊ ယခုဘဝ၌ တွယ်တာသော တဏှာကြောင့် နောက်ကိုဆက်သွယ်၍ ဤဒုက္ခမီးဖြစ်သော ခေတ် အစုအဝေးသာလျှင်၊ ထပ်မံ၍ ဖြစ်ပေါ်လတံ့ဟု ပစ္စုပ္ပန် အကြောင်းနှင့် အနာဂတ် အကျိုးတို့ကို မြင်သော လောကီမဂ် ဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်သည်လည်းစင်စစ်ဒုက္ခသစ္စာတရားဖြစ် ပေ၏။ နောင်အနာဂတ်ဘဝ၌ ဖြစ်လတံ့သော စက္ခုစသော လောကီခန္ဓာခေတ်အစုအပေါင်းကို၊ ၎င်းဘဝ၌ နှစ်သက် တွယ် တာပြန်သော်၊ နောက်နောင်ကိုလည်း၊ ၎င်းဒုက္ခမီး ဖြစ်သော ခေတ်အစုအဝေးသာ ဖြစ်ပေါ်လတံ့ဟု အနာဂတ်၌ ဖြစ်ပေါ် လတံ့သော အကြောင်း,အကျိုး, အဆက်ဆက်ကို ဉာဏ်ဖြင့် လျှောက်၍ သိမြင်လေတော့၏။ ထိုသို့ သိမြင်သော ဉာဏ်စဉ် အဆက်ဆက်သည်လည်း၊ စင်စစ်လောကီဉာဏ် သာဖြစ်၏။ ထို လောကီဉာဏ် အဆက်ဆက်သည်လည်း စင်စစ်ဒုက္ခသစ္စာတရား ဖြစ်ပေ၏။

ဤသို့လျှင် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတံ့သော အကြောင်း အကျိုးအဆက်ဆက်မှ လွတ်ရာ, ထွက်ရာ,သဘောကို စုံစမ်းရှာဖွေ လတ်သော်၊ ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတိသဘောရှိသမျှ။ ၎င်းအကြောင်း အကျိုးအဆက်ဆက်တို့မှ မလွတ်ပေရာ၊ အဘယ် ကြောင့်ဆိုသော်၊၎င်းအကြောင်း, အကျိုးတရား နှစ်ပါးသည်စင် စစ်ဖြစ်ပေါ်မှုတည်းဟူသော ဇာတိတရားနှင့် မကင်းသည်၏အဖြစ် ကြောင့်တည်း။ ထို့ကြောင့်ဖြစ်ပေါ်မှုရှိသမျှ ကာလပတ်လုံး၊ အကြောင်းသမုဒယနှင့် အကျိုးဒုက္ခတရားမှ စင်စစ်မလွတ်ပေဟု ဟုတ်တိုင်းမှန်စွာသိမြင်လေတော့၏။ ထိုသို့သိမြင်ပြီးလျှင်၊ လွတ် ရာကို ရှာသော စင်စစ်ဖြစ်ပေါ်သော သဘောလက္ခဏာ ရှိသော

ဇာတိတရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်၊ထင်ရှားရှိနေသောမဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အဇာတိတရား တပါးသာလျှင် ၎င်းအကြောင်း အကျိုးတရားနှစ်ပါးတို့မှ လွတ်နေသောသဘောဖြစ်ကြောင်းကို ဉာဏ်ဖြင့် ထောက်ဆမှိလေ၏။ ထောက်ဆပုံမှာ အပူရှိလျှင် အပူ၏ဆန့်ကျင်ဘက်-အအေးသဘောသည်၊ မုချရှိသကဲ့သို့လည်းကောင်း၊ အမိုက်ရှိလျှင်၊ အမိုက်၏ ဆန့်ကျင်ဘက်အလင်းသည် ကေန်ရှိသကဲ့သို့လည်းကောင်း၊ ထိုနည်းအတူဖြစ်ပေါ်မှုသဘောရှိလျှင်၊ ဖြစ်ပေါ်မှုနှင့် ဆန့်ကျင်ဘက် ဖြစ်သောမဖြစ်ပေါ်မှု သဘောသည်လည်း၊ ကေန်ရှိသည် သာတည်းဟုထောက်ဆ၍ အဇာတိသဘောကိုသိလေ၏။ ထိုသို့ထောက်ဆ၍သိအပ်သော မဖြစ်ပေါ်သော သဘောသည် နိရောဓ သစ္စာနိဗ္ဗာန်ဖြစ်၏။ ထိုနိရောဓသစ္စာ နိဗ္ဗာန်ကိုထောက်ဆ၍ သိမြင်သော ဉာဏ်သည်လည်း လောကီဉာဏ်ဖြစ်၏။ ထိုလောကီ ဉာဏ်သည်လည်း ဒုက္ခသစ္စာတရားဖြစ်၏။ ထိုသို့ထောက်ဆ ပြီးလျှင်အဘန်တလဲလဲ အကြောင်းအကျိုးအဆက်ဆက် ဖြစ်ပျက်နေသည်ကို၊ များစွာရှု၍ ငြီးငွေ့ဘန်များလတ်သော်၊ ၎င်းတို့မှ လွတ်လိုသော ဆန္ဒသည် ပြင်းစွာဖြစ်ပေါ်လာလတ်၍ ၎င်းတို့မှ လွတ်နေသော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အဇာတိသဘော နိရောဓသစ္စာကို တရေးရေးတကယ်မှိရာ့,ပုန်းအောင်းရာအဖြစ်ဖြင့် ထင်လျက် ဉာဏ်ဖြင့် မကြာ,မကြာ,အာရုံပြု၍ ရောက်လေတော့၏။ထိုဉာဏ်ဖြင့်ရောက်၍ စေလွှတ်ဘန် များလတ်သော်အကြင်အခါ၌ ၎င်းမဖြစ်ပေါ်သော သဘောလက္ခဏာ ရှိသောအဇာတိသဘောကို ထင်ရှားစွာထိုးထွင်း၍ သိမြင်လေတော့၏။

## လောကုတ္တရာမဂ္ဂင်ရောက် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာပုံ။

ထိုအခါ ၎င်းထိုးထွင်း သိမြင်သော ဉာဏ်သည် စင်စစ် လောကုတ္တရာဖြစ်သော သောတာပတ္တိမဂ်ဉာဏ်ဖြစ်၏။ ထိုဉာဏ်သည် တကြိမ်တည်းဖြစ်၏။ ထိုသို့ တကြိမ်တည်းဖြစ်သော်လည်း သစ္စာတရားလေးပါးကို တပြိုင်နက် ထိုးထွင်းသိလေ၏။ သိပုံကို ထင်စွာပြဦးအံ့။ နိရောဓသစ္စာတည်းဟူသော မဖြစ်ပေါ်မှုလက္ခဏာရှိသော သဘောတရားသည်။ စင်စစ်ဖြစ်ပေါ်မှုမှ ကင်းလွတ်သောကြောင့်၊ ပျက်စီးခြင်းလည်းမရှိ ဇရာ၏ နှိပ်စက်ခြင်းကိုလည်းမခံရသောကြောင့်၊ စင်စစ် ချမ်းသာခြင်းလည်း အမြဲရှိ၏။ ထို့ကြောင့်၊ ၎င်းသဘောသည်၊ နိစ္စ, သုခ, လည်းဖြစ်ပေ၏။ ၎င်းသဘောသည် သတ္တဝါ, အသက်, လည်း မဟုတ်၊ ဓမ္မသဘောသက်သက်သာကေန်ဖြစ်သောကြောင့် စင်စစ်အနတ္တလည်းဖြစ်၏။ ၎င်းတရားသဘောသာလျှင် စင်စစ်အမြဲ ဘေးကင်းခြင်းကြောင့်၊ ဉာဏ်မျက်စိဖြင့်ရှုကြည့်သော်၊ အမြဲတင့်တယ်သော သဘောရှိပေ၏။ ထို့ကြောင့် သုဘသဘောလည်း ဖြစ်ပေ၏။ ၎င်းနိစ္စ, သုခ, အနတ္တ, သုဘ, ဖြစ်သော နိရောဓသစ္စာကို ထိုးထွင်း၍ သိမြင်သည်နှင့်တပြိုင်နက်၊ ဖြစ်ပေါ်မှုနှင့် ဆက်စပ်သော ရုပ်, နာမ်, ဓမ္မ, ဓာတ်အစုအဝေးကိုလည်း အာရုံမပြုဘဲလျက်၊ နိစ္စ, သုခ, အတ္တ, သုဘ, မရှိသည်၏ အဖြစ်ကို မတွေ့မဝေသော အသမ္မောဟ ကိစ္စအားဖြင့်၊ ထိုးထွင်းသိမြင်ခြင်းကိစ္စကိုလည်း တပြိုင်နက် တချက်တည်းပြီးစေ၏။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည် နိရောဓသစ္စာကို ထိုးထွင်း၍ သိခိုက်၊ နိစ္စ, သုခ, အတ္တ, သုဘ, မဟုတ်သော

ခေတ်အစုအပေါင်းကို နိစ္စ,သုခ,အတ္တ,သုဘ,စသည်ဖြင့် ဘောက်လွဲဘောက်ပြန်၊ စွဲလမ်းယူတတ်သော မိစ္ဆာဒိဋ္ဌိဟူသမျှကိုလည်းကောင်း၊ ရှစ်ပါးသော ယုံမှားခြင်း, တဆဲ့ခြောက်ပါးသော ယုံမှားခြင်းတရားတို့ကို လည်းကောင်း။ ၎င်းတရားတို့နှင့် အတူတကွ ဖြစ်ဘော်ဖြစ်ဘက်ဖြစ်သော မောဟစသော ကိလေသာတို့ကိုလည်းကောင်း။အကြွင်းမရှိ ပြတ်စေသောအားဖြင့် ပယ်လည်းပယ်၏။ မိမိပယ်အပ်သော ၎င်းသမုဒယကိလေသာ တို့ကိုလည်းအာရုံမပြုဘဲ၊ မတွေ့မငေြခြင်း ကိစ္စကို ပြီးစေလျက် တပြိုင်နက်တချက်တည်း ထိုးထွင်း၍ သိမြင်ခြင်းကိုလည်းပြီးစေ၏။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုလျက်၊ ဘာဝနာကိစ္စကိုလည်းပြီးစေ၏။ ထိုဘာဝနာကိစ္စဖြင့် ဖြစ်သော မိမိတည်းဟူသော မဂ်ကိုလည်းအာရုံမပြုဘဲ၊ မတွေ့မငေြခြင်း ကိစ္စကို ပြီးစေလျက်၊ တပြိုင်နက် ထိုးထွင်း၍သိမြင်ခြင်းသို့ ရောက်၏။ ဤသို့လျှင် နိရောဓသစ္စာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ဟု ဆိုအပ်သော မဖြစ်မပေါ်သော သဘောလက္ခဏာကို အာရုံပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်ခိုက်၊ သစ္စာလေးပါး အားလုံးကို တပြိုင်နက်သိမြင်လေတော့၏။ ထိုသို့ တပြိုင်နက် သစ္စာလေးပါးတရားကို ၎င်းမဂ်ဉာဏ်တပါးတည်းသိမြင်ပုံကိုလည်း။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ–သစ္စဝိဘင်းအဖွင့် စာမျက်နှာနံပါတ် (၁၀၀) ၌။သောဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။ ဟူ၍ မိန့်ပြီ။ ။မြန်မာပြန်ကား။သော ပုဂ္ဂလော၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ ဧဝံ၊ဤသို့။ ကမ္မံ၊ ဝိပဿနာစီးဖြန်းခြင်းအမှုကို။ကရောန္တော၊ပြုသည်ရှိသော်။စတ္တာရိ၊ လေးပါးကုန်သော။သစ္စာနိ၊ အမှန်တရားတို့ကို။ ဧကေန၊ တပါး

တည်းသော။ ပဋိဝေဓေန၊ ထိုးထွင်း၍ သိတတ်သော လောကုတ္တရာ မဂ်ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ တပြိုင်နက် ထိုးထွင်း၍သိ၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ တပါး တည်းသာလျှင် ဖြစ်သော လောကုတ္တရာမဂ်ဉာဏ်သည်၊ သစ္စာလေးပါးလုံးကို တပြိုင်နက်တချက်ထည်း ထိုးထွင်း၍ သိမြင်ပုံကို ထင်ရှားသိကြလေ။

ထိုလောကုတ္တရာ မဂ်ဉာဏ်သည်၊ သစ္စာလေးပါးကိုတပြိုင်နက် သိရာ၌။ နိရောဓသစ္စာတပါးကိုမူကား၊ အာရုံပြု၍သိ၏။ ကျန်သော ဒုက္ခ,သမုဒယ,မဂ္ဂ,တို့ကိုမူကား၊ အာရုံမပြုဘဲလျက်၊ ၎င်းတရားတို့ကိုဖုံးလွှမ်းတတ်သော တွေ့ဝေတတ်သောသဘောရှိသော မောဟတရားကိုဖျက်ဆီးလျက်၊ မတွေ့မဝေသောကိစ္စအားဖြင့် သိခြင်းကိုပြီးစေ၏၊ ထိုအကြောင်းကို သိစေလိုသော ၎င်းအဋ္ဌကထာရှင်သည်၊၎င်းစာမျက်နှာ၌ပင်။ တီသုကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိဝေဓော၊ဟူ၍မိန့်ပြီ။(မြန်မာမြန်ကား) တီသု၊ သုံးပါးကုန်သော။ သစ္စေသု၊ဒုက္ခ,သမုဒယ,မဂ္ဂ,ဟု ဆိုအပ်ကုန်သော အမှန်တရားတို့၌။ ကိစ္စတော၊ ပရိညာ, ပဟာန, ဘာဝနာ,ကိစ္စကို ပြီးစေသောအားဖြင့်။ ပဋိဝေဓော၊ ထိုးထွင်း၍သိ သည်။ ဟောတိ၊ ဖြစ် ၏။ နိ ရောဓေ၊ နိ ရော ဓ သ စ္စာ ၌၊ အာရမ္မဏပဋိဝေဓော၊ အာရုံပြုသော အားဖြင့် ထိုးထွင်း၍ သိသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ပြဆိုအပ်သည်ကို ထောက်၍၊ သစ္စာသုံးပါးကို ပတွေ့မဝေသောကိစ္စကို ပြီးစေသောအားဖြင့် နိရောဓ သစ္စာကို အာရုံပြုသောအားဖြင့်၊ တပြိုင်နက် ထိုးထွင်း၍ သိမြင်ပုံကိုထင်ရှားသိကြလေ။ ထိုဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာမဂ်ဖြစ်ခိုက်၌၊ ၎င်းမဂ်ဉာဏ်တပါးတည်းသာ- ဖြစ်သည်မဟုတ်သေး၊

၎င်းမဂ်ဉာဏ်နှင့်အတူတကွ ဖြစ်သော်ဖြစ်ဘက် ဖြစ်သော သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်ခုနစ်ပါးတို့လည်း၊ အတူတကွ တပြိုင်နက်၊ ၎င်းနိရောဓသစ္စာကို အာရုံပြုလျက် ဖြစ်ကြကုန်သည် သာလျှင်ကတည်း။ ထိုဆိုအပ်ပြီးသော မဂ္ဂင်ခုနစ်ပါး သာလျှင် ထိုမဂ်ဉာဏ်နှင့် အတူတကွဖြစ်ကြသည်မဟုတ်သေး။ ၎င်းမဂ်တို့နှင့် သမ္ပယုတ်ဖြစ်သော ဖဿ,ဝေဒနာ, စသော ကျန် စေ တ သိက် ၂၈-ပါးနှင့် မဂ်၌ယှဉ်သော စိတ်တပါး၊ ပေါင်း ၂၉-ပါးသော မဂ္ဂသမ္ပယုတ်တရားတို့လည်း အတူတကွ တပြိုင်နက်တချက်တည်း၊ နိရောဓသစ္စာကိုအာရုံပြုလျက်၊ဆိုင်ရာ,ဆိုင်ရာ,မိမိ,မိမိ,တို့၏ကိစ္စကို ပြုလျက်ပါသည်သာတည်း၊ ထိုသို့ပင်ပါသော်လည်း၊ ပညာကို မခွာနပြု၍ သိလွယ်ရန် ရေးသားလိုက်သည်။ ထိုသို့ပင် ရေးသား သော်လည်း။ ကျန်သောမဂ္ဂင်တို့လည်း အတွင်းပါဝင်ကြောင်း ကို ထင်ရှား သိကြလေ။ ၎င်းမဂ္ဂင်တို့ပါဝင်ပုံကို အကျယ်သိလိုမူ၊ ဘာဝနက္ကမ ဒီပနီကျမ်း, သမုပ္ပါဒ နိရောဓဂကျမ်းတို့၌ ယူလေ။

ထိုဆိုအပ်ခဲ့ပြီးသော လောကုတ္တရာမဂ်ဉာဏ်သည်၊ တကြိမ် တည်းဖြစ်သော်လည်း။ မိမိသိမြင်အပ်သော နိဗ္ဗာန်ကို ထပ်မံ၍ သိရှိလိုက်ရန်။ဖိုလ်တည်းဟူသော အကျိုးတရားကိုပေး၍သာလျှင် ချုပ်ကွယ်လေ၏။ ၎င်းမဂ်ချုပ်ပြီးနောက်၊ ၎င်းမဂ်၏အကျိုးဖြစ် သော ဖိုလ်သည်။ ၎င်းမဂ်မြင်အပ်သော နိရောဓသစ္စာနိဗ္ဗာန်ကို ပင် ဆက်ခံလျက် အာရုံပြုပြီးလျှင်၊ နှစ်ကြိမ်သော်လည်းကောင်း သုံးကြိမ်သော်လည်းကောင်း။ ဖြစ်၍ ချုပ်ကွယ်လေ၏။ အဘယ် ကြောင့်နှစ်ကြိမ် သော်လည်းကောင်း။ သုံးကြိမ် သော်လည်း ကောင်း။ ဖြစ်ရလေသနည်းဟူမူ။ အကယ်၍ မန္ဒပုဂ္ဂိုလ် ဖြစ်အံ့။ မဂ္ဂဝီထိ၌ နိဗ္ဗာန်ကို အာရုံမပြုမီ သင်္ခါရခေတ်အစု အပေါင်းကို

အာရုံပြု၍ ပရိကံ,ဥပစာ,အနုလုံ,ဟူ၍ ကာမဇော သုံးကြိမ်ဖြစ်၍ ချုပ်ခဲ့၏။ ထိုနောက် နိရောဓသစ္စာနိဗ္ဗာန်ကို ရှေ့ရှုအာရုံပြု၍ သိတတ်သော ဂေါတြဘူ စိတ်တကြိမ်ဖြစ်၍ ချုပ်၏။ ထိုဂေါတြဘူနောက်မှ မဂ်စိတ်သည်ဖြစ်ရကား။ ကာမဇောလေးကြိမ်,လောကုတ္တရာ မဂ်ဇောဘကြိမ်,ဤသို့လျှင် ဇောငါးကြိမ်ဖြစ်၏။ ထို့ကြောင့် ဇော၇ခုနှစ်ကြိမ်ပြည့်ရန် ဖိုလ်ဇောနှစ်ကြိမ်သာ ဖြစ်လေတော့သည်ဟု မှတ်ကြလေ။အကယ်၍ တိက္ခပုဂ္ဂိုလ်ဖြစ်အံ့။သခ်ါရအာရုံဖြစ်သော အနုလုံဇောတို့တွင်၊ ပရိကံမဖြစ်ဘဲ၊ ဥပစာ, အနုလုံ,ဟူ၍နှစ်ကြိမ်သာဖြစ်၏။ ထိုနောက် ဂေါတြဘူဇော တကြိမ်၊ ထိုနောက် မဂ်ဇောဘကြိမ်၊ ဤသို့လျှင် ဇောလေးကြိမ် ဖြစ်ရကား၊ ဇော၇ခုနှစ်ကြိမ်ပြည့်ရန် ဖိုလ်ဇော သုံးကြိမ်ဖြစ်ရလေသည်။ ၎င်းဇောတို့တွင်၊ သခ်ါရအာရုံရှိသော ပရိကံ,ဥပစာ,အနုလုံ,ဟု ခေါ်အပ်သော စိတ္တုပ္ပါဒ်၌ရှိသော ဉာဏ်ကို၊ အနုလောမဉာဏ်ဟု ခေါ်အပ်သည်။ မဂ်ဇော, ဖိုလ်ဇော,တို့ကို လောကုတ္တရာ ဇောဟု ခေါ်အပ်သည်။ ကျန်ဇောတို့သည် လောကီဇောသာ ဖြစ်ကုန်သည်။ ၎င်းလောကီဇော ဟူသမျှသည် လောကီမဂ္ဂင်တို့သာတည်း၊ ၎င်းလောကီမဂ္ဂင်တို့သည် ဒုက္ခသစ္စာတရားတို့ သာလျှင်တည်း။ လောကုတ္တရာ မဂ်သည်လျှင်၊ အရိယာတို့ သိအပ်သော မဂ္ဂသစ္စာဖြစ်ပေ၏ဟု မှတ်ကြလေ။

## မဂ်တရား,ဖိုလ်တရား,ဖြစ်ပေါ်လာပြီးလျှင် သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်ပုံအကြောင်း။

၎င်းမဂ်နောက်၌ ဖြစ်သော ဖိုလ်ဇောသည်၊ နှစ်ကြိမ်သုံးကြိမ်, ဖြစ် ပြီး လျှင် ချုပ် ကွယ် လေ ၏။ ထို နောက် ဘ ဝင် ကျ လေ

တော့ ၏။ ထို့ နောင် ဘ ဝင် ကျ ပြီး နောက်။ ပစ္စဝေက္ခဏာ ဝီ ထိ တို့ ဘည် ကျ လေ ကုန် ၏။ ကျဖုံကျနည်းမှာ၊ အာရုံ ပြု၍ မြင်အပ်သော မဖြစ်မပေါ်သော သဘောသည်၊ စင်စစ် မပျက်မစီး အမြဲတည်သော သဘောပေတည်းဟု အောက်မေ့ တွေးတော ဆင်ခြင်လိုက်၏၊ ထိုအခိုက်ဖြစ်သော စိတ်အစဉ် တည်း ဟူသော ဝီထိသည်၊ နိဗ္ဗာန်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာ ဝီထိမည်၏။ ဩော် ရှေးရှေးက တခါဘူးမျှ ဖြစ်ပေါ်ခြင်းမရှိ သော ဉာဏ်အမြင်သည် ယခုဖြစ်ပေပြီဟု တွေးတော ဆင်ခြင် အောက်မေ့လိုက်၏။ ထိုအခိုက် မဂ်ကိုဆင်ခြင်သော စိတ်အစဉ် တည်းဟူသော ပစ္စဝေက္ခဏာဝီထိဖြစ်၏။ ယခုအခါ မပျက်မစီး တည်သော နိဗ္ဗာန်တရားကို မြင်ပြီးသော အကျိုးတရားသည်၊ ကေန်ရှိပေပြီဟု အောက်မေ့တွေးတောလိုက်၏။ ထိုအခိုက် ဖိုလ် ကိုဆင်ခြင်သော စိတ်အစဉ်တည်းဟူသော ပစ္စဝေက္ခဏာဝီထိ ဖြစ် ၏။ ယခုအခါ အယူမှားခြင်း, ယုံမှားခြင်း, စသောတရား တို့သည် ကေန်မရှိပြီဟု တွေးတောဆင်ခြင်လိုက်၏။ ထိုအခိုက်ပယ်အပ် သောကိလေသာကို ဆင် ခြင် သော စိတ် အ စဉ် တည်းဟူသော ပစ္စဝေက္ခဏာ ဝီထိဖြစ်၏။ ထိုမှတပါးသော ကိလေသာတို့သည် ကျန်သေး၏ဟုတွေးတောဆင်ခြင်အောက်မေ့လိုက်၏။ ထိုအခိုက် ကျန်သော ကိလေသာတို့ကို ဆင်ခြင်သော စိတ်အစဉ် တည်းဟူ သော ပစ္စဝေက္ခဏာဝီထိဖြစ်၏။ ထိုကဲ့သို့ ပစ္စဝေက္ခဏာ ဇောတို့ ပါ ကျရောက်လျက်၊ နိရောဓသစ္စာကို ဒိဋ္ဌတွေ့မြင် ပြီး သော ပုဂ္ဂိုလ်ကို၊ သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သည်။ သောတာ ပန်အဖြစ်သို့ ရောက် ပြီး သော ပုဂ္ဂိုလ် သည်၊ အောက် က နည်း အတိုင်း သုံးသပ်ပြန်၍၊ သောတာပတ္တိ မဂ်နည်းအတူ နိရောဓ

သစ္စာကို ဒိဋ္ဌမျက်မှောက်ပြု၍၊ သစ္စာလေးပါးလုံးကို တပြိုင်နက် တချက်တည်းသိမြင်လျှင်၊ ဖိုလ်ဇော, ပစ္စဝေက္ခဏာဇော, တို့ သည်လည်း ဖြစ်ခဲ့ကုန်အံ့။ ထိုပုဂ္ဂိုလ်ကို သကဒါဂါမ် ပုဂ္ဂိုလ်ဟု ခေါ်အပ်သည်။ ထိုပုဂ္ဂိုလ်၌မူကား၊ ရုန့်ရင်းသော ကာမရာဂ, ဗျာပါဒ, တရားတို့ ကုန်ခန်းလေ၏။ သိမ်မွေ့သော ကာမရာဂ, ဗျာပါဒ, စသောတရားတို့သည် ကျန်သေး၏။ သကဒါဂါမ်ဖြစ် ပြီးသော ပုဂ္ဂိုလ်သည် အောက်ကနည်းအတိုင်း၊ သုံးသပ်ပြန်၍ သောတာပတ္တိမဂ်နည်းတူ၊ နိရောဓသစ္စာကို ဒိဋ္ဌ မျက်မှောက်ပြု၍၊ သစ္စာလေးပါးလုံးကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိ မြင်ပြီးလျှင်၊ ဖိုလ်ဇော, ပစ္စဝေက္ခဏာဇော, တို့သည်လည်းဖြစ်ခဲ့ ကုန်အံ့။ ထိုပုဂ္ဂိုလ်ကို အနာဂါမ် ပုဂ္ဂိုလ်ဟု ခေါ်အပ်သည်။ ထိုပုဂ္ဂိုလ်၌မူကား၊ သိမ်မွေ့သော ကာမရာဂ,ဗျာပါဒ, တရား တို့သည် မရှိလေပြီ။ ကုန်ခန်းလေတော့၏။ ရူပရာဂ,အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ,တရားတို့သည် ကျန်သေး၏။ ဤပြဆိုအပ် ပြီးသော ပုဂ္ဂိုလ်သုံးယောက်တို့တွင် သောတာပန် ပုဂ္ဂိုလ်ထက်၊ သကဒါဂါမ် ပုဂ္ဂိုလ်သည် လွန်ကဲစွာ သစ္စာလေးပါး တရားတို့ကို ဝေဘန်နိုင်၏။ သကဒါဂါမ် ပုဂ္ဂိုလ်ထက်၊ အနာဂါမ် ပုဂ္ဂိုလ်သည် သာ၍ဝေဘန်နိုင်၏ဟု မှတ်လေ။ ထိုမှတပါး ပယ်အပ်သောကိလေ သာ စသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိချင်းလည်း မတူကြဟုမှတ်လေ။ နိရောဓ သစ္စာကို အာ ရုံ ပြု ပုံ မှာ မူ ကား မထူးပြီ- အတူတူပင်တည်း။ ၎င်းအနာဂါမ်ပုဂ္ဂိုလ်သည် ရှေးနည်း အတိုင်းသုံးသပ်၍ ဆိုအပ်ပြီးသော နည်းအတိုင်း အထူးဝိသေသ တွေ့ကြုံဆိုက်ရောက်ပြန်သော်၊ ရဟန္တာဖြစ်လေ၏။ ၎င်းပုဂ္ဂိုလ်၌ မူကား၊ အလုံးစုံသော ကိလေသာတို့သည် ကုန်ခမ်းလေ၏ဟုမှတ်။

အားထုတ်ကြလေ၊ အားထုတ်တိုင်းလည်း ဆိုက်ရောက် ကြစေကုန်သတည်း။

ခေတ်တဆဲ့ ရှစ်ပါးတို့၏ အစွမ်းဖြင့် ဝိပဿနာ ဘာဝနာပွားမှု နည်းလမ်းကိုပြပြီး၍၊ ယခုအခါ မဂ်လေးပါးတို့၏ အစဉ်အတိုင်း ကိလေသာပယ်မှုကို သိကြောင်းဖြစ်သော နည်းလမ်းကိုပြဆိုဦးအံ့။ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သော သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, တည်းဟူသော သံယောဇဉ် တရားသုံးပါးတို့ကို အကြွင်းမရှိ ပယ်အပ်ကုန်၏။ ထိုသို့ ပယ်အပ်သည့်၏အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည်၊ ဓမ္မသင်္ဂဏီပါဠိတော် - နိက္ခေပကဏ္ဍ ဒဿနေန ပဟာတဗ္ဗတိက်၌။ ။ကတမေဓမ္မာ ဒဿနေန ပဟာတဗ္ဗာ၊ တီဏိသံယောဇနာနိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသော ဟူ၍ ဟောတော်မူလေသည်။ (မြန်မာပြန်ကား) ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့ကို။ ဒဿနေန၊ သောတာပတ္တိမဂ်သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်သနည်း။ သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသောဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါး အပေါင်း၌ဖြစ်သော သတ္တဝါ, ပုဂ္ဂိုလ်, အတ္တ, ဟူ၍ ယူသော သက္ကာယဒိဋ္ဌိလည်းကောင်း။ ဝိစိကိစ္ဆာ၊ ဗုဒ္ဓ, ဓမ္မ, သံဃ, သိက္ခာ, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ရှစ်ပါးသောတရားတို့၌ ယုံမှားခြင်း လည်းကောင်း။ သီလဗ္ဗတပရာမာသော၊ ခွေး, နွား စသည်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟူ၍ မှားသောအားဖြင့် သုံးသပ်တတ်သော အယူလည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့

ဟောတော်မူအပ်သည့်ကို ထောက်၍လည်းကောင်း။ ။နေတ္တိ ပါဠိတော် - ဝိစယဟာရဝိဘင်း၌။ ။ဒဿနေန တီဏိ သံယော ဇနာနိ ပဟီယန္တိ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော၊ ဟူ၍ ဟောတော်မူအပ်သည်။ (မြန်မာပြန်ကား) ဒဿနေန၊ နိဗ္ဗာန်ကို မြင်ဆဲဖြစ်သော သောတာပတ္တိမဂ်သည်။ သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သောခန္ဓာငါးပါး အပေါင်း၌ ဖြစ်သော သတ္တဝါ, ပုဂ္ဂိုလ်, အတ္တ ဟူ၍ ယူသော သက္ကာယဒိဋ္ဌိလည်းကောင်း။ ဝိစိကိစ္ဆာ၊ ဗုဒ္ဓ, ဓမ္မ, သံဃ, သိက္ခာ, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာ ပရန္တ, ပဋိစ္စသမုပ္ပါဒ, တည်းဟူသော ရှစ်ပါးသောတရားတို့၌ ယုံမှားခြင်းလည်းကောင်း။ သီလဗ္ဗတ ပရာမာသော၊ ခွေး,နွား,စသည်တို့၏အလေ့ အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟူ၍ မှားသော အားဖြင့် သုံးသပ်တတ်သော အယူ လည်းကောင်း။ ဣတိ၊ဤသို့၊ တီဏိ၊သုံးပါးကုန်သော။ သံယော ဇနာနိ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ပယ်အပ်ကုန်၏။ ဤသို့ဟော တော်မူအပ်သော ပါဠိတော်ကို ထောက်၍လည်းကောင်း။ ထို့မှ တပါး၊ခုဒ္ဒကပါဌပါဠိတော်,သုတ္တနိပါတ်ပါဠိတော်,ရတနသုတ်၌။ သဟာဝဿဒဿန သမ္ပဒါယ၊တယဿုဓမ္မာ ဇဟိတာဘဝန္တိ၊သက္ကာ ယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံဝါပိ။ဟူ၍ဟောတော်မူအပ်သည်။ (မြန်မာမြန်ကား) အဿ၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ ဒဿန သမ္ပဒါယ၊ သောတာပတ္တိမဂ်ဉာဏ်၏ ပြည့်စုံခြင်းနှင့်။ သဟာဝ၊ တကွနက် သာလျှင်။ ဇဟိတာ၊ စွန့်အပ်ကုန်သော။ ဓမ္မာ၊ ကိလေသာ တရားတို့သည်။ သက္ကာယ ဒိဋ္ဌိစ၊ ထင်ရှားရှိသော ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်း၌ဖြစ်သော

သတ္တဝါ, ပုဂ္ဂိုလ်, အတ္တ, ဟူ၍ ယူသော သက္ကာယဒိဋ္ဌိလည်းကောင်း။ ဝိစိကိစ္ဆိတာဥ္စ၊ ဗုဒ္ဓ, ဓမ္မ, သံဃ, သိက္ခာ, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ, တည်းဟူသော ရှစ်ပါးသောတရားတို့၌ ယုံမှားခြင်းလည်းကောင်း။ သီလဗ္ဗတံဝါပိ၊ ခွေး, နွား, စသည်တို့၏ အလေ့, အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ ဟူ၍ မှားသောအားဖြင့် သုံးသပ်တတ်သော အယူလည်းကောင်း။ ဇဟိတံ၊ ဤသို့။ တယော၊ သုံးပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ။ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း။ သောတာပတ္တိမဂ်သည် သက္ကာယ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, တည်းဟူသော သံယောဇဉ်သုံးပါး တ ရား တို့ ကို ပယ် အပ် သည် ၏ အဖြစ်ကို သိကြလေ။

ဤပြဆိုအပ်ပြီးသော သောတာပတ္တိမဂ် ပယ်အပ်သောတရား သုံးပါးတို့၌ အ ကျုံး ဝင် သော သက္ကာယဒိဋ္ဌိဟူသော ပုဒ်၌။ သက္ကာယဟူသော ပုဒ်အရကို၊ အဘယ်သို့ သိအပ်ပါသနည်းဟူ ငြားအံ့။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော လောကီခန္ဓာငါး ပါးအပေါင်းကိုပင်၊ သက္ကာယဟု ခေါ်အပ်သည်၏ အဖြစ် ကို သိအပ်၏။ ထိုသို့ သိအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော် မူလိုသော မြတ်စွာဘုရားသည် ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်-အန္တဝဂ်၌။ ။ကတမောစ ဘိက္ခဝေ သက္ကာယော၊ ပဉ္စုပါဒါနက္ခန္ဓာ တိဿဝစနီယံ၊ ကတမေပဉ္စ သေယျထိဒံ ရူပုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါ နက္ခန္ဓော၊ သညုပါဒါနက္ခန္ဓော၊ သင်္ခါရု ပါဒါ နက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေသက္ကာယော။ ။ဟူ၍ ဟောတော်မူအပ်သည်။

(မြန်မာပြန်ကား)။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်တရားသည်သာလျှင်။ သက္ကာယော၊ သက္ကာယမည်သနည်း။ ပဥ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်တရားတို့၏. အာရုံဖြစ်သော ငါးပါးသော ခန္ဓာတို့တည်း။ ဣတိ၊ ဤသို့။ဝစနီယံ၊ဆိုအပ်သည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။ ပဥ္စ၊ ငါးပါးကုန်သော။ ကတမေ၊ ဥပါဒါနက္ခန္ဓာ၊ ဤဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာတို့သည်။ သေယျထာ-ကတမေ၊ အဘယ်သည်တို့နည်း။ ရူပုပါဒါနက္ခန္ဓော၊ ဥပါဒါန် တရားတို့၏ အာရုံ ဖြစ်သော ရူပက္ခန္ဓာ လည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓော၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဝေဒနက္ခန္ဓာ လည်းကောင်း။ သညုပါဒါနက္ခန္ဓော၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သညက္ခန္ဓာလည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓော၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သောသင်္ခါရက္ခန္ဓာလည်းကောင်း။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာလည်းကောင်း။ ဣတိကတမေ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။အယံ ဤဥပါဒါန်တရားတရားတို့၏ အာရုံဖြစ်သော ငါးပါးသော ခန္ဓာကို။ သက္ကာယောတိ၊ သက္ကာယမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာ ငါးပါးအပေါင်းကို သက္ကာယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုထင်ရှားသိကြလေ။ ဘုရား ရှင် သည်၊ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့ကိုသက္ကာယဟုဟောတော်မူအပ်၏။ ထိုသို့ဟောတော်မူအပ်သော သက္ကာယဟူသောပါဠိ၌။ သ-သဒ္ဒါသည်(သန္တ)ပုဒ်ဖြစ်၏။ထိုသန္တ-ပုဒ်သည်၊ ထင်ရှားရှိသော (ဝိဇ္ဇမာန) အနက်ကို ဟော၏။ ကာယ-ပုဒ်

သည်။(ခန္ဓပဥ္စက)အနက်ကို ဟော၏။ ထိုသို့ဟောခြင်းကြောင့်။ သန္တောကာယော သက္ကာယော ဟု ကမ္မဓာရည်းသမာသ် ပြုရာ၏။ သန္တော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်း။ သက္ကာယော၊ပရမတ္ထအားဖြင့် ထင်ရှားရှိသောဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်း။ ။၎င်းသမာသ် ပုဒ်၏ အရကား။ ဥပါဒါန်တို့၏ အာရုံဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်, တည်းဟူသော ခန္ဓပဥ္စက တရားတို့ကိုသာရ၏ဟု မှတ်။ထိုသို့ရကြောင်းကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည်။ ဝိဇ္ဇမာနဋ္ဌေန သတိ၊ ခန္ဓပဥ္စက သင်္ခါတေကာယေ။ ။ဟူ၍မိန့်ပြီ။

( မြန်မာပြန်ကား )။ ။ဝိဇ္ဇမာနဋ္ဌေန၊ ထင် ရှား ရှိ သော အနက်ကြောင့်၊ သတိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ခန္ဓပဥ္စက သင်္ခါတေ၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်တည်းဟူသောခန္ဓာငါးပါးအပေါင်းဟုဆိုအပ်သော။ကာယေ၊ကာယ၌။ အဓိပ္ပါယ်ကား။ သက္ကာယ ဆိုသည်မှာ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော လောကီခန္ဓာ ငါးပါးအပေါင်းကိုသာ ဆိုအပ်သည်ဟုလို။ အဘယ်ကြောင့်၊ လောကီ ခန္ဓာငါးပါး အပေါင်းကို၊ သက္ကာယဟုဆိုအပ်လေသနည်းဟူမူ။ သက္ကာယ၌ သန္တသဒ္ဒါသည်။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနအနက်၌ဖြစ်၏။ ကာယသဒ္ဒါသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, တည်းဟူသော လောကီခန္ဓာ ငါးပါးအပေါင်း၌ ဖြစ်၏ဟု သိစေခြင်းငှါ။

ဝိဇ္ဇမာနတ္တေန သတိ၊ ခန္ဓပဉ္စက သန်္ဒါဘော ကာယော။ ။ဟူ၍ပင် ဖွင့်ပြအပ်ပေသည်ဟုမှတ်။ ထိုသို့ဖွင့်ပြအပ်သောကြောင့်၊ သက္ကာယဟုဆိုလျှင် စင်စစ် ပရမတ္ထ သဘောအားဖြင့် ထင်ရှားရှိသော လောကီခန္ဓာငါးပါးအပေါင်းပင်တည်းဟုမှတ်။

ဤအဋ္ဌကထာ၌သာ ဖွင့်ပြအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (၁၀) ကြောင်းပေ။ ပါး ချုပ် အ တွင်း ဘက် (၁၀)ကြောင်းထက်၌။ ။သတိကာယော၊ သန္တိဝါ ကာယော၊ ကာယောတိ စေတ္ထ ခန္ဓပဉ္စကံ။ ဟူ၍ပင် ဖွင့် ပြ သေး ၏ဟု မှတ်။ သတိ၊ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိသော။ ကာယော၊ လောကီခန္ဓာငါးပါးအပေါင်း၌။ဝါ။တနည်းကား။ သန္တိ၊ပရမတ္ထ အားဖြင့် ထင်ရှားရှိသော။ ကာယော၊ လောကီ ခန္ဓာငါးပါး အပေါင်း၌။ စ၊အသူးမှတ်ဘွယ်ကို ဆိုဦးအံ့။ ဧတ္ထ၊ ဤသက္ကာယ ဟူသောပုဒ်၌။သမာတိနိဒ္ဒိဋ္ဌေသု၊ ကောင်းစွာ အကျုံးဝင်သော။ ကာယောတိ ပဒေသု၊ ကာယောဟူသောပုဒ်၏။ ခန္ဓာ ပဉ္စကန္တိ အတ္ထော၊ ခန္ဓပဉ္စ ကံ ဟူ သော အ နက် ကို။ ဝါ၊ ခန္ဓာငါးပါး အပေါင်းဟူသော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ အဓိပ္ပါယ် ကား။ သက္ကာယ၌-သန္တသဒ္ဒါသည် ပရမတ္ထ အားဖြင့် ထင်ရှားရှိခြင်းအနက်။ ကာယသဒ္ဒါသည် လောကီခန္ဓငါးပါး အပေါင်းဟူသော အနက်ကိုဟော၏။ ထို့ကြောင့် သက္ကာယဆိုလျှင်၊ စင်စစ် လောကီ ခန္ဓာငါးပါးကိုသာကောက်ယူလေဟူသော အဓိပ္ပါယ်ကို မှုချ အဋ္ဌကထာရှင်တို့ ပြအပ်သည်ဟုမှတ်။ ထိုသို့ ပြအပ်သော ကြောင့်သက္ကာယဆိုလျှင်၊ စင်စစ်လောကီခန္ဓာငါးပါးအပေါင်းကို

သာ ရပေ၏ဟု မှတ်ကြလေကုန်။ ။ဤအဋ္ဌကထာ၌သာ မိန့်အပ်သည်မဟုတ်သေး။သုတ္တနိပါတ်အဋ္ဌကထာ-ရတနသုတ်အဖွင့်၌လည်း။ သတိကာယော၊ ဝိဇ္ဇမာနေ ဥပါဒါနက္ခန္ဓ ပဉ္စကသင်္ခါတေ ကာယော။ ။ဟူ၍ မိန့်ဆိုအပ်သေး၏။ (မြန်မာပြန်ကား) သတိ၊ ထင်ရှားရှိသော။ ကာယော၊ လောကီခန္ဓာ ငါးပါးတို့၏ အပေါင်းဟုဆိုအပ်သော ကာယ၌။ ဝိဇ္ဇမာနေ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ဥပါဒါနက္ခန္ဓ ပဉ္စက သင်္ခါတေ၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော လောကီခန္ဓာငါးပါးတို့၏ အပေါင်းဟုဆိုအပ်သော။ ကာယော၊ ကာယ၌။ ။ဤသို့ ဖွင့်ပြ အပ်သော သုတ္တနိပါတ် အဋ္ဌကထာကို ထောက်၍လည်း၊ သက္ကာယဆိုအပ်သည်မှာ၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော လောကီ ခန္ဓာငါးပါးအပေါင်းကိုသာဆိုအပ်သည်၏အဖြစ်ကို သိလေ။ ဤအဋ္ဌကထာ၌သာ မိန့်အပ်သည်မဟုတ်သေး၊ ခုဒ္ဒကပါဌ အဋ္ဌကထာ-ရတနသုတ် အဖွင့်၌လည်း။ ။သတိကာယေ ဝိဇ္ဇမာနေ ဥပါဒါနက္ခန္ဓ ပဉ္စကသင်္ခါတေ ကာယေ။ ဟူ၍ပင် မိန့်ဆိုလေသေး၏။ (မြန်မာပြန်ကား)ရှေးသုတ္တ နိပါတ်အဋ္ဌကထာနှင့်တူ၏။ ဤသို့ပြဆိုအပ်သော ပါဠိတော်, အဋ္ဌကထာ,တို့ကို ထောက်၍ သက္ကာယဟုဆိုအပ်သည်မှာ တခြားကိုမဆိုအပ်။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ်,တည်းဟူသော လောကီ ခန္ဓာငါးပါး အပေါင်းကိုသာ ဆိုအပ်သည်ဟု မှတ်ယူကြလေ။

ထိုသို့ဆိုအပ်ပြီးသော သက္ကာယဟုဆိုအပ်သော လောကီခန္ဓာငါးပါးတို့ကို အာရုံပြု၍၊ ငါ,သူ,သတ္တဝါ,အတ္တ,စသည်ဖြင့် စွဲလမ်း

ရှုနေသောအယူဝါဒကို သက္ကာယ ဒိဋ္ဌိဟု ခေါ်ဆိုအပ်သည်။ ယိုသို့ ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေသော်မူလိုသော ဘုရား ရှင်သည်။ ဇင်းစမ္မသင်္ဂဏိပါဠိတော်-ဒဿနေန ပဟာတဗ္ဗတိကဲ၌ ပင်၊ ကတမာ သက္ကာယဒိဋ္ဌိ၊' ဣဓ အဿုတဝါ ပုထုဇ္ဇနော။ လ၊ ရူပံအတ္တတော သမနုပဿတိ။ လ။ ဝေဒနံ အတ္တတော သမနု ပဿတိ။ လ။ သညာ အတ္တတော သမနုပဿတိ။ လ။ သင်္ခါရေ အတ္တတော သမနုပဿတိ။ လ။ ဝိညာဏံ အတ္တတော သမနုပဿတိ။ ။ဟူ၍ ဟောတော်မူအပ်လေသည်။ (မြန်မာပြန်ကား။)ကတမာ၊ အဘယ်သည်။ သက္ကာယဒိဋ္ဌိ၊သက္ကာ ယဒိဋ္ဌိမည်သနည်း။ ဣဓ၊ ဤလောက၌။ အဿုတဝါ၊ အကြား အမြင်မရှိသော။ ပုထုဇ္ဇနော၊ပုထုဇ္ဇန်သည်။ လ။ ရူပံ၊ရုပ်တရားကို အတ္တတော၊ ငါ့၊သူ့၊သတ္တဝါ၊အတ္တ တကယ်ဟုတ်၏ဟူသော အယူ အားဖြင့်။ သမနုပဿတိ၊ ရှု၏။ ။လ။ဝေဒနံ၊ အာရုံခြောက် ပါးတို့တွင် တပါးပါးကိုခံစားတတ်သော ဝေဒနာကို။အတ္တတော၊ ငါ့၊သူ့၊သတ္တဝါ၊ အတ္တ တကယ်ဟုတ်၏ ဟူသောအယူ အားဖြင့်။ သမနုပဿတိ၊ ရှု၏။လ။ သညံ၊ အာရုံခြောက်ပါးတို့တွင် တပါး ပါးကို အာရုံပြု၍ မှတ်တတ်သော သညာကို။အတ္တတော၊ငါ့၊ သူ့၊ သတ္တဝါ၊အတ္တ တကယ်ဟုတ်၏ဟူသော အယူအားဖြင့်။ သမနု ပဿတိ၊ ရှု၏။ လ။သင်္ခါရေ၊ ပြုပြင်တတ်ကုန်သော သင်္ခါရက္ခန္ဓာ တရားတို့ကို။ အတ္တတော၊ ငါ့၊သူ့၊သတ္တဝါ၊အတ္တ တကယ်ဟုတ်၏ ဟူသော အယူအားဖြင့်။သမနုပဿတိ၊ရှု၏။ လ။ဝိညာဏံ၊ အာရုံ ခြောက်ပါးတို့တွင် တပါးပါးကို သိတတ်သော ဝိညာဏ်ကို။ အတ္တတော၊ ငါ့၊သူ့၊ သတ္တဝါ၊ အတ္တ တကယ်ဟုတ်၏ ဟူသော

အယူအားဖြင့်။ သမနုပဿတိ၊ ရှု၏။ ။အဓိပ္ပါယ်ကား။ အကြား အမြင်မရှိသော ပုထုဇ္ဇန်သည်။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တည်းဟူသော လောကီခန္ဓာငါးပါး တရားတို့ကို အာရုံပြု၍၊ ငါ, သူ, သတ္တဝါ, အတ္တ, တကယ်ဟုတ်၏ ဟူသော မိစ္ဆာအယူဖြင့် ရှုသည်၏အဖြစ်ကို ပြဆိုတော်မူအပ်၏။ ထိုသို့ပြဆိုအပ်သော ဒေသနာကိုထောက်၍ လောကီခန္ဓာ ငါးပါး တရား အပေါင်းသည် အာရုံဖြစ်သော သက္ကာယတရားဖြစ်၏။ ငါ, သူ, သတ္တဝါ, အတ္တတကယ်ဟုတ်၏ဟူသော အယူဖြင့် ရှုမှုတည်းဟူသော အရမ္မဏိကတရားသည် ဒိဋ္ဌိတရားဖြစ်၏။ ထိုသို့ဖြစ်သော ဒိဋ္ဌိတရားကို (သက္ကာယ ဒိဋ္ဌိ)ဟု ဆိုအပ်သည်။

ထင်ရှားရှိသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တည်းဟူသော လောကီခန္ဓာငါးပါးအပေါင်းကို အာရုံပြု၍ ငါ, သူ, သတ္တဝါ, အတ္တအားဖြင့် ရှုသော အယူမျိုးသည်သာလျှင်၊ သက္ကာယဒိဋ္ဌိ ဖြစ်သည်မဟုတ်သေး။ ငါ၏ဥစ္စာဟု အတ္တနိယဖြင့် နှလုံးသွင်း၍ ယူမှုသည်လည်း သက္ကာယဒိဋ္ဌိပင်ဖြစ်၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် - ဒိဋ္ဌိကထာ၌။ ။ရူပံ တော် မမ။လ။အဘိနိဝေသော ပရာမာသော ဒိဋ္ဌိ၊ ဝေဒနံ တော် မမ။လ။အဘိနိဝေသော ပရာမာသော ဒိဋ္ဌိ။ သညံ တော် မမ။လ။အဘိနိဝေသော ပရာမာသော ဒိဋ္ဌိ။ သင်္ခါရေ တော် မမ။လ။အဘိနိဝေသော ပရာမာသော ဒိဋ္ဌိ။ ဝိညာဏံ တော် မမ။လ။အဘိနိဝေသော ပရာမာသော ဒိဋ္ဌိ ဟူ၍ ဟောတော်မူလေသည်။ (မြန်မာပြန်ကား) ကထံ၊ အဘယ်သို့လျှင်။ အဘိနိဝေသော၊ နှလုံးသွင်း၍။ ပရာမာသော၊ မှန်သောအယူမှ တပါးသောမှားသော

အယူဖြင့် သုံးသပ်ခြင်းသည်။ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်သနည်း။ ရူပံ၊ ထင်ရှားရှိသောရုပ်တရားကို။ တော၊ ဤရုပ်တရားသည်။ မမ၊ ငါဆိုသော သတ္တဝါ၏။ သန္တကံ၊ ပိုင်ဆိုင်သော ဥစ္စာပေတည်း။လ။ ဣတိ၊ ဤသို့။ အဘိနိဝေသော၊ နှလုံးသွင်း၍။ ပရာမာသော၊ မှန်သောအယူမှ တပါးသော မှားသောအယူဖြင့် သုံးသပ်ခြင်းသည်။ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်။ ဝေဒနံ၊ ထင်ရှားရှိသော ခံစားတတ်သော ဝေဒနာတရားကို။ တော၊ ဤဝေဒနာတရားသည်။ မမ၊ ငါဆိုသောသတ္တဝါ၏။ သန္တကံ၊ ပိုင်ဆိုင်သော ဥစ္စာပေတည်း။ လ။ ဣတိ၊ ဤသို့။ အဘိနိဝေသော၊ နှလုံးသွင်း၍။ ပရာမာသော၊ မှန်သောအယူမှ တပါးသော မှားသောအယူဖြင့် သုံးသပ်ခြင်းသည်။ဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိမည်၏။လ။သညံ၊ထင်ရှားရှိသောသညာတရားကို။ တော၊ ဤသညာတရားသည်။ မမ၊ ငါဆိုသောသတ္တဝါ၏။ သန္တကံ၊ ပိုင်ဆိုင်သော ဥစ္စာပေတည်း။လ။ဣတိ၊ ဤသို့။ အဘိနိဝေသော၊ နှလုံးသွင်း၍၊ ပရာမာသော၊ မှန်သောအယူမှ တပါးသောမှားသောအယူဖြင့် သုံးသပ်ခြင်းသည်။ဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိမည်၏။ သင်္ခါရေ၊ ပြုပြင်တတ်ကုန်သော သင်္ခါရက္ခန္ဓာတရားတို့ကို။ တော၊ ဤသင်္ခါရက္ခန္ဓာတရားသည်။မမ၊ငါဆိုသော သတ္တဝါ၏။သန္တကံ၊ ပိုင်ဆိုင်သော ဥစ္စာပေတည်း။ လ။ဣတိ၊ ဤသို့၊ အဘိနိဝေသော၊ နှလုံးသွင်း၍။ ပရာမာသော၊ မှန်သောအယူမှ တပါးသောမှားသော အယူဖြင့် သုံးသပ်ခြင်းသည်။ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ဝိညာဏံ၊ ထင်ရှားရှိသော သိမှုတည်းဟူသော ဝိညာဏ်တရားကို။ တော၊ ဤဝိညာဏ်တရားသည်။ မမ၊ ငါဆိုသော သတ္တဝါ၏။ သန္တကံ၊ ပိုင်ဆိုင်သော ဥစ္စာပေတည်း။လ။ဣတိ၊ ဤသို့။ အဘိနိဝေသော၊ နှလုံးသွင်း၍။ ပရာမာသော၊ မှန်သောအယူမှ တပါးသော မှား

သောအယူဖြင့် သုံးသပ်ခြင်းသည်။ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင်၊ ရူပံ,ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏံဟူသောပါဠိတို့ဖြင့်၊ ထင်ရှားရှိသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်တည်းဟူသော လောကီ ခန္ဓာ ငါးပါး တရားတည်းဟူသောသက္ကာယတရားကို ပြဆိုအပ်၏။ ဧတံ မမ၊ လ။ အတိနိဝေသော ပရာမာသော ဒိဋ္ဌိ။ ဟူသောပါဠိ တို့ဖြင့်။ ထို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတို့ကို အာရုံပြု၍ သတ္တဝါ၏ ဥစ္စာအဖြစ်ဖြင့် ရှုတတ်သော ဒိဋ္ဌိတရားကို ပြဆိုအပ်၏။ ထို့ကြောင့်။ ၎င်းဒိဋ္ဌိသည်လည်း။ သက္ကာယဒိဋ္ဌိ ဖြစ်၏ဟုမှတ်ကြလေ။

ထိုသက္ကာယဒိဋ္ဌိကို ပယ်အပ်သည်ရှိသော်။ အလုံးစုံသောဒိဋ္ဌိ ဟူသမျှတို့ကို ပယ်အပ်သည်သာလျှင်တည်း။ အဘယ်ကြောင့် ပယ်အပ်လေသနည်းဟူမူ။အလုံးစုံသော ဒိဋ္ဌိတို့သည်။ ထိုသက္ကာယ ဒိဋ္ဌိသာလျှင် အကြောင်းရင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာရှင်သည်၊ ရတနသုတ်- သဟာ ဝဿဒဿန သမ္ပဒါယ ဂါထာအဖွင့်၌။ တဿာစ ပဟီနတ္တာ သဗ္ဗဒိဋ္ဌိဂတာနိ ပဟီနာနေဝ ဟောန္တိ၊ သာဟိနေသံ မူလံ။ ဟူ၍ မိန့်ဆိုအပ်လေသည်။ထိုနည်းအတူ၊ သုတ္တနိပါတ်အဋ္ဌကထာ၌၊ လည်းဆိုလေ၏။ (မြန်မာပြန်ကား)စ၊အထူးကို ဆိုဦးအံ့။တဿာ၊ ထိုသက္ကာယဒိဋ္ဌိ၏။ ဝါ၊ သက္ကာယဒိဋ္ဌိ၏။ ပ ဟီ န တ္တာ၊ ပယ်အပ် သည်ဖြစ်၏ အဖြစ်ကြောင့်။ သဗ္ဗဒိဋ္ဌိဂတာနိ၊ အလုံးစုံ ကုန် သော မိစ္ဆာ ဒိဋ္ဌိ သ ဘော တ ရား တို့ ကို။ ပဟီ နာ နေ ဝ၊ ပယ် အပ် ကုန် သည် သာ လျှင်။ ဟော န္တိ၊ ဖြစ် ကုန် ၏။ ဟိ က သ္မာ၊

အဘယ်ကြောင့်။ ပဟီနာနိ၊ ပယ်အပ်ကုန်သနည်း။ သာ၊ ထိုသက္ကာယဒိဋ္ဌိသည်။ နေသံ၊ ထိုအလုံးစုံသော မိစ္ဆာဒိဋ္ဌိတို့၏။ မူလံ၊ အကြောင်းရင်းသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ပဟီနာနိ၊ ပယ်အပ်ကုန်၏။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍၊ သက္ကာယဒိဋ္ဌိကို ပယ်အပ်သည်ရှိသော်။ အလုံးစုံသော ဒိဋ္ဌိတို့ကို ပယ်အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ထို သောတာပတ္တိမဂ် ပယ်အပ်သော တရားသုံးပါးတို့တွင်၊ ဝိစိကိစ္ဆာ သံယောဇဉ်ဟူသည် အဘယ်နည်း ဟူငြားအံ့။ ဘုရား၌ ယုံမှားခြင်း, တရား၌ယုံမှားခြင်း, သံဃာ၌ ယုံမှားခြင်း, သိက္ခာ၌ ယုံမှားခြင်း, ရှေး၌ဖြစ်ဘူးသော ခန္ဓာ၌ ယုံမှားခြင်း။ နောင်ဖြစ်လတံ့သော ခန္ဓာ၌ ယုံမှားခြင်း, ရှေး၌ ဖြစ်ဘူးသော ခန္ဓာ-နောင်ဖြစ်လတံ့သောခန္ဓာ နှစ်ပါးစပ်၍ ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ် တရား၌ ယုံမှားခြင်း, ဤရှစ်ပါးသော ယုံမှားခြင်း တရားကို ဆိုအပ်သည်။ ထိုသို့ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေလိုသော မြတ်စွာဘုရားသည်။ ဓမ္မသင်္ဂဏီပါဠိတော်-နိက္ခေပကဏ္ဍ။ ဒဿနေန ပဟာတဗ္ဗတိက်၌။ တတ္ထကတမာ ဝိစိကိစ္ဆာ၊ သတ္ထရိကင်္ခတိ ဝိစိကိစ္ဆတိ၊ ဓမ္မေကင်္ခတိ ဝိစိကိစ္ဆတိ၊ သံဃေကင်္ခတိ ဝိစိကိစ္ဆတိ။ သိက္ခာယကင်္ခတိ ဝိစိကိစ္ဆတိ၊ ပုဗ္ဗန္တေ ကင်္ခတိ ဝိစိကိစ္ဆတိ။ အပရန္တေကင်္ခတိ ဝိစိကိစ္ဆတိ။ ပုဗ္ဗန္တာပရန္တေကင်္ခတိ ဝိစိကိစ္ဆတိ။ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ ဝိစိကိစ္ဆတိ။ ယာဧဝရူပါ ကင်္ခါ ကင်္ခါယနာ ကင်္ခါယိတတ္တံ ဝိမတိ ဝိစိကိစ္ဆာ ဒွေဠှကံ ဒွေဓါပထော သံသယော

အနေကံသင်္ဂါဟော အာသပ္ပနာ ပရိသပ္ပနာ အပရိယောဂါဟနာ ထမ္ဘိတတ္တံ စိတ္တဿ မနောဝိလေခေါ၊ အယံ ဝုစ္စတိ ဝိစိကိစ္ဆာ။ ။ ဟူ၍ဟောတော်မူအပ်သည်။ (မြန်မာပြန်ကား) တတ္ထ၊ ထိုသုံးပါးတို့တွင်။ ကတမာ၊ အဘယ်တရားသည်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဒသံယောဇဉ်မည်သနည်း။ သတ္ထရိ၊ မြတ်စွာဘုရား၌။ ကင်္ခတိ၊ ယုံမှား၏။ ဝိစိကိစ္ဆတိ၊ အာရုံကို ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ပင်ပန်း၏။ ဓမ္မေ၊တရားတော်၌။ ကင်္ခတိ၊ယုံမှား၏။ ဝိစိကိစ္ဆတိ၊ အာရုံကို ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ပင်ပန်း၏။ သံဃေ၊ သံဃာတော်၌။ ကင်္ခတိ၊ ၏။ ဝိစိကိစ္ဆတိ၊ အာရုံကိုဆုံးဖြတ်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ပင်ပန်း၏။ သိက္ခာယ၊ သိက္ခာ၌။ ကင်္ခတိ၊ ၏။ ဝိစိကိစ္ဆတိ၊ ၏။ ပုဗ္ဗန္တေ၊ ရှေးခန္ဓာ၌။ ကင်္ခတိ၊ ၏။ ဝိစိကိစ္ဆတိ၊ ၏။ အပရန္တေ၊ နောင် ဖြစ်လတ္တံ့သော ခန္ဓာ၌။ ကင်္ခတိ၊ ၏။ ဝိစိကိစ္ဆတိ၊ ၏။ ပုဗ္ဗန္တာပရန္တေ၊ ရှေး၌ ဖြစ်ဘူးသောခန္ဓာ၊ နောင်ဖြစ်လတ္တံ့သော ခန္ဓာ၌။ ကင်္ခတိ၊ ၏။ ဝိစိကိစ္ဆတိ၊ ၏။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု၊ ဤဇရာ,မရဏ, စသည်တို့၏ အကြောင်းဖြစ်သော ဇာတိစသောတရား, ဇာတိစသည်ကိုစွဲ၍ဖြစ်သောဇရာ,မရဏ,စသော အကျိုးဖြစ်ကုန်သော။ ဓမ္မေသု၊ သဘောတရားတို့၌။ကင်္ခတိ၊ ၏။ဝေ ရူပ ါ၊ဤသို့သဘော ရှိသော။ ယာကင်္ခါ၊ အကြင် ယုံ မှားခြင်းသည်။ ယာကင်္ခါယနာ၊ အကြင်ယုံမှားသော အခြင်းအရာ သည်။ ယံ ကင်္ခါယိတတ္တံ၊ အကြင်ယုံမှားသောစိတ်၏ အဖြစ်သည်။ယာဝိမတိ၊အကြင်သိခြင်းမှကင်း သော သ ဘော သည်။ ယာ ဝိ စိ ကိ စ္ဆာ၊ အကြင် ပ ညာ တည်း ဟူ သော ဆေး ကု ခြင်း မှ ကင်း သော တ ရား သည်။

တနည်းကား။ အကြောင် သ ဘော ကို စုံစမ်း သည် ရှိ သော်ပင်ပမ်းကြောင်းတရားသည်၊ ယံဒွေ ဋ္ဌ ကံ၊ အကြောင် နှစ် ပါး အ ပြား ဖြင့် တုန်လှုပ်တတ်သော တရားသည်။ ယောဒွေဓာပထော၊ အကြောင် နှစ်မြွာသော ခရီးကဲ့သို့ နှစ်မြွာဖြစ်တတ်သော တရားသည်။ ယောသံသယော၊ အကြောင် ထက်ဝန်းကျင်မှ ယုံမှားတတ်သော တရားသည်။ ယောအနေကံသဂါဟော၊ အကြောင်စင်စစ်အားဖြင့် ယူခြင်းငှါ မတတ်နိုင်သောအဖြစ်သည်။ ယာအာသပ္ပနာ၊ အကြောင် အာရုံမှရွေ့ခြင်းသည်။ ယာပရိသပ္ပနာ၊အကြောင် ထက်ဝန်းကျင်ရွေ့ခြင်းသည်။ယာပရိယောဂါဟနာ၊ အကြောင်အာရုံကို သက်၍ယူခြင်းငှါ မတတ်နိုင်ခြင်းသည်။ စိတ္တဿ၊ စိတ်၏။ယံထမ္ဘိတတ္တံ၊ အကြောင် ခက်တရော်ရှိသည်၏ အဖြစ်သည်။ယောမနောဝိလေခေါ၊ အကြောင် စိတ်ကို ရေးခြစ်တတ်သော တရားသည်။ ဟောတိ၊ဖြစ်၏။အယံ၊ ဤသဘောကို။ ဝိစိကိစ္ဆာဣတိ၊ ဝိစိကိစ္ဆာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍၊ ရှစ်ပါးသောယုံမှားခြင်းကိုသိကြလေ။

ထိုရှစ်ပါးတို့တွင်၊ ဘုရား၌ ယုံမှားခြင်းဟူသည်ကား။ မြတ်စွာဘုရား၏ ကိုယ်တော်ဟုဆိုအပ်သော ရုပ်အစုအဲပေါင်း၌၊ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်ခြင်းမည်သည် ရှိ၏လော,မရှိ၏လော, ဟုယုံမှားတွေးတောခြင်း။ အလုံးစုံသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ဖြစ်သော တရားဟူသမျှကို အကြွင်းမရှိသိတတ်သော သဗ္ဗညုတဉာဏ်တော်စသည် ရှိလေ၏လော, မရှိလေ၏လော, ဟု တွေးတောယုံမှားခြင်း။ ထိုဆိုအပ်ပြီးသော သရီရ,ဂုဏ,နှစ်ပါးစုံ၌ ယုံမှားခြင်းတို့သည်။ ဘုရား၌ ယုံမှားခြင်းပေတည်း။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာရှင်

သည်။ ၎င်းဝိစိကိစ္ဆာအဖွင့်(၁၆၄)မျက်နှာ၌။ ။သတ္ထရိကင်္ခတိ
သတ္ထုသရီရေဝါ ဂုဏေဝါဥဘယတ္ထဝါ ကင်္ခတိ။ သရီရေကင်္ခါမာ
နော ဒွတ္တိံသဝရလက္ခဏပဋိမဏ္ဍိတံနာမသရီရံအတ္ထိနုခေါနတ္ထီတိ
ကင်္ခတိ၊ ဂုဏေကင်္ခမာနော အတီတာနာဂတ ပစ္စုပ္ပန္နဇာနန
သမတ္ထံသဗ္ဗညုတညာဏံ အတ္ထိနုခေါ နတ္ထီတိ ဥဘယတ္ထကင်္ခမာ
နော အသီတိအနုဗျဉ္ဇနဗျာမပ္ပဘာနုရဉ္ဇိတာယ သရီရ နိဗ္ဗတ္တိယာ
သမန္နာဂတော သဗ္ဗဉေယျဇာနနသမတ္ထံ သဗ္ဗညုတ ညာဏံ
ပဋိဝိဇ္ဈိတွာ ဌိတော လောကတာရကော ဗုဒ္ဓေါနာမ အတ္ထိနုခေါ
နတ္ထီတိ ကင်္ခတိ။ ။ဟုမိန့်ဆိုအပ်လေသည်။ (မြန်မာပြန်ကား)
သတ္ထရိကင်္ခတီတိ၊ သတ္ထရိကင်္ခတိဟူသည်ကား။ သတ္ထု၊ မြတ်စွာ
ဘုရား၏။ သရီရေဝါ၊ ကိုယ်တော်ဟုသမုတ်အပ်သော ရူပက္ခန္ဓာ
၌လည်းကောင်း။ ဂုဏေဝါ။ ဂုဏ်၌လည်းကောင်း။ ဥဘယတ္ထဝါ၊
သရီရ, ဂုဏ, နှစ်ပါး၌လည်းကောင်း။ကင်္ခတိ၊ယုံမှား၏။ သရီရေ၊
ကိုယ်တော်ဟုသမုတ်အပ်သော ရူပက္ခန္ဓာ၌။ ကင်္ခမာနော၊ယုံမှား
သည်ရှိသော်။ ဒွတ္တိံသဝရလက္ခဏပဋိမဏ္ဍိတံ၊ သုံးဆဲ့နှစ်ပါးသော
ယောကျ်ားမြတ်တို့၏ ကက္ခဏာ တို့ ဖြင့် တန်ဆာ ဆင် အပ်
သော။ သရီရံနာမ၊ ကိုယ်တော်မည်သည်။ အတ္ထိနုခေါ၊ ရှိသ
လော။ နတ္ထိနုခေါ၊ မရှိသလော။ ဣတိ၊ဤသို့။ ကင်္ခတိ။ ယုံမှား
၏။ ဂုဏေ၊ ဂုဏ်တော်၌။ ကင်္ခမာနော၊ ယုံမှားသည် ရှိသော်။
အတီတာ နာဂတပစ္စုပ္ပန္န ဇာနနသမတ္ထံ၊ အတိတ်, အနာဂတ်,
ပစ္စုပ္ပန်၌ သိခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်သည်။
အတ္ထိနုခေါ၊ ရှိလေသလော။နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊
ဤသို့။ ကင်္ခတိ၊ ယုံမှား၏။ ဥဘယတ္ထ၊ သရီရ,ဂုဏ, နှစ်ပါး၌
ကင်္ခမာနော၊ ယုံမှားသည်ရှိသော်။ အ သီတိ အ နု ဗျဉ္ဇန ဗျာမပ္ပ

ဘာနုရဋ္ဌိတာယ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် တလံမျှ လောက်သော ရောင်ခြည်တော်တို့ဖြင့် တပ်စွမ်းသော။ သရီရ နိဗ္ဗတ္တိယာ-သရီရပါရိပူရိယာ၊ ကိုယ်တော်၏ ထက်ဝန်းကျင်ပြည့် ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သဗ္ဗဉေယျဓာနန သမတ္ထံ၊အလုံးစုံသော ဉေယျတရားကိုသိခြင်းငှါ စွမ်းနိုင်သော။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတ ဉာဏ်တော်ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသိပြီး၍။ ဌိတော၊ တည်သော။ လောကတာရကော၊ သတ္တလောကကိုသံသရာမှကယ်တင်တော်မူတတ်သော။ဗုဒ္ဓေါနာမ၊ ဘုရားမည်သည်။ အတ္ထိနုခေါ၊ ရှိပါ၏လော။ နတ္ထိနုခေါ၊ မရှိလေ သလော။ ဣတိ၊ ဤသို့။ ကင်္ခတိ၊ ယုံမှား၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားတော်ကို ထောက်၍ ဘုရား၌ ယုံမှားခြင်းကို သိကြလေကုန်။

တရားတော်၌ ယုံမှားခြင်းဟူသည်ကား။ ကိလေသာတို့ကို အကြွင်းမရှိ ပယ်စွန့်တတ်သော အရိယာမဂ် လေးပါးသည်၊ ရှိလေ၏လော, မရှိလေ၏လော။ ကိလေသာတို့ကို ငြိမ်းစေပြီး သော ဖိုလ်လေးပါးတရားသည်၊ ရှိလေ၏လော, မရှိလေ၏လော။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော မပျက်စီးတတ်သော နိဗ္ဗာန် သဘောသည်၊ ရှိလေ၏လော, မရှိလေ၏လော, ဟူ၍ ယုံမှားခြင်း သည်လည်းကောင်း။ မဂ်,ဖိုလ်, နိဗ္ဗာန်, ပရိယတ္တိ, တရားသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေနိုင်၏လော, မထွက်မြောက်စေနိုင် သလေလော, ဟု ယုံမှားခြင်းသည် လည်းကောင်း။ ဤဆို အပ်ပြီးသော ယုံမှားခြင်းကို တရား၌ယုံမှားခြင်းဟု ဆိုအပ်သည်။ ထိုသို့ ဆိုအပ်ကြောင်းကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာ-နိက္ခေပ

ကဏ္ဍာ၊ ဒဿနေန ပဟာတဗ္ဗတိက် အဖွင့်၌။ ဓမ္မေ ကင်္ခတီတိ
အာဒီသု ပန ကိလေသေ ပဇဟန္တာ စတ္တာရော အရိယမဂ္ဂါ၊ ပဋိပဿဒ္ဓ
ကိလေသာနိ စတ္တာရိ သာမညဖလာနိ၊ မဂ္ဂဖလာနံ အာရမ္မဏ
ပစ္စယဘူတံ အမတံ မဟာနိဗ္ဗာနံ နာမ အတ္ထိနုခေါ နတ္ထီတိ ကင်္ခန္တော
ပိ၊ အယံ ဓမ္မော နိယျာနိကောနုခေါ အနိယျာနိကော နုခေါတိ
ကင်္ခန္တောပိ ဓမ္မေကင်္ခတိနာမ။ ။ဟူ၍ မိန့်ဆိုအပ်သည်။ ။

(အနက်သိကြောင်းမြန်မာပြန်ကား) ပန၊ ဘုရား၌ယုံမှားခြင်း
မှတပါး၊ တရား၌ယုံမှားခြင်းကို ဆိုဦးအံ့။ ဓမ္မေကင်္ခတီတိ အာ
ဒိသု၊ ဓမ္မေကင်္ခတိ၊ ဤသို့အစရှိသည်တို့၌။ ကိလေသေ၊ ကိလေသာ
တို့ကို။ ပဇဟန္တာ၊ ပယ်စွန့်တတ်ကုန်သော။ စတ္တာရော၊ လေးပါး
ကုန်သော။ အရိယမဂ္ဂါ၊ အရိယာမဂ်တို့သည်။ အတ္ထိနုခေါ၊
ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ပဋိပဿဒ္ဓ ကိလေ
သာနိ၊ တဘန်ငြိမ်းစေ အပ်ပြီးသော ကိလေသာရှိကုန်သော။
စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိ၊ သာမညဖိုလ်တို့
သည်။ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။
မဂ္ဂဖလာနံ၊ မဂ်ဖိုလ်, တို့၏။ အာရမ္မဏပစ္စယဘူတံ၊ အာရုံဖြစ်၍
ဖြစ်သော။ အမတံ၊ ပျက်စီးခြင်းမှကင်းသော။ မဟာနိဗ္ဗာနံနာမ၊
မြတ်သော နိဗ္ဗာန်မည်သည်။ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိ
နုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကင်္ခန္တောပိ၊ ယုံမှားခြင်း
သည်လည်းကောင်း။ အယံဓမ္မော၊ ဤမဂ်လေးတန်, ဖိုလ်လေး
တန်, နိဗ္ဗာန်, ပရိယတ္တိတရားသည်။ နိယျာနိကောနုခေါ၊ ဝဋ်
ဆင်းရဲမှ ထွက်မြောက်စေပါ၏လော။ အနိယျာနိကောနုခေါ၊
ဝဋ်ဆင်းရဲမှ မထွက်မြောက် စေနိုင်လေ သလော။ ဣတိ၊ ဤသို့။
ကင်္ခန္တောပိ၊ ယုံမှားခြင်းသည်လည်းကောင်း။ ဓမ္မေ၊ တရား၌။ကင်္

တိနာမ၊ ယုံမှားခြင်းမည်၏။ ဤသို့ပြဆိုအပ်သော အဌကထာ စကားတော်ကို ထောက်၍ တရား၌ယုံမှားခြင်းကိုသိကြလေကုန်။

သံသာ၌ ယုံမှားခြင်းဟူသည်ကား။ မဂ်၌တည်သော ပုဂ္ဂိုလ် လေးယောက်။ ဖိုလ်၌တည်သော ပုဂ္ဂိုလ် လေး ယောက်။ ဤ ဆို အပ် ပြီး သော သံ ဃ ရ တ နာ သည် ရှိ လေ သ လော, မရှိလေသလောဟု ယုံမှားခြင်းသည်လည်းကောင်း။ ဤအရိယာ သံဃာတော်သည်။ ကောင်းသော အ ကျင့် ရှိ လေ ၏ လော, မကောင်းသော အကျင့်ရှိလေ၏လော, ဟူ၍ ယုံ မှား ခြင်း သည်လည်းကောင်း။ ထိုသံဃရတနာ၌ လှူအပ်သော အလှူ အကျိုးသည် ရှိလေသလော, မရှိလေသလော,ဟု ယုံမှားခြင်း သည် လည်းကောင်း။ သံဃာ၌ ယုံမှားခြင်း မည်၏။ ထိုသို့ မည်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုသော အဌသာလိနီအဌ ကထာရှင်သည်။ နိက္ခေပကဏ္ဍ-ဒဿနေန ပဟာတဗ္ဗတိက်အဖွင့်၌။ စတ္တာရော မဂ္ဂဌကာ၊ စတ္တာရော ဖလဌကာတိ ဣဒံ သံဃရတနံ အတ္ထိနုခေါ နတ္ထိတိ ကင်္ခတိ၊ အယံသံဃော သုပ္ပဋိပန္နောနုခေါ ဒုပ္ပဋိပန္နော နုခေါတိ ကင်္ခတိ၊ ဧတသ္မိံ သံဃရတနေ ဒိန္နဿ ဝိပါကဖလံ အတ္ထိနုခေါ နတ္ထိတိ ကင်္ခတိ၊ သံဃေကင်္ခတိနာမ။ ဟူ၍ မိန့်ဆိုအပ်လေသည်။ ။(မြန်မာပြန်ကား။) စတ္တာ ရော၊ လေးယောက်ကုန်သော။ မဂ္ဂဌကာ၊မဂ်၌တည်သော ပုဂ္ဂိုလ် တို့သည်လည်းကောင်း။ စတ္တာရော၊ လေးယောက် ကုန်သော။ ဖလဌကာ၊ ဖိုလ်၌ တည်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒံ သံဃရတနံ၊ ဤသံဃာရတနာသည်။ အတ္ထိ နုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကင်္ခတိ၊ ယုံမှားခြင်းသည် လည်းကောင်း။ အယံ

သံသယော၊ ဤသံသယသည်။ သုပ္ပဋိပန္နောနုခေါ၊ ကောင်းသော အကျင့်ရှိ၏လော၊ ဒုပ္ပဋိပန္နောနုခေါ၊ မကောင်းသောအကျင့် ရှိလေ သလော။ ဣတိ၊ ဤသို့။ ကင်္ခန္တောပိ၊ ယုံမှားခြင်း သည်လည်းကောင်း။ တေသုံ သံသယရတနေ၊ ထိုသံသယရတနာ၌။ ဒိန္နဿ၊ လှူအပ်သော အလှူ၏။ ဝိပါကဖလံ၊ ဝိပါက် ဖြစ်သော အကျိုးသည်။ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကင်္ခန္တောပိ၊ ယုံမှားခြင်းသည် လည်းကောင်း။သံသေ၊သံသယ၌။ ကင်္ခတိနာမ၊ယုံမှားခြင်းမည်၏။ ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားကိုထောက်၍ သံသယ၌ ယုံမှားခြင်းကို သိကြလေကုန်။

သိက္ခာ၌ယုံမှားခြင်းဟူသည်ကား။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, တည်းဟူသော အဓိပညာ သိက္ခာ။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, တည်းဟူသော အဓိသီလသိက္ခာ။ သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ, တည်းဟူသော အဓိစိတ္တသိက္ခာ။ ဤသိက္ခာသုံးပါးအကျင့်သည်ရှိလေသလော, မရှိလေသလော,ဟု ယုံမှားခြင်းသည်လည်းကောင်း။ ထိုသိက္ခာသုံးပါးတို့ကို ကျင့် ခြင်းဟူသော အကြောင်းကြောင့်။ အကျိုးအာနိသင်သည်ရှိလေ သလော မရှိလေသလော ဟု ယုံမှားခြင်းသည် လည်းကောင်း။ သိက္ခာ၌ယုံမှားခြင်းမည်၏။ ထိုသို့မည်ကြောင်းကိုသိစေလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည်၊ နိက္ခေပကဏ္ဍ ဒဿနေန ပဟာ တဗ္ဗတိက် အဖွင့်၌။ ။တိသောပနသိက္ခာ အတ္ထိနုခေါနတ္ထိ ဳတိ ကင်္ခန္တောပိ၊ တိသောသိက္ခာ သိက္ခိတပစ္စယေန အာနိသံသော အတ္ထိနုခေါ နတ္ထိ ဳတိ ကင်္ခန္တောပိ၊ သိက္ခာယ ကင်္ခတိနာမ၊ ဟူ၍ မိန့်ဆိုအပ်သည်။ ။(မြန်မာပြန်ကား။)ပန၊ အဘို့ တပါးကို

ဆိုဦးအံ့။ တိဿော၊ သုံးပါးကုန်သော။ သိက္ခာ၊ ကျင့်အပ်သော သိက္ခာတို့သည်။ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဤတိ၊ဣသို့။ ကခ်န္တောပိ၊ ယုံမှားခြင်းသည်လည်း ကောင်း။ တိဿော၊ သုံးပါးကုန်သော။ သိက္ခာ၊ ကျင့်အပ်သော သိက္ခာတို့ကို။ သိက္ခိတပစ္စယေန၊ ကျင့်ခြင်းဟူသော အကြောင်းဖြင့်။ ဝါ၊ ကြောင့်။ အာ နိ သံ သော၊ အကျိုးအာနိသင်သည်။ အ တ္ထိ နု ခေါ၊ ရှိ လေ သ လော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကခ်န္တောပိ၊ ယုံမှားခြင်းသည်လည်းကောင်း။ သိက္ခာယ၊ ကျင့်အပ်သော သိက္ခာ၌။ ကခ်တိနာမ၊ ယုံမှားခြင်း မည်၏။ ဤသို့ အဋ္ဌကထာရှင် ပြဆိုအပ်သည်ကို ထောက်၍။ သိက္ခာ၌ ယုံမှားခြင်းကိုသိလေ။

ပုဗ္ဗန္တ၌ ယုံမှားခြင်းမည်သည်ကား။ ရှေးလွန် လေပြီးသော အခါကာလတို့၌။ ဖြစ်ဘူးပြီးသော ခန္ဓာ, ဓာတ်, အာယတန, တရားတို့သည် ရှိလေသလော, မရှိလေသလော, ဟု ယုံမှားခြင်းသည်၊ ပုဗ္ဗန္တ၌ ယုံမှားခြင်းမည်၏။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။ပုဗ္ဗန္တောဝုစ္စတိ အတီတာနိ ခန္ဓဓာတာယတနာနိ၊ အပရန္တော အနာဂတာနိ၊ တတ္ထအတီတေသု ခန္ဓာဒီသု အတီတာနိ အတ္ထိနုခေါ နတ္ထိနုခေါတိ ကခ်န္တောပုဗ္ဗန္တေ ကခ်တိနာမ။ ဟူ၍ မိန့်ပြီ။(မြန်မာပြန်ကား)အတီတာနိ၊ လွန်လေကုန်ပြီးသော။ခန္ဓဓါတာယတနာနိ၊ ခန္ဓာ, ဓာတ်, အာယတနတို့ကို။ ပုဗ္ဗန္တော၊ ပုဗ္ဗန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အနာဂတာနိ၊ နောင်ဖြစ်ပေါ်လတံ့ကုန်သော။ ခန္ဓဓာတာယတနာနိ၊ ခန္ဓာ, ဓာတ်, အာယတနတို့ကို။ အပရန္တောတိ၊ အပရန္တဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ တတ္ထ၊ ထိုနှစ်ပါးသော ပုဗ္ဗန္တ, အပရန္တ, တို့တွင်။ အတီ

တေသု၊ အတိတ်ဖြစ်ကုန်သော။ ခန္ဓာဒီသု၊ ခန္ဓာအစရှိသည်တို့၌။ အတီတာနိ၊ အတိတ်၌ ဖြစ်ကုန်သော ခန္ဓာ, ဓာတ်, အာယတန, တို့သည်၊ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကင်္ခနေ၊ ယုံမှားခြင်းသည်။ ပုဗ္ဗန္တေ ပုဗ္ဗန္တ၌။ ကင်္ခတိနာမ၊ ယုံမှားခြင်းမည်၏။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍၊ ပုဗ္ဗန္တ၌ ယုံမှားခြင်းကို သိကြလေ။ ။အပရန္တ၌ ယုံမှားခြင်းဟူသည်ကား။ နောင်အနာဂတ်၌ ဖြစ်ပေါ်လတံ့သော ခန္ဓာ, ဓာတ်, အာယတနတို့သည် ရှိလေသလော, မရှိလေသလော, ဟု ယုံမှားခြင်းသည်။ အပရန္တ၌ ယုံမှားခြင်းမည်၏။ ထိုသို့မည်သည်၏ အဖြစ်ကို သိစေတော်မူလိုသော အဋ္ဌကထာရှင်သည်၊ ၎င်းအဖွင့်၌ပင်။အနာဂတေသု အနာဂတာနိ အတ္ထိနုခေါ နတ္ထိနုခေါတိ ကင်္ခနေ အပရန္တေ ကင်္ခတိနာမ။ ။ဟူ၍ မိန့်ဆိုအပ်လေသည်။ (အနက်သိကြောင်း မြန်မာပြန်ကား။) အနာဂတေသု၊ အနာဂတ်၌ ဖြစ်ကုန်သော။ ခန္ဓာဒီသု၊ခန္ဓာအစရှိသည်တို့၌။ အနာဂတာနိ၊ အနာဂတ် ဖြစ်ကုန်သောခန္ဓာ, ဓာတ်, အာယတန, တို့သည်။ အတ္ထိနုခေါ၊ ရှိလေသလော။နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကင်္ခနေ၊ ယုံမှားခြင်းသည်။ အပရန္တေ၊အပရန္တ၌။ ကင်္ခတိနာမ၊ယုံမှားခြင်း မည်၏။ဤသို့အဋ္ဌကထာပြဆိုအပ်သည်ကို ထောက်၍သိလေ။ ။ ပုဗ္ဗန္တာ-ပရန္တ၌ ယုံမှားခြင်းမည်သည်ကား။ ရှေး၌ ဖြစ်ဘူးလေပြီးသောခန္ဓာ,ဓာတ်,အာယတန,တို့၌ လည်းကောင်း။ နောင်ဖြစ်လတံ့သော ခန္ဓာ,ဓာတ်,အာယတန,တို့၌ လည်းကောင်း။ ဤပြဆိုအပ်ပြီးသော နှစ်ပါးစုံ၌ ယုံမှားခြင်းသည်။ ပုဗ္ဗန္တာ-ပရန္တ၌ ယုံမှားခြင်းမည်၏။ ထိုသို့မည်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလို

သော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည်။ ဥဘယတ္ထ ကင်္ခါ ပုဗ္ဗန္တာပရန္တေ ကင်္ခတိနာမ။ ဥဘယတ္ထ၊ နှစ်ပါးစုံ၌။ ကင်္ခတိ၊ ယုံမှားခြင်းသည်။ ပုဗ္ဗန္တာပရန္တေ၊ ပုဗ္ဗန္တာ ပရန္တ၌။ ကင်္ခတိနာမ၊ ယုံမှားခြင်းမည်၏။ ။ဤသို့ ပြဆိုအပ်သောအဋ္ဌကထာ စကားကို ထောက်၍။ ပုဗ္ဗန္တာ ပရန္တ၌ ယုံမှားခြင်းကိုသိလေ။

ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်းမည်သည်ကား။ ။တဆဲ့နှစ်ပုဒ်ရှိသော အဝိဇ္ဇာစသော အကြောင်းဝဋ်တရားသည် ရှိလေသလော, မရှိလေသလော,ဟု ယုံမှားခြင်းသည်။ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်းမည်၏။ ထိုသို့ မည်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီအဋ္ဌကထာ ရှင်သည်။ ဒွါဒသပဒိတံ ပစ္စယဝဋ္ဋံ အတ္ထိနုခေါ နတ္ထိတိ ကင်္ခန္တော ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိနာမ၊ ဟူ၍ မိန့်ပြီ။ ။(မြန်မာမြန်ကား။) ဒွါဒသပဒိတံ၊တဆဲ့နှစ်ပုဒ်ရှိသော။ ပစ္စယဝဋ္ဋံ၊ အဝိဇ္ဇာစသော အကြောင်းဝဋ်တရားသည်။ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ကင်္ခန္တော၊ ယုံမှားခြင်းသည်။ ဣဒပ္ပစ္စယတာ၊ ဤသင်္ခါရစသော အကျိုးတရားတို့၏ အကြောင်းတရား၏အဖြစ်ဟု ဆိုအပ်သော။ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု၊ အကျိုးတရားတို့၏ ဖြစ်ကြောင်း ဖြစ်သောပဋိစ္စသမုပ္ပါဒ်တရားတို့၌။ ကင်္ခတိနာမ၊ ယုံမှားခြင်းမည်၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍။ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်းကိုသိကြလေ။

သီလဗ္ဗတပရာမာသံ တရား၌ သီလ ဗ္ဗ တဟူသည် ကား။ နွားတို့၏အလေ့,အကျင့်၊ ခွေးတို့၏ အလေ့,အကျင့်, စသည်ဖြင့် ကိလေသာမှစင်ကြယ်၏ စသည်ဖြင့် ယူအပ်သော အယူပေတည်း။

ထို့ကြောင့် သုတ္တနိပါတ်အဋ္ဌကထာ၌ရှင်သည်၊ ရတနသုတ်-သဟာဝသာဒသာနအဖွင့်၌။ ဣဂတာ ဗဟိဒ္ဓါ သမဏာ ဗြာဟ္မဏာနံသီလေန သုဒ္ဓိဝတေနသုဒ္ဓိတိ ဧဝမာဒီသုအာဂတံဂေါသီလ ကုက္ကုရသီလာဒိကံ သီလံ့ဂေါဝတ ကုက္ကုရဝတာဒိကဥ္စဝတံ့ သီလဗ္ဗတန္တိဝုစ္စတိ။ ဟူ၍ မိန့်ဆိုအပ်ပြီ။ ထိုနည်းအတူ။ ခုဒ္ဒကပါဌ အဋ္ဌကထာ၌လည်းမိန့်ဆိုသည် သာလျှင်တည်း။ (မြန်မာပြန်ကား) ဣတော၊ ဤသာသနာတော်မှ။ဗဟိဒ္ဓါ၊ အပ၌။သမဏဗြာဟ္မဏာနံ၊ရဟန်း့ပုဏ္ဏား့တို့အား။ သီလေန အလေ့ဖြင့်။ သုဒ္ဓိ၊ ဝဋ်တရားမှစင်ကြယ်၏။ ဝတေန၊ အကျင့်ဖြင့်။ သုဒ္ဓိ၊ ကောင်းစွာ စင်ကြယ်၏။ ဣတိဧဝမာဒီသု၊ ဤသို့အစရှိသည်တို့၌။ အာဂတံ၊လာသော။ ဂေါသီလ ကုက္ကုရ သီလာဒိကံ၊ နွားတို့၏အလေ့ ခွေးတို့၏ အလေ့ အစရှိသော။ သီ လဉ္စ၊ အ လေ့ ကို လည်း ကောင်း။ ဂေါဝတကုက္ကုရဝတာဒိကံ၊ နွားတို့၏ အကျင့်ခွေးတို့၏ အကျင့့် အစရှိသော။ ဝတဥ္စ၊ အကျင့်ကိုလည်းကောင်း။ သီလဗ္ဗတန္တိ၊ သီလဗ္ဗတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားကို ထောက်၍၊ သီလဗ္ဗတ အလေ့ အကျင့် ကို သိသေ။ထိုအလေ့ အကျင့်ကို မှားသောအားဖြင့် သုံးသပ်၍ အကျင့်ကောင်းဟု စွဲယူနေမှုသည်။ သီလဗ္ဗတ ပရာမာသမည်၏ ဟု သိကြလေကုန်။ ထိုသီလဗ္ဗတပရာမာသ အလေ့ အကျင့်ကို ပယ်အပ်သည်ရှိသော်။ အလုံးစုံလည်းဖြစ်သော အဝတ်မဝတ်ဘဲ ကျင့်ခြင်းအစရှိသော မှားသောအကျင့်ဟူသမျှကိုလည်း ပယ်အပ်၏။ အဘယ်ကြောင့် ပယ်အပ်သနည်းဟူမူ။ထိုသီလဗ္ဗတပရာမာသ ဒိဋ္ဌိသည် ထိုအဝတ်မဝတ်ဘဲ ကျင့်ခြင်းအစရှိသော မှားသော အကျင့်တို့၏ အကြောင်းရင်းဖြစ်၏။ ထို့ကြောင့် ပယ်အပ်၏။

ထိုအကြောင်းကို သိစေလိုသောသုတ္တန်ပါဠိအဋ္ဌကထာရှင်သည်။ ရတနသုတ် သဟာဝေဿဒဿန သမ္ပဒါယဂါထာ အဖွင့်၌ လည်းကောင်း။ ခုဒ္ဒကပါဌ အဋ္ဌကထာရှင်သည်။ ၎င်းအဖွင့်၌လည်းကောင်း။ တဿပဟီနတ္တာ သဗ္ဗမ္ပိနဂ္ဂိယ မုဏ္ဍိကာဒိအမရတပံ ပဟီနံ ဟောတိ။ တဥ္စ တဿမူလံ။ တေနသဗ္ဗာဝေဿာနေ ဝုတ္တံယ ဒတ္တံ ကိဉ္စိတိ။ ။ဟူ၍ မိန့်ဆိုအပ်လေသည်။ (မြန်မာပြန်ကား) တဿ၊ ထိုသီလဗ္ဗတ ပရာမာသဒိဋ္ဌိကို။ ဝါ၊ ၏။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ နဂ္ဂိယ မု ဏ္ဍိ ကာ ဒိ အမရတပံ၊ အဝတ်မဝတ်ဘဲ ဦးခေါင်းပြည်းကာမျှ အ စ ရှိ သော အ ကျင့် တည်း ဟူ သော အမရတပဒိဋ္ဌိအယူကို။ ပဟီနံ၊ ပယ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ တံ၊ ထို သီလ ဗ္ဗ တ ပ ရာ မာသ ဒိဋ္ဌိသည်။ တဿ၊ ထိုအမရ တပဒိဋ္ဌိ၏။ မူ လံ၊ အ ကြောင်း ရင်း တည်း။ တေန၊ ထို့ကြောင့်။ သဗ္ဗာဝေဿာနေ၊ အလုံးစုံသော မိစ္ဆာဒိဋ္ဌိအဆုံး၌။ ယဒတ္တိကိဉ္စိတိ၊ ယဒတ္တိကိဉ္စိ-ဟူသော စကားကို။ ဝုတ္တံ၊ ဘုရားမိန့်တော်မူအပ်၏။ ဤသို့ ပြဆိုအပ်သောအဋ္ဌကထာစကားကို ထောက်၍၊ သီလဗ္ဗတ ပရာမာသအကျင့်ကို ပယ်အပ်သည်ရှိသော်၊ အလုံးစုံသော အဝတ်မဝတ်ဘဲ ကျင့်ခြင်း အစရှိသော မှားသော်အကျင့်ဟူသမျှကိုပင်၊ ပယ်အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ရှစ်ပါးသော ဝိစိကိစ္ဆာတရားကို ပယ်အပ်သည်ရှိသော်။ ကျန်သော တဆဲ့ခြောက်ပါးသော ယုံမှားခြင်းစသော အလုံးစုံသော ယုံမှားခြင်းတို့ကိုလည်း ပယ်အပ်သည် သာလျှင်တည်း။ ထိုသို့ ပယ်အပ်သည်၏ အ ဖြစ် ကို ထင် ရှား သိ စေ လို သော သု တ္တ

နိပါတ် အ ဋ္ဌ က ထာ ရှင် သည် လည်း ကောင်း။ ခုဒ္ဒကပါဌ အဋ္ဌကထာ ရှင် သည် လည်း ကောင်း။ ရ တ န သုတ် - သဟာဝဿ ဒ ဿ န သမ္ပ ဒါ ယ အ ဖွင့် ၌။ ။တဿ ပဟီနတ္တာ သဗ္ဗာနိပိ ဝိစိကိစ္ဆိတာနိ ပဟီနာနိ ဟောန္တိ၊ တံဟိနေသံမူလံ။ ။ဟူ၍ မိန့်ဆိုအပ်သည်။ (မြန်မာပြန်ကား) တဿ၊ ထိုယုံမှားခြင်းကို။ ဝါ၊ ၏။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဝိစိကိစ္ဆိတာနိ၊ ဝိစိကိစ္ဆာတို့ကို။ ပဟီနာနိ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုဝိစိကိစ္ဆာသည်။ နေသံ၊ ထိုရှစ်ပါးသော ယုံမှားခြင်းတရားတို့၏။ မူလံ၊ အကြောင်းရင်း တရားတည်း။ ဤသို့ ပြဆို အပ် သော အ ဋ္ဌ က ထာ စ ကား တော် ကို ထောက်၍ ရှစ်ပါးသော ဝိစိကိစ္ဆာကို ပယ်အပ်လျှင် အလုံးစုံသော ဝိစိကိစ္ဆာတရားဟူသမျှကိုလည်း ပယ်အပ်သည်၏ အဖြစ်ကို သိကြလေ။

ထိုသံယောဇဉ်တရားသုံးပါးကို ပယ်အပ်သည်ရှိသော်၊ထိုတရားသုံးပါးနှင့် တဒေကဋ္ဌဖြစ်သော ကိလေသာ။ ထိုသံယောဇဉ်တို့နှင့်အတူတကွ၊ သမ္ပယုတ္တဖြစ်သော နာမက္ခန္ဓာတရား၊ ထိုသံယောဇဉ်တို့ကြောင့် ဖြစ်လတံ့သော ကာယကံ, ဝစီကံ, မနောကံ,တို့ကိုလည်း ပယ်အပ်ပြီးသည်သာလျှင်တည်း။ ထိုသို့ ပယ်အပ်သည်၏ အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည်။ ဓမ္မသင်္ဂဏီ ပါဠိတော်-နိက္ခေပကဏ္ဍ-ဒဿနေန ပဟာတဗ္ဗတိက်၌ပင်။ ဣမာနိ တီဏိ သံယောဇနာနိ၊ တဒေကဋ္ဌာစ ကိလေသာ၊ တံသမ္ပယုတ္တော ဝေဒနက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ တံသမုဋ္ဌာနံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ၊ ဣမေဓမ္မာ ဒဿ

နေန ပဟာတဗ္ဗာ။ ။ဟူ၍ ဟောတော်မူအပ်လေသည်၊ (မြန်မာပြန်ကား) ဣမာနိ၊ ဤသို့ သဘောရှိကုန်သော။ တီဏိ၊ သုံးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒေကဋ္ဌာစ၊ သံယောဇဉ်တို့နှင့်တကွ၊ ပဟာနအားဖြင့် တယောက်သောပုဂ္ဂိုလ်၌ တည်ကုန်သော။ ကိလေသာစ၊ ကိလေသာတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံသမ္ပယုတ္တော၊ ထိုသံယောဇဉ်နှင့် အညီအညွတ် အပြားတို့ ဖြင့်ယှဉ်သော။ ဝေဒနက္ခန္ဓော၊ ဝေဒနက္ခန္ဓာသည်။ ဟော တိ၊ ဖြစ်၏။ သညက္ခန္ဓော၊ သညက္ခန္ဓာသည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည်။ ဟော တိ၊ ဖြစ် ၏။ တံ သ မု ဋ္ဌာ နံ၊ ထို သံ ယော ဇဉ် တို့ သာ လျှင်- ဖြစ် ကြောင်း ရှိ သော။ ကာ ယ က မ္မံ၊ ကာ ယ ကံ သည်။ ဝစီ က မ္မံ၊ ဝ စီ ကံ သည်။ မ နော က မ္မံ၊ မနော ကံ သည်။ ဟောတိ၊ ဖြစ် ၏။ ဣ မေ၊ ဤ ဆို အပ် ကုန် ပြီး သော။ ဓမ္မာ၊ သဘောတရားတို့ကို။ ဒဿနေန၊ နိဗ္ဗာန်ကိုမြင်ဆဲဖြစ်သော သောတာပတ္တိမဂ်သည်။ ပဟာတဗ္ဗာ၊ပယ်အပ်ကုန်၏။ ။ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍။ ထိုသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, သံယောဇဉ်တရား သုံးပါးကို ပယ်အပ်သည်ရှိသော်၊ ထိုသံယောဇဉ်တို့နှင့် တဒေကဋ္ဌဖြစ်သော ကိလေသာ။ ထိုသံယောဇဉ်တို့နှင့် သမ္ပယုတ္တဖြစ်သော နာမက္ခန္ဓာ တရား ၄-ပါး။ ထိုသံယောဇဉ်တို့ကြောင့် ဖြစ်လတံ့သော ကာယကံ, ဝစီကံ, မနောကံ, တို့ကိုလည်း။ ပယ်အပ်ကုန်သည်၏ အဖြစ်ကို သိကြလေကုန်။ ။ထိုသံယောဇဉ်တရားသုံးပါးတို့တွင်။ သက္ကာယဒိဋ္ဌိ, သီလဗ္ဗတ ပရာမာသ, သံယောဇဉ် ၂-ပါးတို့ကိုပယ်လျှင်။

ဒိဋ္ဌာနုသယဟူသမျှသည် ကုန်ခန်းကွယ်ပျောက်လေ၏။ ဝိစိကိစ္ဆာ တရားကို ပယ်လျှင်၊ ဝိစိကိစ္ဆာ နုသယသည် ကုန် ခန်း ကွယ် ပျောက်လေ၏။ ထိုသို့ ကုန်ခန်းကွယ်ပျောက်သည်၏ အဖြစ်ကိုသိ စေတော်မူလိုသောကြောင့်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနန္ဓဝဂ် ယုဂနဒ္ဓက ကထာ၌။သောတာပတ္တိမဂ္ဂေန သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသော။ ဣမာနိ တီဏိသံယောဇနာနိ ပဟီယန္တိ။ ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာ နုသယော။ ဣမေ၊ ဒွေ အနုသယာဗျန္တီ ဟောန္တိ။ ။ဟူ၍ ဟောတော်မူအပ်လေသည်။ (အ နက် သိ ကြောင်းမြန်မာပြန်ကား )။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ် သည်။သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိလည်းကောင်း။ ဝိစိကိစ္ဆာ၊ ဝိစိ ကိစ္ဆာသည်လည်းကောင်း။သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာ မာသလည်းကောင်း။ ဣမာနိ၊ ဤသို့ဆိုအပ်ကုန်ပြီးသော။ တီဏိ၊ သုံးပါးကုန်သော။ သံယောဇနာနိ၊ သံကေပဇဉ်တရားတို့ကို။ ပဟီ ယန္တိ၊ပယ်အပ်ကုန်၏။ ဒိဋ္ဌာနုသယော၊ ဒိဋ္ဌာနုသယလည်းကောင်း၊ ဝိစိကိစ္ဆာနုသယော၊ ဝိစိကိစ္ဆာနုသယလည်းကောင်း။ ဣမေ၊ဤဆို အပ်ကုန်ပြီးသော။ ဒွေ၊ နှစ်ပါးကုန်သော။ အနုသယာ၊ အနုသယ တရားတို့သည်။ ဝါ၊ ခန္ဓာ၌အစဉ်ကိန်းသော တရားတို့သည်။ ဗျန္တီ၊ ကင်းကုန်သည်။ ဝါ၊ ကွယ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိ တော် စကား ရပ် တို့ ကို ထောက်၍၊ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, နှစ်ပါးတို့ ကုန်ခန်း ကွယ်ပျောက်မှုကိုသိကြလေ၊

သကဒါဂါမိမဂ်သည်။ ရုန့်ရင်းသော, ကာမ ရာဂ,ဗျာပါဒ, သံယောဇဉ်တရားတို့ကို အကြွင်းမရှိ ပယ်အပ်ကုန်၏။ ထိုသို့ ပယ်အပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့်၊

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ဉာဏ်ယုဂနဒ္ဓဝဂ်ဘ္ဘဝင်။ သကဒါဂါမိ မဂ္ဂေန ဩဠာရိကံ ကာမရာဂ သံယောဇနံ ပဋိဃသံယောဇနံ၊ ဩဠာရိကံ ဒွေ သံယောဇနာနိ ပဟီယန္တိ။ ဟူ၍ဟောတော်မူအပ်လေသည်။ (မြန်မာပြန်ကား)။ သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်သည်။ ဩဠာရိကံ၊ ရုန့်ရင်းသော။ ကာမရာဂ သံယောဇနံ၊ ကာမ,ရာဂ, သံယောဇဉ်လည်းကောင်း၊ ပဋိဃသံယောဇနံ၊ ပဋိဃသံယောဇဉ်လည်းကောင်း။ ဩဠာရိကံ၊ ဤဆိုအပ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တရားတို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍၊သကဒါဂါမိ မဂ်သည်။ ထိုရုန့်ရင်းသော ကာမ,ရာဂ,သံယောဇဉ်, ပဋိဃသံယောဇဉ်, နှစ်ပါးကို အကြွင်းမရှိ ပယ်အပ်သည်၏ အဖြစ်ကို သိကြလေ။ ။ထိုရုန့်ရင်းသော သံယောဇဉ် ၂-ပါးကို အကြွင်းမရှိ ပယ်အပ်သည် ရှိသော်၊ ရုန့်ရင်းသော ကာမ,ရာဂါ,နုသယ, ပဋိဃာနုသယ, နှစ်ပါးလည်း ကင်းကြ, ကုန်ကြ, ကွယ်ကြ လေကုန်၏။ ထိုအကြောင်းကို ထင်ရှားသိစေတော်မူလိုသောကြောင့်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်-ဉာဏ်းဝဂ်ဘ္ဘဝင်။ ။ဩဠာရိကော၊ ကာမရာဂ နုသယော ပဋိဃာနုသယော။ ဩဠာမေ ဒွေ အနုသယ ဗျန္တိဟောန္တိ။ ။ဟူ၍ ဟောတော်မူလေသည်။ ။(မြန် မာ ပြန် ကား)။ ဩဠာရိကော၊ ရုန့်ရင်းသော။ ကာမရာဂနုသယော၊ ကာမရာဂါနုသယသည် လည်းကောင်း။ ပဋိဃာနုသယော၊ ပဋိဃာနုသယ လည်းကောင်း။ ဩဠာမေ၊ ဤဆိုအပ်ကုန်ပြီးသော။ ဒွေ၊ နှစ်ပါးကုန်သော။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တိ၊ ကင်းကုန်သည်။ ဝါ၊ ကွယ်ပျောက်ကုန်သည်။ ဟောန္တိ၊ဖြစ်၏။ ။ဤသို့ဟောတော်မူအပ်

သော ပါဠိတော်ကို ထောက်၍၊ ရုန့်ရင်းသော ကာမရာဂါနုသ ယ,ပဋိဃာနုသယ, နှစ်ပါးတို့၏ ကင်းမှု,ကွယ်ပျောက်မှုကိုသိလေ။

အနာဂါမိ မဂ်သည်၊ သိမ်မွေ့သော ချစ်ခြင်း, မုန်းခြင်း နှင့်တကွဖြစ်သော ကာမရာဂ, ဗျာပါဒ, သံယောဇဉ် တရားတို့ကို အကြွင်းမရှိ ပယ်အပ်ကုန်၏။ ထိုသို့ ပယ်အပ်ကုန်သည်၏ အဖြစ် ကို ထင်ရှားသိစေတော်မူလိုသောကြောင့်၊ ပဋိသမ္ဘိဒါမဂ်ပါဠိ တော် ၎င်းဝဂ်ဥပင်။ ။အနာဂါမိမဂ္ဂေန အနုသဟဂတံ ကာမ ရာဂ သံယောဇနံ ပဋိဃသံယောဇနံ၊ ဣမာနိ ဒွေသံယောဇနာနိ ပဟီယန္တိ။ ဟူ၍ ဟောတော်မူအပ်လေလည်း။(မြန်မာပြန်ကား။) အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်သည်။ အနုသဟဂတံ၊ သိမ်မွေ့ စွာသော ချစ်ခြင်း,မုန်းခြင်းနှင့်တကွဖြစ်သော။ကာမရာဂသံယော ဇနံ၊ ကာမ,ရာဂ သံယောဇဉ်လည်းကောင်း။ ပဋိဃသံယောဇနံ၊ ပဋိဃသံယောဇဉ်လည်းကောင်း။ ဣမာနိ၊ ဤဆိုအပ် ကုန်ပြီး သော။ ဒွေ၊ နှစ်ပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ် တရားတို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ။ဤသို့ ဟောတော် မူအပ်သော ပါဠိကို ထောက်၍။ အနာဂါမိမဂ်သည် သိမ်မွေ့စွာ သောချစ်ခြင်း, မုန်းခြင်းနှင့်တကွ ဖြစ်သော ကာမရာဂ, ဗျာပါဒ သံယောဇဉ် တရားနှစ်ပါးတို့ကို အကြွင်းမရှိ ပယ်အပ်သည်၏ အဖြစ်ကို သိကြလေကုန်။ ။ထိုသိမ်မွေ့ စွာသော ချစ် ခြင်း မုန်းခြင်းနှင့်တကွဖြစ်သော ကာမ ရာဂ သံယောဇဉ် ဗျာပါဒ သံယောဇဉ်,တရားတို့ကို။ အနာဂါမိမဂ်ဖြင့် ပယ်အပ်ကုန်သည် ရှိသော်။ ထိုအနာဂါမိ မဂ်ကြောင့်ပင်၊ သိမ်မွေ့စွာ ချစ်ခြင်း, မုန်းခြင်းနှင့်တကွဖြစ်သော ကာမရာဂါနုသယ, တရားတို့လည်း ကင်းကြ, ကွယ်ကြ, လေကုန်သည်သာတည်း။ ထိုသို့ ကင်းကြ,

ကွယ်ကြသည်၏ အဖြစ်ကိုလည်း၊ ၎င်းပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ပင်။ ။အနုသယဟာဂတော ကာမရာဂါနုသယော ပဋိဃာနုသယော၊ ဣမေဒွေအနုသယာ ဗျန္တိဟောန္တိ။ ။ဟူ၍ဟောတော်မူအပ်လေသည်။(မြန်မာပြန်ကား။)အနုသယာဂတော၊ သိမ်မွေ့စွာသော ချစ်ခြင်း,မုန်းခြင်း,နှင့် တကွဖြစ်သော။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယလည်းကောင်း။ ပဋိဃာနုသယော၊ ပဋိဃာနုသယလည်းကောင်း။ ဣမေ၊ ဤဆိုအပ်ကုန် ပြီးသော။ ဒွေ၊ နှစ်ပါးကုန်သော။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တိ၊ ကင်းကုန်သည်။ ဝါ၊ ကွယ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ အနာဂါမိမဂ်ကြောင့်။ သိမ်မွေ့စွာသော ကာမရာဂါ နုသယ, ပဋိဃာနုသယ, နှစ်ပါးကင်းမှု, ကွယ်မှုကို သိကြလေကုန်။

အရဟတ္တမဂ်သည်၊ ရူပ ရာဂ၊ အရူပ ရာဂ,မာန,ဥဒ္ဒစ္စ,အဝိဇ္ဇာ, ဤသံယောဇဉ်တရား ငါးပါးတို့ကို အကြွင်းအကျန်မရှိ ပယ်အပ်ကုန်၏။ ထိုသို့ ပယ်အပ်ကုန်သည်၏ အဖြစ်ကိုလည်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၎င်းဝဂ်၌ပင်။ အရဟတ္တမဂ္ဂေန၊ ရူပရာဂေါ အရူပ ရာဂေါ မာနော ဥဒ္ဒစ္စံ အဝိဇ္ဇာ။ ဣမာနိ ပဉ္စသံယောဇနာနိ ပဟီယန္တိ။ ။ဟူ၍ ဟောတော် မူအပ်လေသည်။ (အနက်သိကြောင်းမြန်မာပြန်ကား။) အရဟတ္တ မဂ္ဂေန၊ အရဟတ္တမဂ်သည်။ ရူပ,ရာဂေါ၊ ရူပရာဂလည်းကောင်း။ အရူပရာဂေါ၊ အရူပရာဂလည်းကောင်း။ မာနော၊ မာနလည်းကောင်း။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စလည်းကောင်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာလည်းကောင်း။ ဣမာနိ၊ ဤဆိုအပ်ကုန်ပြီးသော။ ပဉ္စ၊ ငါးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ။ဤသို့ဟော

တော်မူအပ်သော ပါဠိတော်ကိုထောက်၍ အရဟတ္တမဂ်သည်။ ထိုသံယောဇဉ် ၄ါးပါး တရားကို ပယ်အပ်သည်ရှိသော်။ဘဝရာဂါနုသယ,မာနာနုသယ, အဝိဇ္ဇာနုသယ, တို့သည်လည်း ကင်းကြ, ကွယ်ကြ, လေကုန် သည်သာတည်း။ ထိုသို့ ကင်းကြ,ကွယ်ကြ, သည်၏အဖြစ်ကို ထင် ရှားသိ စေ တော် မူ လို သော ကြောင့်၊ ၎င်း ပါ ဠိ တော် ၌ ပင်။ ။မာ နာ နု သ ယော ဘ ဝ ရာ ဂါ နုသယော အဝိဇ္ဇာ နုသယော၊ ဣမေ တယော အနုသယာ ဗျန္တိဟောန္တိ။ ။ဟူ၍ ဟောတော်မူအပ်လေသည်။ (မြန်မာ ပြန်ကား) မာနာ နုသယော၊ မာနာနုသယ လည်းကောင်း။ ဘဝရာဂ နုသယော၊ ဘဝရာဂါ နုသယ လည်းကောင်း။ အဝိဇ္ဇာ နုသယော အဝိဇ္ဇာ နုသယ လည်းကောင်း။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တိ၊ ကင်းကုန်သည် ။ဝါ၊ ကွယ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဘဝရာဂါ နုသယ, မာနာနုသယ,အဝိဇ္ဇာနုသယ,တရားသုံးပါးတို့ ကင်းကုန်, ကွယ်ကုန်,သည်၏ အဖြစ်ကို သိကြလေကုန်။

ဤမျှသော စကားအစဉ်ဖြင့် ဓါတ်(၁၈)ပါးကို ရှုနည်းပြီး၏။

# သတိပဋ္ဌာန်ပွားများနည်း

## ( အကျဉ်း ။ )

ယခုအခါ သတိပဋ္ဌာန်တရား ပွားများအပ်သော နည်းကို အနည်းငယ်ပြဆိုပေအံ့။ အဘယ်ကြောင့် ပြဆိုအပ် သနည်းဟူမူ။ သတိပဋ္ဌာန်တရားကို ပွားများလေ့လာသော သူတို့အား များစွာ အကျိုးရှိသည်၏ အဖြစ်ကြောင့်တည်း။ များစွာအကျိုးရှိပုံကို လည်း ဘုရားရှင်သည်၊ သတိပဋ္ဌာန် ပါဠိတော်၌ပင်။ ။

ယောဟိကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ ဥပါဒိသေသေ အနာဂါမိတာ၊ တိဋ္ဌန္တု ဘိက္ခဝေ သတ္တဝဿာနိ၊ ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ ဆဝဿာနိ၊ ပဉ္စဝဿာနိ၊ စတ္တာရိဝဿာနိ၊ တီဏိဝဿာနိ၊ ဒွေဝဿာနိ၊ ဧကံဝဿံ၊ တိဋ္ဌတု ဘိက္ခဝေ ဧကံဝဿံ၊ ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တမာသာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ ဥပါဒိသေသေ အနာဂါမိတာ၊ တိဋ္ဌန္တု ဘိက္ခဝေ သတ္တမာသာနိ၊ ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ ဆမာသာနိ၊ ပဉ္စမာသာနိ၊ စတ္တာရိမာသာနိ၊ တီဏိမာသာနိ၊ ဒွေမာသာနိ၊ ဧကံမာသံ၊ အဍ္ဎမာသံ၊ တိဋ္ဌတု ဘိက္ခဝေ အဍ္ဎမာသံ။ ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အည

တရံဖလံ ပါဠိကာခံ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ ဥပါဒိသေသေ အနာဂါမိတာတိ။ ။ဟူ၍ ဟောတော်မူလေသည်။

(အနက်သိကြောင်းမြန်မာပြန်ကား။) ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ ရဟန်း,ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား ဥပါသိကာ မိန်းမ, အမှတ်မရှိ တစုံတယောက်သော သူသည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်-၄-ပါးတို့ကို။ ဧဝံ၊ ဤသို့ ဟောတော် မူတိုင်း။ ဘာဝေယျ၊ ပွါးစေငြားအံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌လျှင်။အညာဝါ၊ အရဟတ္တဖိုလ် သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဥပါဒိသေသေ၊ ဥပါဒါန် အကြွင်းသည်။ သတိ၊ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမိဖိုလ် သည်မူလည်း။ဘဝိဿတိ၊ဖြစ်လတံ့။ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါး ကုန်သော။ဖလာနံ၊ဖိုလ်တို့တွင်။အညတရံ၊တပါးသော။ဖလံ၊ဖိုလ် ကို။ပါဠိကာခံ၊အလိုရှိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။သတ္တဝဿာနိ၊ ခုနစ်နှစ်တို့သည်။ တိဋ္ဌန္တု၊ရှိစေကုန်ဦး၊ ဘိက္ခဝေ၊ရဟန်းတို့။ယော ဟိကောစိ၊ရဟန်း,ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိ ကာ မိန်းမ, အမှတ်မရှိတစုံတယောက်သောသူသည်။ ဆဝဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ပဉ္စဝဿာနိ၊ ငါးနှစ်တို့ပတ်လုံး။ စတ္တာရိ ဝဿာနိ၊ လေးနှစ်တို့ပတ်လုံး။ တီဏိဝဿာနိ၊ သုံးနှစ်တို့ ပတ်လုံး။ ဒွေဝဿာနိ၊ နှစ်နှစ်တို့ပတ်လုံး။ ဧကံဝဿံ၊ တနှစ်ပတ်လုံး။ ဣမေ စတ္တာရောသတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤသို့ ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွါးစေငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧကံဝဿံ၊ တနှစ်သည်။ တိဋ္ဌတု၊ရှိစေဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ ရဟန်း, ရဟန်းမိန်းမ,

ဥပါသကာယောကျ်ား, ဥပါ သိ ကာ မိန်း မ, အ မှတ် မ ရှိ တ စုံ
တယောက်သောသူသည်။ သတ္တမာသာနိ၊ ခုနစ်လတို့ ပတ်လုံး။
ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန် လေးပါးတို့ကို။
ဧဝံ၊ ဤသို့ ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွါးစေငြားအံ့။
တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်
၌လျှင်။ အညာ၀ါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လ
တံ့။ ဥပါဒိသေသေ၊ ဥပါဒါန်အကြွင်းသည်။ သတိ၊ ရှိသော်။
အနာဂါမိတာ၀ါ၊ အနာဂါမိဖိုလ်သည် မူလည်း။ ဘဝိဿတိ၊
ဖြစ်လတံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊
ဖိုလ်တို့တွင်။ အညတရံ၊ တပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊
အလိုရှိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တမာသာနိ၊ ခုနစ်လ
တို့သည်။ တိဋ္ဌန္တု၊ ရှိစေကုန်ဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိ
ကောစိ၊ ရဟန်း,ရဟန်းမိန်းမ, ဥပါသကာယောကျ်ား,ဥပါသိကာ
မိန်းမ, အမှတ်မရှိတစုံတယောက်သော သူသည်။ ဆမာသာနိ၊
ခြောက်လတို့ပတ်လုံး။ ပဉ္စမာသာနိ၊ ငါးလတို့ပတ်လုံး။ စတ္တာရိ
မာသာနိ၊ လေး လ တို့ ပတ် လုံး။ တီ ဏိ မာ သ နိ၊ သုံး လ တို့
ပတ် လုံး။ ဒွေ မာ သာနိ၊ နှစ်လ တို့ ပတ် လုံး၊ ဧ ကံ မာ သံ၊
တလပတ်လုံး။ အဍ္ဎမာသံ၊ လခွဲပတ်လုံး။ ဣမေစတ္တာရောသတိပဋ္ဌာ
နေ၊ ဤသတိ ပဋ္ဌာန် လေးပါးတို့ကို။ ဧဝံ၊ ဤသို့ ဟောတော် မူ
တိုင်း။ ဘာဝေယျ၊ ပွါးစေငြားအံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝ
ဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင်။ အညာ၀ါ၊ အရဟတ္တ
ဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဥပါဒိသေသေ၊ ဥပါဒါန်
အကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ၀ါ၊ အနာဂါမိဖိုလ်
သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါး

ကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးသော။ ဖလံ၊ ဖိုလ်ကို။ ပဋိကင်္ခံ၊ အလိုရှိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့ အစုမာသံ၊ လခွဲသည်။ တိဋ္ဌတု၊ ရှိစေဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ ရဟန်း, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမ, အမှတ်မရှိ တစုံတယောက်သော သူသည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဣမေစတ္တာရော သတိ ပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွါးစေငြားအံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင်။ အညာဝ ါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးသော။ ဖလံ၊ ဖိုလ်ကို။ ပဋိကင်္ခံ၊ အလိုရှိအပ်၏။ ။ဤသို့ဟောတော်မူသော ဘုရားရှင်၏ စကားတော်ကို ထောက်၍၊ သတိပဋ္ဌာန်တရားကို ပွါးများခြင်း၏ အကျိုးအာနိသင်ကို သိကြလေ။

ထိုသို့ သဘော ရှိသော အကျိုး အာ နိ သင် ကို လိုလား တောင်းတကုန်သော သူတော်ကောင်းတို့သည်။ သတိပဋ္ဌာန်တရားကို ပွါးများကုန်ရာ၏။ ထိုသို့ပွါးများအပ်သော သတိပဋ္ဌာန်တရားသည် လေးပါးရှိ၏။ လေးပါးဟူသည်ကား။ ကာယာနုပဿနာသတိပဋ္ဌာန် တရား တပါး၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရား တပါး၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် တရားတပါး၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်တရားတပါး။ ဤသို့လျှင် လေးပါးရှိ၏။ ထို လေး ပါး တို့ တွင်။ ကာ ယာ နုပ ဿ နာ သတိ ပဋ္ဌာန်တရားသည်လည်း။ အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ, သမ္ပဇညပဗ္ဗ, ဒွတ္တိံသ ပဋိက္ကူလပဗ္ဗ, ဓာတုမနသိကာရပဗ္ဗ, နဝသိဝထိကပဗ္ဗ,

အားဖြင့် တဆဲ့လေးပါးရှိ၏။ ထိုတဆဲ့လေးပါးတို့တွင်၊ အာနာ
ပါနပဗ္ဗ ကမ္မဋ္ဌာန်းကို ဘုရားဟောသည့်အတိုင်း။ နှလုံးသွင်းပုံကို
ရှေးဦးစွာပြဆိုဦးအံ့။ ထိုပြဆိုလတံ့သော အာနာပါနကမ္မဌာန်း
သည်လည်း။ သမထနည်း, ဝိပဿနာနည်း, အားဖြင့် နှစ်ပါး
အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သမထနည်း၏ နှလုံးသွင်းပုံကို
ဘုရားရှင်သည်။ ။ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခ
မူလ ဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘု
ဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ၊
သောသတောဝ အဿသတိ၊ သတောဝ ပဿသတိ။ ဒီဃံ ဝါ
အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။ ဒီဃံ ဝါ ပဿ
သန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော
ရဿံ အဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ ပဿသန္တော ရဿံ
ပဿသာမီတိ ပဇာနာတိ။ သဗ္ဗကာယ ပဋိသံဝေဒီ အဿ
သိဿာမီတိ သိက္ခတိ။ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာ
မီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ
သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေ
ဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော ဒီဃံ အဉ္ဆာမီတိ ပဇာနာတိ။
ရဿံ ဝါ အဉ္ဆန္တော ရဿံ အဉ္ဆာမီတိပဇာနာတိ။ ဧဝမေဝ ခေါ
ဘိက္ခဝေ ဘိက္ခု ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိပဇာ
နာတိ။ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိပဇာနာတိ။ ရဿံ ဝါ
ပဿသန္တော ရဿံ ပဿသာ မီ တိ ပ ဇာ နာ တိ။ သ ဗ္ဗ ကာ ယ
ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။ သဗ္ဗကာယ ပဋိသံဝေဒီ

ပဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံကာယသင်္ခါရံ အဿသိဿာမီတိသိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ၊ ဟူ၍ဟောတော်မူအပ်လေသည်။

(အနက်သိကြောင်းမြန်မာပြန်ကား။) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတောဝါ၊တောအရပ်သို့ ကပ်၍လည်းကောင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ ကပ်၍လည်းကောင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍လည်းကောင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊ အထက်ကိုယ်ကို။ ပဏိဓါယ၊ ထား၍။ သတိံ၊ သတိကို။ ပရိမုခံ၊ကမ္မဋ္ဌာန်းသို့ရှေ့ရှုလျက်။ ဥပဋ္ဌပေတွာ၊ဖြစ်စေ၍။ နိသီဒတိ၊ နေ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ သတောဝ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကိုဖြစ်စေ၏။ သတောဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်ကိုဖြစ်စေသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်သက်ကိုဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်ကိုဖြစ်စေသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ကိုဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ထွက်သက်ကိုဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ဝင်သက်ကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ သဗ္ဗကာယပဋိ

သံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ,အလယ်,အဆုံး,သုံးပါး
အပေါင်းကို ထင်စေလျက်။အဿသိဿာမိတိ၊ ထွက်သက်ကိုဖြစ်
စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ သဗ္ဗကာယ
ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏ အစ, အလယ်, အဆုံး,သုံး
ပါးအပေါင်းကို ထင်စေလျက်။ ပဿသိဿာမိတိ၊ဝင်သက်ကိုဖြစ်
စေအံ့ဟူ၍။ သိက္ခတိ၊အားထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ၊ရုန့်
ရင်းသောထွက်သက်ကို။ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ငြိမ်းစေလျက်။
အဿသိဿာမိတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အား
ထုတ်သဖြင့် ကျင့်၏။ ကာယသင်္ခါရံ၊ ရုန့်ရင်းသော ဝင်သက်ကို
ပဿမ္ဘယံ - ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမိတိ၊
ဝင်သက်ကိုဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။
ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား။
ဒက္ခော၊ လိမ္မာသော။ ဘမကာရော ဝါ၊ ပွတ်သမားသည်
လည်း ကောင်း။ ဘမကာရန္တေဝါသီ ဝါ၊ ပွတ်သမား၏
တပည့်သည်လည်းကောင်း။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဉ္ဆန္တော၊
ပွတ်ကြိုးကို ဆွဲငင်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဉ္ဆာမိတိ၊
ပွတ်ကြိုး ကို ဆွဲ ငင် ၏ ဟူ ၍။ ပဇာနာတိ၊ သိ၏။ ရဿံ
ဝါ၊ တိုစွာမူလည်း။ အဉ္ဆန္တော၊ ပွတ်ကြိုးကို ဆွဲငင်သည်ရှိသော်။
ရဿံ၊ တိုစွာ။ အဉ္ဆာမိတိ၊ ပွတ်ကြိုးကိုဆွဲငင်၏ဟူ၍။ ပဇာနာတိ၊
သိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။
ဘိက္ခု၊ ရဟန်းသည်။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊
ထွက်သက်ကိုဖြစ်စေသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ
တိ၊ ထွက်သက်ကိုဖြစ်စေ၏ ဟူ၍။ ပဇာနာတိ၊သိ၏။ ဒီဃံ ဝါ၊
ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်ကိုဖြစ်စေသည်ရှိသော်။

ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ကိုဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ထွက်သက်ကိုဖြစ်စေ၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ဝင်သက်ကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ, အလယ်,အဆုံး,သုံးပါးအပေါင်းကို ထင်စေလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။ သဗ္ဗကာယ ပဋိသံဝေ ဒီ၊ အလုံး စုံသော ဝင် သက် ၏ အစ,အလယ်, အဆုံး, သုံးပါး အ ပေါင်း ကို ထင်စေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ၊ ရှန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ။ ထွက်သက်ကို ဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ၊ ရှန့်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင်။ (အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ) ဟူသော ပါဠိတို့ဖြင့်။ အဿာသ-ပဿာသ ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂါဝစရပုဂ္ဂိုလ်၏ နေထိုင်ရာ အရပ်ကို ပြပေ၏။ (နိသီဒတိ။လ။ အဘုဇိတွာ ဥဇုံကာယံ ပဏိဓါယ) ဟူသော ပါဠိတို့ဖြင့်၊ ထို ယောဂါဝစရ ပုဂ္ဂိုလ်သည်

ထက်ဝယ်ဖွဲ့ခွေနေ၍၊ ကိုယ်ကိုဖြောင့်မတ်စွာ တည်ထားမှုကိုပြ၏။ (ပရိမုခံသတိံ ဥပဋ္ဌပေတွာ) ဟူသောပါဠိတို့ဖြင့်။ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသတိပြုနေမှု။ ဝါ၊ သတိကိုဖြစ်စေမှုကိုပြ၏။ (သောသ တောဝ။လ။ ပဿသတိ) ဟူသော ပါဠိတို့ဖြင့် နှာခေါင်းဝ၌ထိ ခိုက်၍သွားသော လေကလာပ် အပေါင်းကို အာရုံပြု၍၊ တွေး တောနေမှုကိုပြ၏။ ထိုသို့တွေးတောနေခိုက်။ လေ က လာပ် အပေါင်း တည်းဟူသော ပညတ်အာရုံတရား သည်။ ပရိကမ္မ နိမိတ်ဖြစ်၏။ တွေးတောနေသော စိတ်အစဉ်ဖြစ်မှုသည်။ ပရိကမ္မ ဘာဝနာဖြစ်၏။ ထိုစိတ်အစဉ်၌ ပါသော သမာဓိကို ပရိကမ္မ သမာဓိဟု ခေါ်ဆိုအပ်သည်။ (ဤကား မှတ်ရန်အချက်တည်း) (ဒီဃံဝါအဿသန္တော ဒီဃံအဿဿာမိတိ ပဇာနာတိ၊ လ။ ပဇာနာတိ) တိုင်အောင်သော ပါဠိတို့ဖြင့်။ ထိုသို့သုံးသပ်ဆင်ခြင် ၍၊ အကြင်အခါရှည်စွာသော ထွက်သက်, ဝင်သက်, ဖြစ်သည် ရှိသော်။ ရှည်စွာသောထွက်သက်,ဝင်သက်,ဖြစ်၏ ဟူ၍ သိလေ၏ ဟူလို။ အဘယ်ကြောင့်ဆိုသော်။ မိမိ၏ ခန္ဓာ၌ သတိထားနေ သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ရှည်သော,ထွက်သက်,ဝင်သက်, ဖြစ်လတ်သော်။ ရှည်စွာ ထွက်သက်, ဝင်သက်,ဖြစ်၏ ဟူ၍ မုချ သိနိုင်သည်ဟူလို။(ရဿံဝါ။လ။ ပဇာနာတိ)ဟူသောပါဠိတို့ဖြင့်။ တို၍,တို၍,သွားလေသော ထွက်သက်, ဝင်သက်, ကို။ တို၍, တို၍,သွားလေသော ထွက်သက်,ဝင်သက်,ဟူ၍ပင် သိရှိလေတော့ သည်ဟူလို။ အဘယ်ကြောင့် သိနိုင်လေသနည်းဟူမူ။ မိမိ၏ ခန္ဓာ၌ ဖြစ်နေသည်ကို သတိထားနေသည်၏ အဖြစ်ကြောင့် သိနိုင်လေ တော့သည်ဟူလို။ (သဗ္ဗကာယ ပဋိသံဝေဒီ။ လ။ သိက္ခတိ) ဟူသော ပါဠိတို့ဖြင့်။ ထွက်သက်၏အစ ချက်, ရင်ချိုင့် အလယ်

နှာသီးဖျားအဆုံး။ ဝင်သက်အစ နှာသီးဖျား၊ ရင့်ချိုင့် အလယ်၊ ချက်တိုင်အဆုံး။ ဤသုံးပါးကို ထင်မြင်အောင် သတိထား၍၊ ကျင့်ရမည်ဆိုလိုသည်။ (ပဿမ္ဘယံ။ လ။ သိက္ခတိ) ဟူသော ပါဠိတို့ဖြင့်။ ရုန့်ရင်းသော ထွက်သက်၊ ဝင်သက်ကို။ သိမ်မွေ့၍ သွားအောင်ကျင့်ရမည်ဟု ပြဆိုအပ်လေသည်။ ထိုသို့ အဘန်ဘန် အရှည်၊ အတိုကိုသိမြင်၍။ အစ၊အလယ်၊အဆုံး၊ ထင်အောင် အားထုတ်ခြင်း။ ရုန့်ရင်းသည်ကို သိမ်မွေ့အောင်ပြု၍ အား ထုတ်ခြင်း၊တို့ကိုပြု၍ ထင်မြင်နေလျှင်၊ ဥဂ္ဂဟနိမိတ်သို့ ရောက်လေ သည်။ ထိုသို့ ဥဂ္ဂဟနိမိတ်သို့ ရောက်လျှင်၊ ပဋိဘာဂနိမိတ်သို့ ရောက်နိုင်သည်။ ပဋိဘာဂနိမိတ်သို့ရောက်သောအခါ။ တချို့မှာ ရွှဲလုံးများ စီထားသကဲ့သို့ထင်တတ်၏။ တချို့မှာ မီးခိုးတန်းလို ထင်တတ်၏။တချို့မှာ အရောင်အလင်းလိုထင်တတ်၏။တချို့မှာ ကြယ်တာရာများကဲ့သို့ ထင်တတ်၏။ ဤသို့လျှင် တယောက်နှင့် တယောက်မတူ။ သညာဇကြောင့်ထင်တတ်၏။ ထိုအခါ ပဋိဘာဂ နိမိတ်ဖြစ်၏။ ထိုသို့ဖြစ်၍ စိတ်ပျော်ပိုက်လျှင် အပ္ပနာစျာန်သို့ ရောက်တတ်၏။

(သမထနည်းပြီး၏။ နှလုံးသွင်းကြလေ။)

ယခုအခါ၊ သမထနည်းမှတပါး၊ ဝိပဿနာနည်း၌ အနတ္တကို ပြတော်မူလိုသောဘုရားရှင်သည်။ ။ဣတိ အဇ္ဈတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဗဟိဒ္ဓါဝါ ကာယေကာယာ နုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ ဗဟိဒ္ဓါဝါ ကာယေကာယာနုပဿီ ဝိဟရတိ။ ဟူ၍ ဟောတော် မူလေသည်။ (အနက်သိကြောင်း မြန်မာ ပြန်ကား။) ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိအတ္တဘောကို မှီ၍ဖြစ် သော။ ကာယေ၊ ထွက်သက်၊ဝင်သက်၊လေဟု ခေါ်ဆိုအပ်သော

တွန်းကန်တတ်သော သဘော ရုပ်အပေါင်း၌။ ကာယာနုပဿီ၊ ငါတည်းဟူသော သတ္တဝါ မဟုတ်သော ထွက်သက်၊ ဝင်သက်၊ လေဟု ခေါ်ဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်အပေါင်း သာရှိ၏ ဟူ၍ ဝိပဿနာပညာဖြင့် အဘန် တလဲလဲရှု၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ မိမိမှာအပ ဖြစ်သော သူတပါးဟု ဆိုအပ်သော အတ္တဘော၌လည်းဖြစ်သော။ ကာယေ၊ ထွက်သက်၊ ဝင်သက်၊ လေဟုခေါ်ဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်အပေါင်း၌။ ကာယာနုပဿီ၊ သူတည်းဟူသော သတ္တဝါ မဟုတ်သော ထွက်သက်၊ ဝင်သက်၊ လေဟုဆိုအပ်သော တွန်းကန် တတ်သော သဘော ရုပ်အပေါင်းသာ ရှိ၏ ဟူ၍၊ ဝိပဿနာ ပညာဖြင့်အဘန်တလဲလဲရှု၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါ မိမိ၏ အတ္တဘောကို မှီ၍လည်းဖြစ်သော၊ ရံခါသူတပါးအတ္တ ဘောကိုမှီ၍လည်း ဖြစ်သော။ ကာယေ၊ ထွက်သက်၊ ဝင်သက်၊ လေဟုဆိုအပ်သော တွန်းကန်တတ်သောရုပ်အပေါင်း၌။ ကာယာ နုပဿီ၊ ငါ၊ သူ၊ သတ္တဝါမဟုတ်သော ထွက်သက်၊ ဝင်သက်၊ လေဟု ဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်အပေါင်းသာရှိ၏ ဟူ၍ ဝိပဿနာပညာဖြင့် အဘန်တလဲလဲရှု၍။ ဝိဟရတိ၊ နေ ၏။ ။ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍၊ မိမိအတ္တဘော၌လည်း သတ္တဝါမရှိ။ ထွက်သက်၊ ဝင်သက်၊ လေဟု ဆိုအပ်သော တွန်းကန်တတ်သော သဘောရုပ်အပေါင်းသာရှိ၏ ဟူ၍၊ အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ရှု၍နေအပ်၏။ သူ တပါး အတ္တဘော၌လည်း သတ္တဝါမရှိ။ ထွက်သက်၊ ဝင်သက်၊ လေဟုဆိုအပ်သော တွန်းကန်တတ်သော သဘောရုပ်အပေါင်း သာရှိ၏ ဟူ၍ အဘန်တလဲလဲ ဝိပဿနာပညာဖြင့်ရှု၍ နေအပ်၏။

ရုံခါ မိမိ အတ္တဘော၌လည်းဖြစ်သော, ရုံခါသူတပါးအတ္တဘော၌ လည်းဖြစ်သောထွက်သက်,ဝင်သက်, လေဟုဆိုအပ်သောတွန်းကန်တတ်သော သဘော ရုပ်အပေါင်း၌။ ငါ,သူ,သတ္တဝါမရှိ။ ထွက်သက်, ဝင်သက်, လေဟုဆိုအပ်သော တွန်းကန် တတ်သော သဘော ရုပ်အပေါင်းသာရှိ၏ ဟူ၍၊ ဝိပဿနာ ပညာဖြင့်ရှုနေအပ်၏ ဟူလို။ ထိုသို့ရှုနေလျှင်၊ စင်စစ်ငါ,သူ,သတ္တဝါကို မမြင်ဘဲ ထွက်သက်,ဝင်သက်,လေဟု ဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်တရားအပေါင်းသာ ရှိနေမှုကို၊ တရေးရေးမြင်နေ၍ အနတ္တထင်မြင်နေတော့၏ဟူလို။

ထိုနောက်ထိုအနတ္တတရားသာလျှင် ဖြစ်သော ထွက်သက်, ဝင်သက်,လေဟု ခေါ်ဆိုအပ်သော တွန်းကန်တတ်သော ရုပ်တရားအပေါင်း၌။အနတ္တရှုမှုကိုပြပြီး၍ တဘန် အနိစ္စရှုမှုကို ပြလိုတော်မူသောကြောင့်။ ။သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ဝယဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ။ဟူ၍ ဟောတော်မူလေသည်။ (အနက်သိကြောင်း မြန်မာပြန် ကား။) ကာယသ္မိံ၊ ထွက်သက်, ဝင်သက်, လေဟု ဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်အပေါင်း၌။ သမုဒယဓမ္မာနုပဿီဝါ၊ စိတ်အကြောင်းကြောင့် ဖြစ်ပေါ်လာသော သဘောရှိ၏ ဟူ၍ အဘန်လဲလဲရှုသည်ဖြစ်၍။ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်, ဝင်သက်, လေဟုဆိုအပ်သော တွန်းကန်တတ်သော သဘောတရားအပေါင်း၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်တတ်သော သဘောရှိ၏ ဟူ၍လည်း အဘန်တလဲလဲရှု၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်, ဝင်သက်,လေဟု ဆိုအပ်လော ထွန်းကန်

တတ်သော သဘောရုပ်အပေါင်း၌။ သမုဒယ ဝယမ္ဘော နုပဿီ ဝါ၊ စိတ် ကြောင့် ဖြစ် ပေါ်ပြီး ၍ ပျက် တတ် သော သ ဘော ရှိ ၏ ဟူ ၍ လည်း အ ဘန် တ လဲ လဲ ရှု သည် ဖြစ် ၍။ ဝိဟရတိ၊ နေ၏။ ။(အဓိပ္ပါယ်ကား။) ငါ,သူ, သတ္တဝါ မဟုတ်သော ထွက်သက်,ဝင်သက်,လေဟု ဆိုအပ်သော စိတ္တဇရုပ်သည် စိတ် ကြောင့်ဖြစ်ပေါ်ပြီး၍ ပျက်ခြင်းသို့သာ ရောက်လေသည်ဟူ၍။ မိမိ၏ကိုယ်, သူတပါးကိုယ်, ၌ အဘန်တလဲလဲ ရှုနေရမည်ဟူလို။ ထိုသို့ရှုနေလျှင် ထွက်သက်, ဝင်သက်, လေမှတပါး သတ္တဝါကို မ မြင် ဘဲ။ ထို ထွက် သက်, ဝင်သက်, လေ သည် သာ စိတ် တို့ အကြောင်းခံ၍ ဖြစ်ပေါ်ပြီးလျှင် ပျက်၏။ နောက် ထွက်သက်, ဝင်သက်, လေ သည်။ နောက် စိတ် ကို အ ကြောင်း ခံ ၍ ဖြစ်၍ ပျက်၏။ ဤနည်းကိုမှီ၍ အကြောင်းခံစိတ်သည် မမြဲ,ထွက်သက်, ဝင်သက်,လည်းမမြဲ,သည်၏ အဖြစ်ကိုသာ တရေးရေး မြင်နေလေ၏ ဟူသော အဓိပ္ပါယ်ကိုသိစေတော်မူ၏။

ထိုသို့မြင်နေ၍ အဘန်တလဲလဲရှုနေလျှင်၊ ထွက်သက်,ဝင်သက်, လေဟုဆိုအပ်သော ရုပ်အပေါင်းသာ အမှန်ရှိမှုကို တရေးရေး ထင်နေ၏။ ထိုသို့ထင်နေသည်၏ အဖြစ်ကို ပြတော်မူလိုသော ဘုရားရှင်သည်။ ။အတ္ထိကာယောတိဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ။ဟူ၍ ဟောတော်မူလေသည်။ ။(မြန်မာပြန်ကား။) ကာယော၊ ငါ,သူ,သတ္တဝါ မဟုတ်သော ထွက်သက်, ဝင်သက်,လေဟုဆိုအပ်သော တုန်းကန်တတ်သော ရုပ်အပေါင်း သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုယောဂါဝစရ ဝိပဿနာရှုသော ပုဂ္ဂိုလ်အား။ သတိဝါပန၊ တွေးတောနေသော သတိတရားသည်သာလျှင်။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်

နေသည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့ ဟောတော်မူအပ်သည် ကိုထောက်၍၊ ငါ့သူ့သတ္တဝါမထင်ဘဲ၊ ထွက်သက်၊ ဝင်သက်၊ လေဟုဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်အပေါင်း သာလျှင် ရှိသည်၏ အဖြစ်ကို တရေးရေးထင်နေလေသည်ဟူသို။ ထိုသို့ထင်နေပြီး၍ အကြောင်းခံဖြစ်သော စိတ်သည်လည်းသတ္တဝါ မဟုတ်။ ထိုစိတ်သည်လည်း တခုပြီးတခု ဖြစ် ပျက် နေ မှု ကို လည်းကောင်း။ ထွက်သက်၊ ဝင်သက်၊ လေဟု ဆိုအပ်သော တွန်းကန်တတ်သော သဘော ရုပ်အပေါင်းတို့သည်လည်း ဖြစ် ပေါ်၍ ပျက်နေသည်ကိုလည်းကောင်း။ တရေးရေးမြင်နေအောင် ဉာဏ်ဖြင့်ရှုနေရမည်။ ထိုရှုမြင်သော ဝိပဿနာဉာဏ်ကို အဘန် တလဲလဲပွါးများထင်နေအပ်သည်၏ အဖြစ်ကိုသိစေတော်မူလို၍။

ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ ။ဟူသော စကားတော်ကို ဟောတော်မူအပ်လေသည်။ (မြန်မာပြန်ကား။) ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ ဝိပဿနာဉာဏ် အဆင့်ဆင့် ပွါးခြင်း အတိုင်းအရှည်အလို့ငှါ။ ပဋိဿတိမတ္တာယ၊ ဝိပဿနာနှင့်ယှဉ်သော သတိတရား အဆင့်ဆင့်ပွါးခြင်း အတိုင်း အရှည်အလို့ငှါ။ ဘာဝေတိ-ဝဍ္ဎေတိ၊ပွါးများ၏။ ။ဤသို့ ဟော တော်မူအပ်သော စကားတော်ကို ထောက်၍ ဝိပဿနာဉာဏ်ကို အဆင့်ဆင့်ပွါးများအပ်သည်၏ အဖြစ်ကိုသိလေ။ ထိုသို့ပွါးများ လျှင်၊ ၎င်းထွက်သက်၊ ဝင်သက်၊လေ ဟုဆိုအပ်သော ရုပ်တရား၊ အကြောင်းခံဖြစ်သော စိတ်တရား၊တို့ကို အလိုမရှိ။ ၎င်းတို့မှ လွတ်ရာဖြစ်သော မဖြစ်၊ မပျက်သော နိဗ္ဗာန်ကိုသာလေ့လွတ်ဘန် များ၍ ရဟန္တာဖြစ်လေ၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကိုသိစေလို၍ ဘုရားရှင်သည်။ ။အနိဿိတောစ ဝိဟရတိ နစကိဉ္စိ လောကေ

ဥပါဒိယတိ။ ဟူ၍ ဟောတော်မူအပ်လေသည်။ ။(မြန်မာပြန်ကား။) အနိဿိတောစ၊ တဏှာ, ဒိဋ္ဌိ,မမှီမူ၍လည်း။ ဝိဟရတိ၊ နေရ၏။ ကိဉ္စိ၊ တစုံတခုသော ရုပ်, နာမ်,တရားကို၊ နစဥပါဒိယတိ၊ မစွဲလမ်းတော့ပြီ။ ။ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကိုထောက်၍။ ရဟန္တာအဖြစ်သို့ ရောက်သည်၏ အဖြစ်ကိုသိကြလေ။ ။ဤမျှသော စကားအစဉ်ဖြင့်၊ အာနာပါနပဗ္ဗကမ္မဋ္ဌာန်းနည်းကို ပြချက်ပြီး၏။

ကာယာနုပဿနာ သတိပဋ္ဌာန် တို့တွင်၊ အာနာပါန ပဗ္ဗ အခန်းကို ဟောတော်မူပြီး၍။ ယခုအခါ ဣရိယာပထပဗ္ဗကို ဟောတော်မူလိုသော ဘုရားရှင်သည်။ ။ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိ။ ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ။ နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ။ သယာနောဝါ သယာနောမှီတိ ပဇာနာတိ။ ယထာယထာဝါ ပနဿကာယော ပဏိဟိတောတိ။ တထာတထာနံ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံဝါ ကာယေကာယာနုပဿီဝါ ဝိဟရတိ။ ဗဟိဒ္ဓါဝါ ကာယေ ကာယာ နုပဿီ ဝိဟရတိ။ အဇ္ဈတ္တဗဟိဒ္ဓါဝါ ကာယေကာယာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ဝယဓမ္မာနုပဿီဝါ ယာယသ္မိံ ဝိဟရတိ။ သမုဒယဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ အတ္ထိကာယောတိဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတောစ ဝိဟရတိ။ နစကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေကာယာနုပဿီ ဝိဟရတိ။ ။ ဟူ၍ဟောတော်မူအပ်လေသည်။ (အနက်သိကြောင်းမြန်မာပြန်ကား။) ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်။ အပရံ၊တပါးတို့။

ဘိက္ခု၊ သံသရာဘေးကို ရှုတတ်သောသူသည်။ ဂစ္ဆန္တောဝါ၊ သွား စဉ်မှုလည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ ပညာဖြင့်သိ ၏။ ဌိတောဝါ၊ ရပ်စဉ်မှုလည်း။ ဌိတောမီတိ၊ ရပ်၏ဟူ၍။ ပဇာ နာတိ၊ ပညာဖြင့် သိ၏။ နိသိန္နောဝါ၊ ထိုင်စဉ်မှုလည်း။ နိသိန္နော မီတိ၊ ထိုင်၏ဟူ၍။ ပဇာနာတိ၊ ပညာဖြင့်သိ၏။ သယာနောဝါ၊ လျောင်းစဉ်မှုလည်း။ သယာနောမီတိ၊ လျောင်း၏ဟူ၍။ ပဇာ နာတိ၊ ပညာဖြင့်သိ၏။ ယထာယထာဝါပန၊ အကြင်အကြင် ဣရိယာပုထ်ဖြင့်လည်း။ အဿ၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်၏။ ကာ ယော၊ ကိုယ်ဟု သမုတ်အပ်သော ရုပ်အပေါင်းအစုကို။ ပဏိဟိ တော၊ ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တထာတထာ၊ ထိုထို သို့သော ဣရိယာပုထ်ဖြင့်။ နံကာယံ၊ ထိုကိုယ်ဟု သမုတ်အပ်သော ရုပ်အပေါင်းအစုကို။ ပဇာနာတိ၊ ပညာဖြင့်သိ၏။ ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ။ မိမိအတ္တဘောကိုမှီ၍လည်း ဖြစ်သော။ ကာယေ၊ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ ဖြစ်သော ကလာပ်အစု အပေးဟု ဆိုအပ်သော ရုပ်တရားအပေါင်း၌။ ကာယာနုပဿီ၊ ဣရိယာပုထ် လေးပါးကို ပြုပြင် တိုင်း၌ ဖြစ် သော က လာပ်အစု အဝေးဟု ဆိုအပ်သော ရုပ်တရား အပေါင်း အ စု သာ ရှိ၏ဟူ၍ ဝိပဿနာပညာဖြင့် အဘန်တလဲလဲရှု၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ မိမိမှအပ်ဖြစ်သော သူတပါးဟုဆိုအပ်သော အတ္တဘော၌လည်း ဖြစ်သော။ ကာယေ၊ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ဖြစ် သော ကလာပ်အစုအစေးဟု ဆိုအပ်သော ရုပ်တရားအပေါင်း၌။ ကာယာနုပဿီ၊ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ ဖြစ်သော ကလာပ်အစုအဝေးဟု ဆိုအပ်သော ရုပ်တရား အပေါင်းအစုသာ ရှိ၏ဟူ၍ ဝိပဿနာ ပညာဖြင့်အဘန်တလဲလဲရှု၍။ ဝိဟရတိ၊ နေ၏။

အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါ မိမိအတ္တဘောကို မှီ၍ လည်း ဖြစ် သော ရံခါ သူတပါးအတ္တဘောကိုမှီ၍လည်းဖြစ်သော။ ကာယေ၊ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ဖြစ်သော ကလာပ်အစုအဝေးဟု ဆိုအပ်သော ရုပ်တရားအပေါင်း၌။ ကာယာနုပဿီ၊ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ဖြစ်သော ကလာပ်အစုအဝေးဟု ဆိုအပ်သော ပညတ်ရုပ်တရားအပေါင်းအစုသာရှိ၏ဟူ၍ ဝိပဿနာဖြင့် အဘန်တလဲလဲရှု၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ဣရိယာပုတ်လေးပါးကို ပြုပြင်တိုင်း၌ဖြစ်သော ကလာပ်အစုအဝေးဟု ဆိုအပ်သော ရုပ်တရားအပေါင်း၌။ သမုဒယဓမ္မာနုပဿီဝါ၊ စိတ်ကြောင့်ဖြစ်ပေါ်လာသော ဝိညတ်ရုပ်နှင့် တကွဖြစ်သော ဝါယောဓါတ်ကြောင့်သာလျှင်။ ဣရိယာပုထ်ဘည်းဟူသော ရုပ်ကလပ် အပေါင်း အစုတို့ တမျိုးတဖုံစီ ဘောက်ပြန်သော အားဖြင့် ဖြစ်ခြင်း သဘောရှိ၏ ဟူ၍လည်း အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ဣရိယာပုထ် လေးပါးကို ပြုပြင်တိုင်း၌ဖြစ်သော ကလာပ် အစုအဝေးဟုဆိုအပ်သော ရုပ်ဘရား အပေါင်း၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းသဘောရှိ၏ဟူ၍လည်း အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ ဖြစ်သော ကလာပ်အစုအဝေးဟုဆိုအပ်သော ရုပ်ကလပ်အပေါင်း၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ စိတ်ကြောင့်ဖြစ်ပေါ်လာသော ဝိ ညတ် ရုပ် နှ င့်တ ကွ ဖြစ်သော ဝါယောဓါတ်ကြောင့်သာလျှင်၊ ဣရိယာပုထ်ဘည်းဟူသော ရုပ်ကလာပ် အပေါင်းအစုတို့ တမျိုးတဖုံစီ ဘောက်ပြန်သော အားဖြင့်ဖြစ်ပြီး၍ ပျက်ခြင်းသဘောရှိ၏ ဟူ၍လည်းအဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယော၊ ငါ့ သူ့ သတ္တ

ဝါမဟုတ်သော ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ဖြစ်သော ရုပ်ကလာပ် အစုအပေါင်းသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုယောဂါဝစရ ဝိပဿနာရှုသော ရဟန်းအား။ သတိဝါပန၊ တွေးတောနေသော သတိတရား သည်သာလျှင်။ ပစ္စုပဋ္ဌိတာ၊ ရှေ့ရှုထင်နေသည်။ ဟောတိ၊ ဖြစ်၏။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ ဝိပဿနာ ဉာဏ်အဆင့်ဆင့် ပွါးခြင်းအတိုင်းအရှည်အလို့ငှါ။ ပဋိဿတိမတ္တာယ၊ ဝိပဿနာနှင့် ယှဉ်သောသတိတရားအဆင့်ဆင့် ပွါးခြင်းအတိုင်းအရှည်အလို့ငှါ။ ဘာဝေတိ-ဝဍ္ဎေတိ၊ ပွါးများ၏။ သော၊ ထိုဝိပဿနာဉာဏ်နှင့် ယှဉ်သောသတိကို ပွါးများနေသော ရဟန်းသည်။ အနိဿိတော စ၊ တဏှာ,ဒိဋ္ဌိ, မမှီမူ၍လည်း။ ဝိဟရတိ၊နေ၏၊ လောကေ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌။ ကိဉ္စိ၊ တစုံတခုသော ရုပ်, နာမ်, တရားကို။ နဥပါဒိယတိ၊ အရဟတ္တဖိုလ် တိုင်အောင် ရောက်သဖြင့် မစွဲလမ်းတော့ပြီ။ ဝါ၊ စွဲလမ်းခြင်းမရှိပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ကာယေ၊ ဣရိယာပုထ်လေးပါးဟု ဆိုအပ်သော ရူပကာယ၌။ ကာယာနုပဿီ၊ရူပကာယကို အဘန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ် တို့တွင်။ (ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိ)ဟူသော ပါဌ်တို့ဖြင့်။ သွားနေခိုက်ဖြစ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ သွားခိုက်-သွား၏ဟူ၍ပညာဖြင့်သိအပ်၏ဟု ဆုံးမတော်မူ၏။ ထိုသို့ဆုံးမခြင်းသည်။ ငါသွားသည်ဟူ၍ မောဟဖြင့် မသိမူ၍။ သွားလိုသောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓါတ်သည်။ တကိုယ်လုံး၌ ပြန့်နှံ့၏။ထိုနောက်ချီလိုသောစိတ်ကြောင့် ဖြစ်သောဝိညတ်ရုပ်နှင့်တကွ

ဖြစ်ပေါ်သော ဝါယောဓါတ်သည်။ ခြေဟု ဆိုအပ်သော ရုပ်ကလာပ်အပေါင်းအစုကို မြှင့်သောအခြင်းအရာဖြင့် ဖြစ်စေပြီးလျှင် ရှေ့သို့ ညွတ်သောအားဖြင့်ဖြစ်စေ၍ကျစေ၏။ ထိုသို့ရှေ့သို့ ညွတ်စေသောအားဖြင့်ကျစေမှုကိုပင်သွားသည်ဟု လောက၌ သမုတ်အပ်၏။ ထိုနောက်တဘန် ချပြီးသော ခြေဟုသမုတ် အပ်သော ရုပ်ကလာပ်အပေါင်းကို မြှင့်သော ဝါယောဓါတ်သည်။ ပင့်ပြန်၍ တဘန်ရှေ့သို့ ညွတ်သောအားဖြင့် ကျစေ၏။ ဤသို့အစဉ် မပြတ် စိတ္တဇဝါယောဓာတ်ကြောင့် ဖြစ်နေသောချီမှု့ချမှု့ကိုပင် သွားသည်ဟု လောက၌ သမုတ်အပ်သည်။ စင်စစ်သွားတတ်သော သတ္တဝါဟူ၍ မရှိပေ၊ ဝိညတ်ရုပ်နှင့်ဘက္ခ စိတ္တဇဝါယောဓါတ်တို့အကြောင်းခံ၍ ဖြစ်မှုသာတည်းဟူ၍ ပညာဖြင့်သိအပ်၏ ဟူသော အဓိပ္ပါယ်ကို သိစေဘော်မူ၏။ ထိုသို့ သိစေတော်မူတိုင်း နှလုံးသွင်းအပ်၏။ ငါပင်သွားသည် သူပင်သွားသည့်ဟူ၍ နှလုံး မသွင်းအပ်ဟူလို။ ။(ဋ္ဌိတောဝါ ဋ္ဌိတောမိတိ ပဇာနာတိ)ဟူသောပါဠိတို့ဖြင့်။ရုပ်နေခိုက်ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ ရုပ်ခိုက်-ရုပ်၏ ဟူ၍ ပညာဖြင့် သိအပ်၏ဟုဆုံးမတော်မူ၏။ ထိုသို့ ဆုံးမခြင်းသည်။ ငါရပ်၏ဟူ၍ မောဟဖြင့်မသိမူ၍။ ရပ်လိုသော စိတ်ကြောင့်ဖြစ်သော ဝိညတ်ရုပ်နှင့်ဘက္ခဖြစ်ပေါ်သောဝါယော ဓါတ်သည်။ ရပ်သောအခြင်းအရာတို့ဖြင့်။ ကိုယ်ဟုသမုတ် အပ်သော ရုပ်ကလာပ်အပေါင်းကို ထောင်ထားခြင်းကို ဖြစ်စေ၏။ ထိုသို့ထောင်ထားခြင်းကိုသာလျှင်။ လောက၌ရပ်သည်ဟု သမုတ်အပ်သည်။ စင်စစ် စိတ္တဇဝါယောဓါတ်ကြောင့် ရုပ် သ လို နေသည်မှတပါး။ ရပ်သောသူ မရှိဟုပညာဖြင့် နှလုံးသွင်းအပ်၏ ဟူသော အဓိပ္ပါယ်ကို သိစေတော်မူ၏။ စင်စစ် ငါရပ်သည် ဟူ၍

မောဟဖြင့်မသိကြလင့်ဟူလို။(နိသိန္နော၀ါ နိသိန္နောမိတိပဇာနာတိ) ဟူသောပါဠိတို့ဖြင့်။ ကိုယ်ဖြင့်ထိုင်နေခိုက်ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ ထိုင်ခိုက်-ထိုင်၏ဟု ပညာဖြင့် သိအပ်၏ ဟူ၍ ဆုံးမတော်မူ၏။ ထိုသို့ဆုံးမခြင်းသည်၊ ငါထိုင်သည်ဟူ၍ မောဟဖြင့် မသိမူ၍ ထိုင်လိုသောစိတ်ကြောင့်ဖြစ်သော ဝိညတ် ရုပ်နှင့်တကွ ဖြစ်ပေါ်သောစိတ္တဇဝါယောဓါတ်သည်။ ထိုင်သောအခြင်းအရာဖြင့် ကိုယ်ဟု သမုတ်အပ်သော ရုပ်ကလာပ်အပေါင်းကို ထိုင်သည်ဟု သမုတ်အပ်သော အခြင်းအရာဖြင့်ဖြစ်စေ၏။ ထိုသို့ ထိုင်သောအခြင်းအရာဖြင့် ဖြစ်စေအပ်သည်ကိုပင်။ လောက၌ ထိုင်သည်ဟု သမုတ်အပ်သည်။ စင်စစ် စိတ္တဇဝါယောဓါတ်ကြောင့် ထိုင်သလိုနေသည်မှတပါး။ ထိုင်သောသူမရှိဟု ပညာဖြင့် နှလုံးသွင်းအပ်၏ ဟူသော အဓိပ္ပါယ်ကို သိစေတော်မူ၏။ စင်စစ် ငါထိုင်သည်ဟူ၍ မောဟဖြင့် နှလုံးမသွင်းကြလင့်ဟူလို။ ။(သယာနော၀ါ သယာနောမိတိပဇာနာတိ) ဟူသော ပါဠိတို့ဖြင့်။ လျောင်းနေခိုက်ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ လျောင်းခိုက်-လျောင်း၏ဟူ၍ ပညာဖြင့်သိအပ်၏ဟူ၍ ဆုံးမတော်မူ၏။ ထိုသို့ ဆုံးမခြင်းသည်။ ငါလျောင်းသည်ဟူ၍ မောဟဖြင့် မသိမူ၍။ စိတ်ကြောင့်ဖြစ်သော ဝိညတ်ရုပ်နှင့်တကွဖြစ်သော စိတ္တဇဝါယောဓါတ်သည်။ လျောင်းသော အခြင်း အရာ အားဖြင့်။ ကိုယ်ဟုသမုတ်အပ်သော ရုပ်ကလာပ်အပေါင်းကိုဖြစ်စေ၏။ ထိုသို့ လျောင်းသောအခြင်းအရာဖြင့် ဖြစ်စေမှုကိုသာလျှင်။ လောက၌ လျောင်းသည်ဟု သမုတ်အပ်သည်။ စင်စစ် စိတ္တဇဝါယောဓါတ်ကြောင့် လျောင်း သလို နေသည်မှ တပါး။ လျောင်း သော သူသတ္တဝါမရှိဟု ပညာဖြင့် နှလုံးသွင်းအပ်၏။ စင်စစ် ငါလျောင်း

သည်ဟူ၍ နှလုံးမသွင်းအပ်ဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်သည်ဟုမှတ်။ ဤနည်းကို မှီ၍ အကြွင်းအကြွင်ကြရိယာပုထ်ဖြင့် ကိုယ်ဟုသမုတ်အပ်သော ရုပ်ကလာပ်အပေါင်းကို ထားအပ်၏။ ထိုထိုအခြင်းအရာဖြင့်၊ စိတ္တဇ၀ါယောဓါတ်ပြောင်သော ရုပ်ကလာပ်အပေါင်းကို ဆောင်ထားခြင်းဖြစ်၏ဟု ပညာဖြင့်ဆင်ခြင်၍ သိအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေလို၍ (ယထာယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ။ တထာတထာနံ ပဇာနာတိ)ဟူ၍ ဟောတော် မူအပ်လေသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်ကိုမှီ၍ သူတော်ကောင်းတို့ အမြဲနှလုံးသွင်းကြလေ။ ။(ဣတိအဇ္ဈတ္တံ ဝါ ကာယေကာယာ နုပဿီ ဝိဟရတိ)ဟူသောပါဠ်တို့ဖြင့်။ မိမိအဇ္ဈတ္တသန္တာန်၌ ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ ဖြစ်သော ရုပ်ကလာပ်အစုအပေါင်း၌ ငါဟုဆိုအပ်သော သတ္တဝါမရှိ၊ ထိုရုပ်ကလာပ်အစုအပေါင်းသာ ရှိ၏ဟူ၍ ဝိပဿနာဥာဏ်ဖြင့် ရှုနေရမည်ကို ပြဆိုတော်မူအပ်၏။ (ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ)ဟူသော ပါဠ်တို့ဖြင့်။ မိမိမှအပဖြစ်သော သူတပါးသန္တာန်၌ ဣရိယာပုထ် လေးပါးကို ပြုပြင်တိုင်း၌ ဖြစ်သော ရုပ်ကလာပ် အ စု အပေါင်း၌။ သူ တ ပ ါး ဟု ဆိုအပ် သော သ တ္တဝါ မ ရှိ။ ထို ရုပ် က လာပ်အစု အပေါင်းသာရှိ၏ဟူ၍ ဝိပဿနာဉာဏ်ဖြင့် ရှုနေရမည်ကို ပြဆိုတော်မူအပ်၏။(အဇ္ဈတ္တဗဟိဒ္ဓါဝါ ကာ ယေ ကာ ယာ နု ပ ဿီ ဝိဟရတိ) ဟူသော ပါဠ်တို့ဖြင့်၊ ရံခါ မိမိသန္တာန်၌, ရံခါ သူတပါးသန္တာန်၌, ဣရိယာပုထ်လေးပါးကို ပြုပြင်တိုင်း၌ဖြစ်သော ရုပ်ကလာပ် အစုအပေါင်း၌။ ငါ, သူ, သတ္တဝါ မ ရှိ၊ ရုပ် က လာပ် အစု

အပေါင်းသာရှိ၏ဟူ၍ ဝိပဿနာဉာဏ်ဖြင့် ရှုနေရမည်ကိုပြဆိုတော်မူအပ်၏။

(သမုဒယမ္မော။လ။ဝိဟရတိ)ဟူသော ပါဌ်တို့ဖြင့်။ ဣရိယာပုထ်ဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်။ စိတ်ကြောင့်ဖြစ်သော ဝိညတ်ရုပ်နှင့်တကွဖြစ်သော စိတ္တဇဝါယော ဓါတ်ကြောင့်သာလျှင် တမျိုးတဖုံစီ ဖြစ်ကြကုန်၏ဟူ၍၊ ဝိပဿနာ ဉာဏ်ဖြင့်ရှုနေရမည်ကိုပြတော်မူအပ်၏။ (ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ) ဟူသော ပါဌ်တို့ဖြင့်။ ထိုဖြစ်ပေါ်သော ဣရိယာပုထ်ဟုဆိုအပ်သော ရုပ်ကလာပ်တို့သည်။ စင်စစ် ပျက်စီးခြင်း သို့သာ ရောက်လေတော့၏ဟု ဝိပဿနာဉာဏ်ဖြင့်ရှုနေရမည်ကို ပြတော်မူအပ်၏။ (သမုဒယ ဝယဓမ္မာ။ လ။ ဝိဟရတိ။) ဟူသော ပါဌ်တို့ဖြင့်။ ထိုဣရိယာပုထ်ဟုဆိုအပ်သော ရုပ်ကလာပ်တို့သည်၊ စိတ်ကြောင့် ဖြစ် သော ဝိ ညတ် ရုပ် နှင့် တကွ ဖြစ် သော စိတ္တဇဝါယောဓါတ်ကြောင့် တမျိုးတဖုံစီ ဖြစ်ပေါ်,ဖြစ်ပေါ်, ပြီးလျှင်။ စင်စစ် ပျက်စီး,ပျက်စီး,ခြင်းသို့သာလျှင် ရောက် လေ တော့၏ဟု ဝိပဿနာပညာဖြင့်ရှုနေရမည်ကိုပြဆိုအပ်၏။ (အတ္ထိကာယောတိ ဝါ ပနဿ သတိပစ္စုပဋ္ဌိတာ) ဟူသော ပါဌ်တို့ဖြင့်။ ထိုသို့ရှုနေသော ယောဂါဝစရ ရဟန်းအား။ စင်စစ် ငါ,သူ,သတ္တဝါ ဟူ၍ မထင်ဘဲ။အဘန်တလဲလဲပြုပြင်အပ်သောအခါတိုင်း၌ ရုပ်ကလာပ်အစုအပေါင်းသာ ဖြစ်ပေါ် သောအားဖြင့်ရှိနေ၏ဟူ၍။တရေးရေးထင်မြင်နေမှုကိုပြတော်မူအပ်၏။(ယာဝဒေဝ ဉာဏမတ္တာယပဋိဿတိမတ္တာယ)ဟူသောပါဌ်တို့ဖြင့်။ ထိုဣရိယာပုထ်ကိုသိမ်းဆည်း၍ ဖြစ်သော ဝိပဿနာဉာဏ်နှင့် ထိုဝိပဿနာဉာဏ်နှင့်ယှဉ်သောသတိ

တရားတို့ကိုသာ အဘန်တလဲလဲ ပွားများနေရမည် ကိုပြဆိုတော်မူအပ်၏။(အနိဿိတောစ ဝိဟရတိ)ဟူသောပါဠိတို့ဖြင့်။ ထိုယောဂါဝစရ ရဟန်းသည်။ တိုထိုဣရိယာ ပုထ်တို့ ကို သိမ်း ဆည်း ၍။ အဘန်ဘန်ဝိပဿနာနှင့် ယှဉ်သော သတိတရားကိုပွားများလေ့လာအပ်သည်ရှိသော်။ တဏှာ,ဒိဋ္ဌိ,စသော ကိလေသာတို့သည်။ စိတ်၌ မှီခြင်းမရှိဘဲ ကင်းစင်၍နေသည်၏ အဖြစ်ကို ပြဆိုတော်မူအပ်၏။ (နစ ကိဉ္စိလောကေ ဥပါဒိယတိ) ဟူသော ပါဠိတို့ဖြင့်။ ထိုသို့ ပွားများအပ်သည်ရှိသော်။ အစဉ်အတိုင်း မဂ်လေးတန်သို့ရောက်ပြီး၍။ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင်။ ရုပ်,နာမ်,ခန္ဓာတရားတို့တွင်၊ တစုံတခုသောတရားကိုမျှ စွဲလမ်းခြင်း မရှိသည်၏အဖြစ်ကို ပြဆိုတော်မူအပ်၏။ ထိုသို့ပြဆိုအပ်သည်ကို ထောက်၍။ သူတော်ကောင်းတို့သည်၊ ဘုရား ဟောတော် မူအပ်သော နည်းအတိုင်း။ ဣရိယာပုထ် လေးပါးကို သိမ်းဆည်း၍။ ရဟန္တာအဖြစ်သို့ရောက်အောင် အားထုတ်ကြလေ။ ဤမျှသောစကားအစဉ်ဖြင့် ဣရိယာပုထ်ကို သိမ်းဆည်းခြင်းနည်းလမ်းပြပြီး၏။

နောက်ကို ဆက်လက်၍ ရေးရန်ရှိသော်လည်း။ ပုံနှိပ်လိုသော ဒါယကာများ၏အလိုအတိုင်း ရပ်ဆိုင်း၍ အပြီးသတ်လိုက်ရသည်။

(နတ်,လူ,သာဓုခေါ်စေသော၀်)

# ပစ္စယ ပရိက္ကဟာဒီ နယဂ္ဂါဟာကျမ်း။

**နမော ဗုဒ္ဓါ ယသိဒ္ဓံ၊ သာသနိဒံ ဇောတတု။**

၁။ ဟေတု၊ အကျိုးတရားတို့၏ တည်ရာ အကြောင်းဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၂။ အာရမ္မဏ၊ အကျိုးတရားတို့၏ကိုင်စွဲရာဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၃။ အဓိပတိ၊ အကြီးအကဲဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၄။ အနန္တရ၊ အခြားမဲ့ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၅။ သမနန္တရ၊ ကောင်းစွာအခြားမဲ့ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၆။ သဟဇာတ၊ အတူတကွဖြစ်၍။ ပစ္စယော၊ ကျေးဇူး ပြုတတ်သောတရား။

၇။ အညမည၊ အချင်းချင်း၊ တပါးသည် တပါးအား။ ထောက်ပင့်သောအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၈။ နိဿယ၊ မှီရာဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၉။ ဥပနိဿယ၊ ဗလဝ မှီရာဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၁၀။ ပုရေဇာတ၊ ရှေး၌ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၁၁။ ပစ္ဆာဇာတ၊ နောက်၌ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရား။

၁၂။ အာသေဝန၊ ထုံသည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရား။

၁၃။ ကမ္မ၊ စေ့ဆော်ပြုလုပ်သည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြု တတ်သော တရား။

၁၄။ ဝိပါက၊ အကျိုးတရားဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ် သောတရား။

၁၅။ အာဟာရ၊ ဆောင်သည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ် သော တရား။

၁၆။ ဣန္ဒြိယ၊ အစိုးရသည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ် သော တရား။

၁၇။ ဈာန၊ အာရုံကို ကပ်ရှုသည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြု တတ်သော တရား။

၁၈။ မဂ္ဂ၊ ရောက်ကြောင်းဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ် သော တရား။

၁၉။ သမ္ပယုတ္တ၊ အညီအညွတ် အပြားအားဖြင့် ယှဉ်သည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။

၂၀။ ဝိပ္ပယုတ္တ၊ အပြားအားဖြင့် မယှဉ်သည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရား။

၂၁။ အတ္ထိ၊ ဖြစ်ဆဲ အားဖြင့်ရှိသည်ဖြစ်၍။ ပစ္စယော၊ကျေးဇူး ပြုတတ်သော တရား။

၂၂။ နတ္ထိ၊ မရှိသည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရား။

၂၃။ ဝိဂတ၊ ကင်းသည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရား။

၂၄။ အဝိဂတ၊မကင်းသည်ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ် သော တရား။

စိတ်, စေတသိက်, တရားတို့ အတူ ဖြစ်ပေါ်ရ၍။ အကယ်၍ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်သည်သာလျှင်၊ အတူဖြစ်သော စေတသိက်တရားတို့အား၊ အကြောင်းခံခဲ့သည်ဖြစ်အံ့။ အတူဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် သဟဇာတ ပစ္စည်း။ တပါးသည် တပါးအား၊ ထောက်ပင့်သောအားဖြင့်၊ ကျေးဇူးပြုတတ်သော ကြောင့် အညမညပစ္စည်း။ မှီရာအဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သော ကြောင့် နိဿယပစ္စည်း။ ဝိညာဏာဟာရဖြစ်၍ ဆောင်သောအား ဖြင့်၊ ကျေးဇူးပြုတတ်ကြောင့် အာဟာရပစ္စည်း။ မနိန္ဒြေဖြစ်၍ သခြင်းလက္ခဏာ၌ အစိုးရသောအားဖြင့်၊ ကျေးဇူးပြုတတ်သော ကြောင့် ဣန္ဒြိယပစ္စည်း။ အညီအညွတ်အပြားအားဖြင့်၊ ယှဉ်သည် ဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် သမ္ပယုတ္တပစ္စည်း။ ရှိသော အားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း။ မကင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်း။ ဤရှစ် ပစ္စည်းဖြင့် အမြဲအကြောင်းခံ၏။

အကယ်၍ မောဟမူဇော, ဟသိတုပ္ပါဒ်ဇော, ဖိုလ်ဇောကြဉ် သော၊ သာဓိပတိဇော ၄၈-ခု၌ရှိသော စိတ်သည်သာလျှင်၊ တရံ တခါ အကြီးအကဲဖြစ်၍၊ ကျေးဇူးပြုခဲ့အံ့။ ထိုအခါ အဓိပတိ ပစ္စည်းကိုထည့်၍၊ ကိုးပစ္စည်းဖြင့် အကြောင်းခံ၏။ အကယ်၍၊ ဝိပါက်စိတ်သည်သာလျှင်၊ အကြောင်းခံခဲ့သည်ဖြစ်အံ့။ အထက်က ပြဆိုခဲ့ပြီးသော ရှစ်ပစ္စည်း၌၊ ဝိပါကပစ္စည်းကိုထည့်၍၊ ကိုးပစ္စည်း ဖြင့်အမြဲအကြောင်းခံ၏။ အကယ်၍ တရံတခါ။ သောကုတ္တရာ ဖိုလ် စိတ် လေး ခု တွင်၊ တခုခုသော စိတ် သည်၊ အကြီး အ ကဲ ဖြစ် ၍၊ အကြောင်းခံခဲ့သည်ဖြစ်အံ့။ အဓိပတိ ပစ္စည်းကိုထည့်၍၊ ဆယ် ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ အတူဖြစ်သော၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ဖြစ်သော ဖဿသည်သာလျှင်၊ အကြောင်းခံခဲ့သည်ဖြစ်အံ့။ သဟဇာတ, အညမည, နိဿယ, အာဟာရ, အတ္ထိ, အဝိဂတ, ဤခုနစ်ပစ္စည်းဖြင့်၊ အမြဲအကြောင်းခံ၏။ အကယ်၍၊ ဝိပါက်၌ဖြစ်သော ဖဿသည်၊ အကြောင်းခံခဲ့အံ့။ ဝိပါကပစ္စည်းကိုထည့်၍၊ ရှစ်ပစ္စည်းဖြင့် အမြဲအကြောင်းခံ၏။

အကယ်၍၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ဖြစ်သော ဝေဒနာသည်သာလျှင်၊ အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ခံစားခြင်း၌အစိုးရသည်ဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယ။ ဒွေးပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ်တို့၌၊ အာရုံကို ကပ်ရှုတတ်သောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဈာန။ ဤရှစ်ပစ္စည်းတို့ဖြင့် အမြဲအကြောင်းခံ၏။ အကယ်၍ ဝိပါက်စိတ်၌ ဖြစ်သော ဝေဒနာဖြစ်မူ၊ ဝိပါကကိုထည့်၍၊ ကိုးပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ ကုသိုလ်, အကုသိုလ်, ကြိယာ စိတ်တို့၌ရှိသော စေတနာသည်သာလျှင် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ အတူဖြစ်သော သမ္ပယုတ္တတရားကို၊ စေ့ဆော်ပြုလုပ်သောအားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် သဟဇာတကမ္မ။ စေတနာအာဟာရဖြစ်၍ ဆောင်သောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရပစ္စည်း၊ ဤရှစ်ပစ္စည်းတို့ဖြင့်၊ အမြဲအကြောင်းခံ၏။ အကယ်၍-ဝိပါက်၌ရှိသော စေတနာသာလျှင်၊ အကြောင်းခံအံ့။ ဝိပါကပစ္စည်းကိုထည့်၍။ ကိုးပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ ရှိသော ဧကဂ္ဂတာသည် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဒွေပဉ္စဝိညာဏ်, တဆယ်ကြဉ်သော စိတ်တို့၌၊ ကပ်ရှုသောအားဖြင့်။ ကျေးဇူးပြုတတ်သောကြောင့် ဈာန။ ဝိစိကိစ္ဆာစိတ်မှ တပါးသောဝီရိယ ယှဉ်သောစိတ်တို့၌၊ မပျံ့မလွင့်ခြင်း လက္ခဏာ၌၊ အစိုးရသည်ဖြစ်၍။ ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယ။ သဟိတ်စိတ်တို့၌ ရောက်ကြောင်းဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် မဂ္ဂ။ ဤကိုးပစ္စည်းဖြင့်၊ အကြောင်းခံ၏။ အကယ်၍၊ ဝိပါက်စိတ်တို့၌ရှိသော၊ ဧကဂ္ဂတာသည်သာလျှင်။ အကြောင်းခံခဲ့အံ့။ ဝိပါကကိုထည့်၍။ ဆယ်ပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ ရှိသော ဝီရိယိန္ဒြေသည်သာလျှင် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ စောင့်ရှောက်ခြင်း လက္ခဏာ၌။ အစိုးရသော အားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယ။ ဤခုနစ်ပစ္စည်းဖြင့် အကြောင်းခံ၏။ အကယ်၍–ဝိပါက်စိတ်၌ရှိသော ဝီရိယိန္ဒြေသည်သာလျှင် အကြောင်းခံခဲ့အံ့၊ ဝိပါကကိုထည့်၍။ ရှစ်ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော ဝိတက်သည်သာလျှင် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ အာရုံကိုကပ်၍ ရှုသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဈာန။ သဟိတ်စိတ်တို့၌ ရောက်ကြောင်းဖြစ်၍၊ ကျေးဇူး ပြုတတ်သောကြောင့် မဂ္ဂ။ ဤရှစ်ပါးသောပစ္စည်းဖြင့် အကြောင်းခံ၏။ ဝိပါက်စိတ်၌ ရှိသော

ဝိတက်သည်သာလျှင် အကြောင်းခံခဲ့အံ့။ ဝိ ပါ က ကို ထည့် ၍၊ ကိုးပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ရှိသော ဝိစာရသည် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ အာရုံကိုကပ်၍ ရှုတတ်သောအားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဈာန။ ဤခုနစ် ပစ္စည်းဖြင့် အကြောင်းခံ၏။ ဝိပါက်စိတ်၌ ရှိသော၊ ဝိစာရဖြစ်မူ၊ ဝိပါကကို ထည့်၍ ရှစ်ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၊ ဝီရိယယှဉ်သော၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ရှိသော၊ ဝီရိယသည် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ သမ္ပယုတ္တတရားတို့ကိုချီးမြှောက်ခြင်းလက္ခဏာ၌အစိုးရသည်ဖြစ်၍ ။ ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယ။ သဟိတ်စိတ်တို့၌ ရောက်ကြောင်းဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် မဂ္ဂ။ ဤရှစ်ပစ္စည်းဖြင့်အကြောင်းခံ၏။ တရံတခါ သာဓိပတိ ဇောစိတ်တို့၌။ ဝီရိယသည်သာလျှင် အကြီး အကဲဖြစ်၍ အကြောင်းခံခဲ့အံ့။ အဓိပတိထည့်၍။ ဤကိုးပစ္စည်းဖြင့်အကြောင်းခံ၏။ ဝိပါက်စိတ်၌ရှိသော၊ ဝီရိယဖြစ်မူ။ ဝိပါကကိုထည့်၍၊ရှေးနည်းအတိုင်း ကိုးပစ္စည်း၊ အဓိ ပတိကိုထည့်၍၊ ဆယ်ပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ ပီတိယှဉ်သော၊ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်တို့၌ရှိသော၊ ပီတိသည် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ အာရုံကိုကပ်၍ရှုတတ်သောအားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဈာန။ ဤ

ခုနစ်ပစ္စည်းဖြင့် အကြောင်းခံ၏။ ဝိပါက်စိတ်၌ရှိသော ပီတိဖြစ်မှု။ ဝိပါကကိုထည့်၍။ ရှစ်ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍ ဆန္ဒယှဉ်သော၊ သဟိတ်ဖြစ်သော၊ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ၊ စိတ်တို့၌ ရှိသော။ ဆန္ဒသည်သာလျှင် အကြောင်းခံခဲ့သည်ဖြစ်အံ့။ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စည်း၊ တရံတခါ ၎င်းဆန္ဒသည်။ အကြီးအကဲဖြစ်၍ ခုနစ်ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ လောကုတ္တရာဖိုလ်ဇောကြဉ်သော။ ဆန္ဒယှဉ်သော သဟိတ်ဝိပါက်စိတ်တို့၌ရှိသောဆန္ဒသည်၊ အကြောင်းခံခဲ့အံ့။ သဟဇာတ၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဝိပါက၊ ဤခုနစ်ပစ္စည်း။ အကယ်၍-တရံတခါ ဖိုလ်ဇောလေးခု၌ရှိသောဆန္ဒသည် သာလျှင် အကြီးအကဲဖြစ်၍၊ အကြောင်းခံခဲ့အံ့။ အဓိပတိပစ္စည်းထည့်၍၊ ရှစ်ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ အကုသိုလ် စိတ်တို့၌ရှိသော၊ လောဘ၊ ဒေါသ၊ မောဟ၊ ဤစေတသိက်တို့သည်သာလျှင် အကြောင်းခံခဲ့အံ့။ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ အကျိုးတရားတို့၏တည်ရာအကြောင်းအဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဟေတု။ ဤခုနစ်ပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ လောဘမူ ဒိဋ္ဌိဂတ်သမ္ပယုတ် စိတ်၌ရှိသော၊ ဒိဋ္ဌိသည် သာလျှင် အကြောင်းခံခဲ့သည်ဖြစ်အံ့။ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ရောက်ကြောင်းဖြစ်၍ အကြောင်းခံ တတ်သောကြောင့် မဂ္ဂ။ ဤခုနစ်ပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ အကုသိုလ်စိတ်တို့၌ ရှိသော၊ သညာ၊ မနသိကာရ၊ အဓိမောက္ခ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ မာန၊ ဣဿာ၊ မစ္ဆရိယ

ကုက္ကုစ္စ, ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ,တို့သည်သာလျှင် အကြောင်းခံကုန်အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ,အတ္ထိ,အဝိဂတ, ဤခြောက်ပစ္စည်းဖြင့် အကြောင်းခံကုန်၏။

အကယ်၍၊ သဒ္ဓါယှဉ် သော ကုသိုလ် ကြိယာ စိတ် တို့ ၌ ရှိ သော၊ သဒ္ဓါသည်သာလျှင် အကြောင်းခံခဲ့အံ့။သဟဇာတ,အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အ ဝိ ဂ တ။ ကြည် လင် ခြင်း လက္ခဏာ၌ အစိုးရ သာအားဖြင့် ကျေးဇူးတတ်သောကြောင့် ဣန္ဒြိယ။ ဤခုနစ်ပစ္စည်းဖြင့် အကြောင်းခံ၏။အကယ်၍ဝိပါက်၌ ရှိသော သဒ္ဓါသည် သာလျှင် အကြောင်းခံခဲ့အံ့။ ဝိပါကကို ထည့်၍၊ ရှစ်ပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ သတိယှဉ်သော။ကုသိုလ်,ကြိယာစိတ်တို့၌ ရှိသော သတိသည်သာလျှင် အကြောင်းခံခဲ့အံ့။ သဟဇာတ အညမည, နိဿယ, သမ္ပယုတ္တ,အတ္ထိ,အဝိဂတ။အာရုံ၌ သမ္ပယုတ္တ တရားတို့ကို ထင်စေခြင်းလက္ခဏာ၌၊ အစိုးရသောအားဖြင့် ကျေးဇူးပြုတတ် သောကြောင့် ဣန္ဒြိယ။ ရောက်ကြောင်းဖြစ်၍ ကျေးဇူး ပြုတတ် သောကြောင့် မဂ္ဂ။ ဤ-ရှစ်ပစ္စည်းဖြင့် အကြောင်းခံ၏။ အကယ်၍၊ ဝိပါက်စိတ်တို့၌ရှိသော သတိသည်သာလျှင် အကြောင်းခံခဲ့သည်ဖြစ်အံ့။ ဝိပါကကိုထည့်၍၊ ကိုးပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍ကုသိုလ်ကြိယာစိတ်တို့၌ရှိသော။အလောဘ,အဒေါသ,တို့သည်သာလျှင်။ အကြောင်းခံခဲ့သည်ဖြစ်အံ့။ သဟဇာတ, အညမည,နိဿယ, သမ္ပယုတ္တ,အတ္ထိ,အဝိဂတ။ အကျိုးတရားတို့၏ တည်ရာအကြောင်းဖြစ်၍။ကျေးဇူးပြုတတ်သောကြောင့် ဟေတု။ ဤခုနစ်ပစ္စည်းတို့ဖြင့်အကြောင်းခံကုန်၏။

အကယ်၍ လောကီကာမကုသိုလ်။ လောကုတ္တရာ ကုသိုလ်, စိတ်တို့၌ရှိသော။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, တည်းဟူသော ဝိရတီစေတသိက်တို့သည်သာလျှင် အကြောင်းခံခဲ့ကုန်သည်ဖြစ်အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ရောက်ကြောင်းဖြစ်၍ ကျေးဇူး ပြုတတ်သောကြောင့် မဂ္ဂ။ ဤခုနစ်ပစ္စည်းတို့ဖြင့်အကြောင်းခံကုန်၏။ အကယ်၍ ဖိုလ်လေးခု၌ရှိသော။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝိရတီတို့သည် သာလျှင် အကြောင်းခံခဲ့ကုန်သည်ဖြစ်အံ့။ ဝိပါကကိုထည့်၍။ ရှစ်ပစ္စည်းဖြင့် အကြောင်းခံကုန်၏။

အကယ်၍ ကုသိုလ်ကြိယာစိတ်တို့၌ရှိသော ပညိန္ဒြေ သည်သာလျှင် အကြောင်းခံခဲ့အံ့။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ အမောဟဟိတ် ဖြစ်သောကြောင့်ဟေတု။ အပြားအားဖြင့် ထိုးထွင်း၍ သိခြင်းလက္ခဏာ၌။ အစိုးရသောအားဖြင့် အကြောင်းခံသောကြောင့် ဣန္ဒြိယ။ ရောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် မဂ္ဂ။ ဤ ကိုး ပစ္စည်းတို့ဖြင့် အမြဲအကြောင်းခံ၏။ တရံတခါ၌ပညာသည် အကြီးအကဲဖြစ်၍ အကြောင်းခံခဲ့အံ့။ အဓိပတိ ပစ္စည်းထည့်၍ ဆယ်ပစ္စည်းဖြင့် အကြောင်းခံ၏။ အကယ်၍သာလျှင်။ လောကုတ္တရာ ကြဉ်သော ဝိပါက် စိတ် တို့ ၌ သာ လျှင် ရှိ သော ပညိန္ဒြေ သည် သာ လျှင် အကြောင်းခံခဲ့အံ့။ ရှေးကိုးပစ္စည်း၌ ဝိပါကကို ထည့်၍ ဆယ်ပစ္စည်း။ တရံတခါ-ဖိုလ်ဇော၌ရှိသော။ ပညိန္ဒြေသည် အကြီးအကဲ ဖြစ်၍ အ ကြောင်း ခံ ခဲ့ အံ့။ အဓိပတိကို ထည့်၍။ ၁၁-ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍ ကုသိုလ်ကြိယာတို့၌ ,ရှိသော သဒ္ဓါ,မနသိကာရ, အဓိမောက္ခ, ဟိရိဩတပ္ပ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ,ကာယ မုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ,စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇ္ဇုကတာ, စိတ္တုဇ္ဇုကတာ,မုဒိတာ, ကရုဏာ, တို့သည် သာလျှင်၊အကြောင်းခံကုန်သည်ဖြစ်ကုန်အံ့။ သဟဇာတ, အညမည, နိဿယ,သမ္ပယုတ္တ,အတ္ထိ, အဝိဂတ, ဤခြောက်ပစ္စည်းတို့ဖြင့်၊ အကြောင်းခံကုန်၏။ အကယ်၍ ဝိပါကဲ၌ရှိသော။ ၎င်းစေတသိက် တို့သည်သာလျှင်၊ အကြောင်း ခံကုန်သည်ဖြစ်အံ့။ ဝိပါကကိုထည့်၍ ခုနစ်ပစ္စည်းဖြင့် အကြောင်းခံကုန်၏။

ဤတွင်စေတသိက်တို့အတူဖြစ်ပေါ်၍ အကြောင်းခံပုံကိုပြဆိုသောနည်းပြီး၏။

## နာမ်တရားက ရုပ်တရားအား ကျေးဇူးပြုပုံ ။

အကယ်၍ ကုသိုလ်, အကုသိုလ် ကြိယာ စိတ် သည် လည်းကောင်း။၎င်းစိတ်တို့နှင့်အညီအညွတ် အပြားအားဖြင့် ယှဉ်သော၊ ဖဿစသော စေတသိက်တို့သည်လည်းကောင်း။ မိမိတို့ကြောင့်ဖြစ်ကုန်သော၊ စိတ္တဇရုပ်တို့အားသာလျှင်၊ အကြောင်းခံခဲ့ကုန်သည်ဖြစ်အံ့။ အထက်ကပြဆိုခဲ့ပြီးသော၊ အကြောင်းခံပစ္စည်းတို့တွင်, အညမည ပစ္စည်း, သမ္ပယုတ္တပစ္စည်း, ဤ နှစ်ပစ္စည်းကိုနုတ်၍။ ဝိပ္ပယုတ္တပစ္စည်းကိုထည့်၍။ အစဉ်အတိုင်း ရသင့်သည်အားလျော်စွာ၊ အကြောင်းခံကြကုန်၏။

(အညမည ပစ္စည်းကိုနုတ်သည်မှာ။ စိတ္တဇရုပ်သည်၊ ၎င်းစိတ်စေတသိက်အား။ အညမညပစ္စည်းမတပ်နိုင်။ ထိုကြောင့် နုတ်

သည်။ သမ္မယုတ္တပစ္စည်းကို နုတ်သည်မှာ၊ ရုပ်နှင့် သမ္မယုတ္တ လက္ခဏာဖြင့် မယှဉ်သောကြောင့် နုတ်ရသည်။ ဝိပ္ပယုတ္တပစ္စည်း ထည့်ရသည်မှာ။ ရုပ်အားမယှဉ်သောအားဖြင့်။ ကျေးဇူးပြုသော ကြောင့်ထည့်ရသည်။)

## နာမ်တရားက နာမ်ရုပ်နှစ်ပါးအားကျေးဇူးပြုပုံ။

အကယ်၍ ရင်းစိတ်-စေတသိက်တရားတို့သည်၊ အတူဖြစ်သော သမ္မယုတ္တ တရားအားလည်းကောင်း။ စိတ္တဇရုပ် အားလည်း ကောင်း။ တပေါင်းတည်း အကြောင်းခံ၍ကုန်သည် ဖြစ်အံ့။ အညမည, သမ္မယုတ္တ,ကိုပါနုတ်၍ ရှေး၌ပြဆိုအပ်သော နည်း အတိုင်း၊အစဉ်အတိုင်းဆိုင်ရာ,ဆိုင်ရာ, ဖြစ်သင့်သည်အားလျော်စွာ အကြောင်းခံလေ၏။

အကယ်၍ပဋိသန္ဓေအခါ၌ဖြစ်သောဝိပါက်စိတ်။ပဝတ္တိအခါ၌ ဖြစ်သော ဝိပါက် စိတ် ၌ ရှိ သော။ စိတ် စေ တသိက် တ ရား တို့ သည်။ပဋိသန္ဓေအခါ၌မှီရာဖြစ်သော၊ဟဒယဝတ္ထုကိုကြဉ်၍။ကျန် သော ကမ္မဇရုပ်တို့အား လည်းကောင်း။ ပဝတ္တိ အခါ၌ ဝိပါက် စိတ်ကြောင့်ဖြစ်သော၊ စိတ္တဇရုပ်တို့အား လည်းကောင်း၊ အ ကြောင်းခံကုန်သည်ဖြစ်အံ့။ ရှေးနည်းအတိုင်း အညမည,သမ္မ ယုတ္တနှစ်ပစ္စည်းကိုနုတ်၍။ ဝိပ္ပယုတ္တပစ္စည်းကိုထည့်ပြီးလျှင်။ အစဉ် အတိုင်း ဖြစ်သင့်သည်အားလျော်စွာ၊ အကြောင်းခံလေ၏။

အကယ်၍။ သမ္မယုတ္တ တရားတို့အားလည်းကောင်း။ ပြဆို အပ်သော၊ ပဋိသန္ဓေအခါ၊ ဟဒယဝတ္ထုကြဉ်သော၊ ကမ္မဇရုပ်။ ပဝတ္တိအခါ၌-စိတ္တဇရုပ်အားလည်းကောင်း၊ တပေါင်းတည်း အ အကြောင်းခံကုန်သည်ဖြစ်အံ့။ အညမည, သမ္မယုတ္တ,ဝိပ္ပယုတ္တ,ကို

နတ်၍။ ဝိပါက်၌တပ်သော ပစ္စည်းအတိုင်း။ ဖြစ်သင့်သည်အား လျော်စွာ အကြောင်းခံလေ၏။

အကယ်၍ ပဋိသန္ဓေအခါ၊မှီရာဟဒယဝတ္ထုရုပ်အားသာလျှင်။ အကြောင်းခံခဲ့ကုန်သည်ဖြစ်ကုန်အံ့။ သမ္ပယုတ္တကိုနှုတ်၍။အညမည, ဝိပ္ပယုတ္တ, ကိုထည့်၍။ ရှေးဝိပါက်၌ ပြဆိုအပ်သော နည်းအတိုင်း ဖြစ်သင့်သည် အားလျော်စွာ အကြောင်းခံလေ၏။ အကယ်၍ သမ္ပယုတ္တ,တရားအားလည်းကောင်း။ ပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ်အားလည်းကောင်း။ တပေါင်းတည်းပြု၍။ စိတ်စေတသိက် တို့သည်။ ရှေး၌ ပြဆိုအပ်သော နည်းအတိုင်း။ ဆိုင်ရာဆိုင်ရာ လည်းကောင်း။ သမ္ပယုတ်တရားနှင့်။ ၎င်း-ရုပ်တို့အား လည်း ကောင်း။ အကြောင်းခံခဲ့ကုန်သည်ဖြစ်အံ့။ သမ္ပယုတ္တ,ဝိပ္ပယုတ္တ, ဤနှစ်ပစ္စည်းကိုနှုတ်၍။ ဖြစ်သင့်သည် အားလျော်စွာ ရှေးနည်း အတိုင်း အကြောင်းခံလေ၏။

(ဤတွင်အတူဖြစ်ကုန်သော စိတ်စေတသိက် တရားတို့သည်။ အတူဖြစ်ကုန်သော ကမ္မဇရုပ်,စိတ္တဇရုပ်တို့အားလည်း ဖြစ်သင့် သည် အားလျော်စွာ အကြောင်းခံပုံတို့ကိုပြသော အကျဉ်းနည်း ပြီး၏။)

## ဝတ္ထုရုပ်တရားက နာမ်တရားအား ကျေးဇူးပြုပုံ

မှီရာဝတ္ထုရုပ်(၆) ပါးတို့တွင် အကယ်၍ စက္ခုဝတ္ထုသည်။ မိမိကိုမှီ၍ဖြစ်သော။ စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်အားလည်းကောင်း။ သောတဝတ္ထုသည် သောတဝိညာဏ် စိတ္တုပ္ပါဒ် အားလည်း ကောင်း။ ဃာနဝတ္ထုသည်ဃာနဝိညာဏ် စိတ္တုပ္ပါဒ် အားလည်း ကောင်း။ ဇိဝှါဝတ္ထုသည် ဇိဝှါဝိညာဏ် စိတ္တုပ္ပါဒ် အားလည်း

ကောင်း။ ကာယဝတ္ထုသည် မိမိကို မှီ၍ဖြစ်သော ကာယဝိညာဏ် စိတ္တုပ္ပါဒ်အားလည်းကောင်း။ မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ် သောကြောင့် နိဿယပစ္စည်း။ ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော ဝတ္ထုပုရေဇာတပစ္စည်း။ စိတ်ဖြစ်ကြောင်းတည်းဟူသော ဒွါရ အဖြစ်၌၊ အစိုးရသော အားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယပစ္စည်း။ အတူဖြစ် အတူချုပ်စသော၊ သမ္ပယုတ္တလက္ခဏာ နှင့် မယှဉ်သော အားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဝိပ္ပ ယုတ္တ ပစ္စည်း။ ရှိခိုက် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း။ မကင်းခိုက် ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်း။ ဤ(၆) ပစ္စည်းတို့ဖြင့် အကြောင်းခံကုန်၏။

ပဝတ္တိအခါ၌ အကယ်၍ မှီရာဖြစ်သော ဟဒယဝတ္ထုသည်။ မိမိကိုမှီ၍ ဖြစ်သော မနောဓါတ် မနောဝိညာဏ်ဓါတ် ဟုဆိုအပ် သောစိတ်။ ထိုစိတ်၌ယှဉ်၍ဖြစ်သော၊ စေတသိက်တို့အား အ ကြောင်းခံခဲ့သည်ဖြစ်အံ့။ အထက်က ပြဆိုအပ်ခဲ့သော(၆)ပစ္စည်း တို့ဘွင် ဣန္ဒြိယပစ္စည်းကိုနုတ်၍၊(၅)ပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍ ပဋိသန္ဓေ အခါ၌ ဖြစ်သော ဟဒယဝတ္ထုသည်။ မိမိကိုမှီ၍ ဖြစ်သော ပဋိသန္ဓေစိတ်။ ထိုစိတ်နှင့်ယှဉ်သော စေတ သိက်တို့အား။ အကြောင်းခံခဲ့သည်ဖြစ်အံ့။ အတူဖြစ်၍ ကျေးဇူး ပြုတတ်သောကြောင့် သဟဇာတပစ္စည်း။ အချင်းချင်းထောက် ပင့်သော အားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် • အညမည ပစ္စည်း။မှီရာအဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် နိဿယ ပစ္စည်း။ သမ္ပယုတ္တ လက္ခဏာလေးပါးနှင့် မယှဉ်သောအားဖြင့်၊ ကျေးဇူးပြုတတ်လေ်ာကြောင့်၊ ဝိပ္ပယုတ္တပစ္စည်း။ ရှိခိုက်ကျေးဇူး ပြုတတ်သောကြောင့်၊ အတ္ထိ ပစ္စည်း။ မကင်းခိုက်ကျေးဇူးပြုတတ်

သောကြောင့် အဝိဂတပစ္စည်း။ ဤခိုအင်ခဲ့ပြီးသော (၆)ပစ္စည်းတို့ဖြင့် အကြောင်းခံကုန်၏။

(ဤတွင်-မှီရာဝတ္ထုဖြင့် အကြောင်းခံပုံပြီး၏။)

---

**အနန္တရစသော–ပစ္စည်းတပ်ပုံ။**

ရှေးရှေးဖြစ်သော၊ စိတ်,စေတသိက်,တရားတို့သည်။ နောက်နောက်၌ မိမိ၏ အခြားမဲ့၌ဖြစ်သော။ စိတ်,စေတသိက် တရားတို့အား။ အခြားမရှိ ကျေးဇူးပြုတတ်သောကြောင့်၊ အနန္တရပစ္စည်း။ကောင်းစွာအခြားမရှိ၊ကျေးဇူးပြုတတ်သောကြောင့်၊သမနန္တရပစ္စည်း။ အခြားမရှိ ဗလဝမှီရာဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် အနန္တရူပနိဿယပစ္စည်း၊မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် နတ္ထိပစ္စည်း။ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် ဝိဂတပစ္စည်း။ ဤ(၅)ပစ္စည်းတို့ဖြင့်။ အမြဲ အကြောင်းခံကုန်၏။

**အာသေဝန ပစ္စည်းတပ်ပုံ။**

မဂ်ဇော ဖိုလ်ဇောကြဉ်သော။ ရှေးရှေးဖြစ်သော ကုသိုလ်,အကုသိုလ်,ကြိယာ, ဇော စိတ္တုပ္ပါဒ်တို့သည်။ နောက်နောက်၌ဖြစ်သော ဇာတ်တူ ကုသိုလ်, အကုသိုလ်, ကြိယာဇော စိတ္တုပ္ပါဒ်တို့အားအကြောင်းခံခဲ့သည်ဖြစ်ကုန်အံ့။ အထက်က(၅)ပစ္စည်း၌ အာသေဝန ပစ္စည်း ကို ထည့်၍ (၆)ပစ္စည်းဖြင့် အကြောင်းခံကုန်၏။

**ကမ္မပစ္စည်းတပ်ပုံ။** ။အ ကယ်၍၊ မဂ် (၄) ခု၌ ရှိသော စေတနာကံသည် မိမိအကျိုး ဖြစ်သော၊ ဖိုလ်(၄)ခု စိတ္တုပ္ပါဒ်တို့

အား အကြောင်းခံခဲ့သည်ဖြစ်အံ့။ အထက်က ၅-ပစ္စည်း၌။ နာနာက္ခဏကမ္မပစ္စည်းကို ထည့်၍ ၆-ပစ္စည်းဖြင့် အကြောင်းခံ၏။

ရှေးရှေးဘဝတို့၌ ချုပ်ခဲ့ပြီးသော အတိတ်ဖြစ်သော စေတနာကံတို့သည်၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်ပေါ်လာသော။ မိမိ၏အကျိုးဖြစ်သော ပဋိသန္ဓေအခါ၌ဖြစ်သော ဝိပါက်စိတ္တုပ္ပါဒ်နှင့် ကမ္မဇရုပ်တို့အားလည်းကောင်း။ ပဝတ္တိအခါ၌ ဖြစ်သော၊ ဝိပါက်စိတ္တုပ္ပါဒ်နှင့် ကမ္မဇရုပ်တို့အား လည်းကောင်း။ အကြောင်းခံခဲ့ကုန်သည် ဖြစ်အံ့။ နာနာက္ခဏကမ္မပစ္စည်း ပကတူပနိဿယပစ္စည်း။ ဤ (၂) ပစ္စည်းတို့ဖြင့် အကြောင်းခံကုန်၏။

**ပစ္ဆာဇာတ ပစ္စည်းတပ်ပုံ**။ ။ပထမဘဝင် အစရှိသော နောက်နောင်၌ဖြစ်သော။ စိတ်,စေတသိက် တရားတို့သည်။ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ၊ ဥပါဒ်သောရုပ်၏ ဌီသို့ရောက်သော။ ကမ္မဇ ဥတုဇ စိတ္တဇ အာဟာရဇ ရုပ်တို့အား၊ အထောက်အပင့်ပြုသည်၏ အစွမ်းအားဖြင့်၊ အကြောင်းခံကုန်သည်ဖြစ်အံ့။ နောက်၌ဖြစ်ကုန်၍ ကျေးဇူး ပြုကုန်သောကြောင့် ပစ္ဆာဇာတ ပစ္စည်း။ အညီအညွတ် မယှဉ်ဘဲလျက်။ ကျေးဇူး ပြုကုန်သောကြောင့် ဝိပ္ပယုတ္တပစ္စည်း။ ရှိခိုက် ကျေးဇူး ပြုကုန်သော သောကြောင့် အတ္ထိပစ္စည်း။ မကင်းခိုက် ကျေးဇူးပြုကုန်သော ကြောင့် အဝိဂတပစ္စည်း။ ဤဆိုအပ်ခဲ့ပြီးသော (၄)ပစ္စည်းတို့ဖြင့် အကြောင်းခံကုန်၏။

ရှေးရှေးဖြစ်သော အလုံးစုံသော စိတ်,တခုယုတ်-ကိုးဆယ်စေတသိက်(၅၂) ရုပ်,(၂၈) ပစ္စည်းထိုက်သော အချို့ပညတ်,ဤတရားတို့သည်။နောက်နောက်၌ ဖြစ်သော၊ စိတ်တခုယုတ် ကိုးဆယ်,

စေတသိက် (၅၂) ပါးတို့အားသာ၊ အာဟိမေဝ္ဝနည်း အားဖြင့် ထိုက်သည်အားလျော်စွာ၊အကြောင်းခံခဲ့ကုန်သည်ဖြစ်အံ့၊ပကတူပ နိဿယပစ္စည်းဖြင့်အကြောင်းခံကုန်၏။(သုတ္တ နည်းအားဖြင့်၊ကာ လသုံးပါးလုံး၌ပင်အကြောင်းခံကုန်၏။)

အာရမ္မဏသောပစ္စည်းတပ်ပုံ။ ။အကယ်၍၊ ရူပါရုံ, သဒ္ဒါ ရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,တို့သည်၊စက္ခုဒွါရဝီထိ စိတ္တုပ္ပါဒ်, သောတဒွါရဝီထိစိတ္တုပ္ပါဒ်, ဃာနဒွါရဝီထိစိတ္တုပ္ပါဒ်, ဇိဝှါဒွါရ ဝီထိစိတ္တုပ္ပါဒ်, ကာယဒွါရဝီထိစိတ္တုပ္ပါဒ်တို့အား။ ဆိုင်ရာဆိုင်ရာ ထိုက်သည့်အားလျော်စွာ။ အာရုံအဖြစ်ဖြင့်၊ အကြောင်းခံခဲ့ ကုန်အံ့၊ အာရမ္မဏပစ္စည်း။ ၎င်းအာရုံအဖြစ်ဖြင့်၊ အကြောင်းခံ သောကြောင့် ပုရေဇာတပစ္စည်း။ ရှိခိုက် အ ကြောင်း ခံ သော ကြောင့် အတ္ထိပစ္စည်း။ မကင်းခိုက် အကြောင်းခံသောကြောင့် အဝိဂတပစ္စည်း။ဤ(၄)ပစ္စည်းတို့ဖြင့် အကြောင်းခံကုန်၏။

အကယ်၍ ပစ္စုပ္ပန် ဖြစ်သော။ အလေးအမြတ်ပြုအပ်သော၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသတို့သည်၊ မိမိကိုအလေးအမြတ်ပြု အပ်သော။ လောဘမူဇော စိတ္တုပ္ပါဒ်အား၊ အာရုံအဖြစ်ဖြင့် အကြောင်းခံခဲ့ကုန်သည်ဖြစ်အံ့၊ အာရမ္မဏပစ္စည်း။အလေးအမြတ် ပြုအပ်သော အာရုံအဖြစ်ဖြင့်၊ အကြောင်းခံသောကြောင့် အာ ရမ္မဏာဓိပတိပစ္စည်း။ ဗလဝအမှီတကဲအားဖြင့် အကြောင်းခံ သောကြောင့် အာရမ္မဏူပနိဿယပစ္စည်း။ရှေး၌ဖြစ်၍အကြောင်း ခံသောကြောင့် ပုရေဇာတပစ္စည်း။ ရှိခိုက်အကြောင်း ခံသော ကြောင့်အတ္ထိပစ္စည်း။ မကင်းခိုက် အကြောင်း ခံ သော ကြောင့် အဝိဂတပစ္စည်း။ ဤ(၆)ပစ္စည်းတို့ဖြင့်၊အကြောင်းခံကုန်၏။

အကယ်၍၊ အတိတ် အနာဂတ် ဖြစ်သော။ အလေးအမြတ် ပြုအပ်သော။ ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ် ၁၈၊ အလေးအမြတ် ပြုအပ်သော။ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော။ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ်, ကြဉ်သော၊ လောကီစိတ်(၇၆)ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် (၄၇)ဟု ဆိုအပ်ကုန်သော၊ အာရုံ တရား တို့ သည်၊ အလေးအမြတ်ပြုတတ်သော။လောဘမူစိတ်(၈)ခုစိတ္တုပ္ပါဒ်အား၊ အာရုံအဖြစ်ဖြင့် အကြောင်းခံ ခဲ့ကုန်သည်ဖြစ်အံ့။ အာရမ္မဏပစ္စည်း, အာရမ္မဏာဓိပတိပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်း။ ဤသုံးပစ္စည်းတို့ဖြင့်အကြောင်းခံကုန်၏။

အကယ်၍၊ အလေးအမြတ်ပြုအပ်သော။ လောကီကုသိုလ် ၁၇၊ ၎င်းစိတ်တို့၌ ယှဉ်သော စေတသိက်။ ဤကုသိုလ်တရားတို့သည်၊ ပုထုဇ္ဇန်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, တို့၏ သန္တာန်၌ဖြစ်သော။အလေးအမြတ်ပြုတတ်သော။ မဟာကုသိုလ်စိတ္တုပ္ပါဒ်တို့အား၊ အာရုံအဖြစ်ဖြင့် အကြောင်းခံကုန်သည်ဖြစ်အံ့၊ အာရမ္မဏ,အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, သုံးပစ္စည်းဖြင့် အကြောင်းခံကုန်၏။

အကယ်၍ အလေး အမြတ် ပြု အပ် သော၊ သော တာ ပတ္တိမဂ်၊ သောတာပတ္တိဖိုလ် နိဗ္ဗာန်သည်၊ သောတာပန်သန္တာန်၌ဖြစ်သော။အလေးအမြတ်ပြုတတ်သော။ မဟာကုသိုလ် ဉာဏသမ္ပယုတ်(၄)ခုဟု ဆိုအပ်သော၊ စိတ္တုပ္ပါဒ်တို့အား၎င်း။ အကယ်၍အလေးအမြတ် ပြုအပ်သော သောတာပတ္တိမဂ်,၎င်းဖိုလ်,သကဒါဂါမိမဂ်,၎င်းဖိုလ်,နိဗ္ဗာန်,သည်၊အလေးအမြတ်ပြုတတ်သောသကဒါဂါမ်သန္တာန်၌ဖြစ်သော။မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)ခုစိတ္တုပ္ပါဒ်

တို့အားဂုဏ်း။ အကယ်၍၊ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်,သကဒါဂါမိဖိုလ်,အနာဂါမိမဂ်, အနာဂါမိဖိုလ်, နိဗ္ဗာန်သည် အလေးအမြတ်ပြုတတ်သော၊ အနာဂါမိသန္တာန်၌ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်(၄)ခု စိတ္တုပ္ပါဒ်တို့ အားဂုဏ်း။အကယ်၍၊ အလေးအမြတ်ပြုအပ်သော၊ သောတာပတ္တိ မဂ်,သောတာပတ္တိဖိုလ်,သကဒါဂါမိမဂ်,သကဒါဂါမိဖိုလ်,အနာဂါ မိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်သည်၊ အလေးအမြတ်ပြုတတ်သော၊ ရဟန္တာသန္တာန်၌ဖြစ်သော။ မဟာ ကြိယာ ဉာဏသမ္ပယုတ်(၄)ခု၊စိတ္တုပ္ပါဒ်တို့အားဂုဏ်း ။အာရုံအဖြစ် ဖြင့်၊အကြောင်းခံကုန်သည်ဖြစ်အံ့။ အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပ နိဿယ, ဤသုံးပစ္စည်းတို့ဖြင့် အကြောင်းခံ၏။

အကယ်၍ အလေးအမြတ် ပြုအပ်သော၊ ကာလဝိမုတ်ဖြစ် သော။ အသင်္ခတဓါတ်နိဗ္ဗာန်သည်၊ အလေးအမြတ် ပြုတတ်သော လောကုတ္တရာစိတ် (၈)ခု၊ စိတ္တုပ္ပါဒ်တို့အား၊ အာရုံအဖြစ်ဖြင့် အ ကြောင်းခံခဲ့သည်ဖြစ်အံ့။ အာရမ္မဏ,အာရမ္မဏာဓိပတိ,အာရမ္မဏူ ပနိဿယ၊ ဤ(၃)ပစ္စည်းတို့ဖြင့် အကြောင်းခံ၏။

အကယ်၍ စုတိစိတ်မှပြန်၍-ရေသည်ရှိသော်။ ၁၇ ချက် မြောက်သော စိတ်နှင့်၊ အတူဥပါဒ်သော၊ ဟဒယဝတ္ထုသည်၊ ရဟန္တာသန္တာန်၌ဖြစ်သော၊ မရဏာသန္နအခါ၌ဖြစ်သော။ မဟာ ကြိယာဇော(၈)ခု တို့တွင်၊ တခုခုသော-စိတ္တုပ္ပါဒ်အား၊ အာရုံ အဖြစ်ဖြင့် အကြောင်းခံခဲ့သည်ဖြစ်အံ့။ အာရမ္မဏ,ဝတ္ထာရမ္မဏ, ပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေဇာတ,ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ, ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ, ဝတ္ထာရမ္မဏပုရေဇာတ အဝိ ဂတ ဤ(၆)ပစ္စည်းတို့ဖြင့်အကြောင်းခံ၏။

## တနည်း အချို့သော ဆရာများ၏ အယူကား။

အကယ်၍-စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော၊ ဟာဒယဝတ္ထုရုပ်သည်။ မရဏာသန္နကာမဇော တခုယုတ်(၃၀)တဒါရုံ ကေဒသ,ဟုဆိုအပ်သော စိတ်။ ကရုဏာ, မုဒိတာ, ဝိရတီ, ကြဉ်သော၊ စေတသိက်တို့အား၊ အကြောင်းခံခဲ့သည်ဖြစ်အံ့။ အာရမ္မဏ, ဝတ္ထာရမ္မဏပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ, ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ, ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတ, ဤ (၆) ပစ္စည်းတို့ဖြင့် အကြောင်းခံ၏။

အကယ်၍၊ အလေးအမြတ်ပြုအပ်သော။ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုသည်။ အလေးအမြတ်ပြုတတ်သော၊ ပုထုဇဉ်သန္တာန်၌ဖြစ်သော၊ မရဏာသန္နဇော လောဘမူ စိတ္တုပ္ပါဒ်တို့အား။ အာရုံအဖြစ်ဖြင့် အကြောင်းခံခဲ့သည်ဖြစ်အံ့။ အထက်က ၆-ပစ္စည်းတွင် အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ၊ ဤ ၂-ပစ္စည်းကိုထည့်၍၊ ၈- ပစ္စည်းဖြင့် အကြောင်းခံ၏။ ။(ဤတွင်-အချို့ဆရာ၏ ဝါဒပြီး၏။)

## အာရမ္မဏ တပစ္စည်းဖြင့် ကျေးဇူးပြုပုံ။

အကယ်၍၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်,ဖြစ်သော။ လောကီစိတ်(၈၁) စေတသိက် (၅၂) ရုပ် (၂၈) ကာလဝိမုတ် ဖြစ်သော ပညတ် ဤတရားတို့သည်၊ မနောဒွါရာဝဇ္ဇန်း, အကုသိုလ် (၁၂) မဟာကုသိုလ်(၈)မဟာကြိယာ(၈) အဘိညာဏ်ဒွေး။ ဤဆိုအပ်ပြီးသော၊ စိတ္တုပ္ပါဒ်တို့အား၊ အာရုံအဖြစ်ဖြင့် အကြောင်းခံခဲ့အံ့။ အာရမ္မဏ တပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ ကာလဝိမုတ်ဖြစ်သော၊ ပထဝီကသိုဏ်း, ပဋိဘာဂ နိမိတ်စသော၊ အာရုံပညတ်တရားသည်၊ ရူပါဝစရစျာန်စိတ် (၁၅)ခုတို့အား။ အာရုံအဖြစ်ဖြင့် အကြောင်းခံခဲ့သည်ဖြစ်အံ့။ အာရမ္မဏ တပစ္စည်းဖြင့်အကြောင်းခံ၏။

အကယ်၍၊ အရူပစျာန်(၁၂)ခုတို့၏ အာရုံဖြစ်သော။ ပညတ် ပရမတ်,တရားတို့သည်၊ ထိုက်သည်အားလျော်စွာ။ အရူပစျာန် စိတ်(၁၂)ခု၊ စိတ္တုပ္ပါဒ်တို့အား။ အာရုံအဖြစ်ဖြင့် အကြောင်းခံ ခဲ့သည်ဖြစ်အံ့။ အာရမ္မဏ တပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍၊ အသခ်တဓါတ်နိဗ္ဗာန်သည်၊ မိမိကို, အာရုံပြုတတ် သော-ပုထုဇဉ် သန္တာန်၌ဖြစ်သော၊ လောကီသန္တိပဒ ဉာဏ်ဟု ဆိုအပ်သော၊ မဟာကုသိုလ် ညာဏသမ္ပယုတ်(၄)ခု စိတ္တုပ္ပါဒ် တို့အားလည်းကောင်း၊ ပုထုဇဉ်,သောတာပန်,သကဒါဂါမ်,အနာ ဂါမ်, ရဟန္တာတို့ သန္တာန်၌ ဖြစ်သော။ မနောဒွါရာဝဇ္ဇာန်း စိတ္တု ပ္ပါဒ် အား လည်း ကောင်း၊ အာ ရမ္မ ဏ တ ပစ္စည်း ဖြင့် အကြောင်းခံ၏။ ။(အာရမ္မဏ တပစ္စည်းတပ်ခြင်းပြီး၏။)

အာဟာရရုပ်ကျေးဇူးပြုပုံ။ ။အကယ်၍၊မျိုအပ်သောအခါ အာဟာရ၌ပါသော သြဇာသည်။ ၎င်းအာဟာရကြောင့် မျို သောသူ၏ခန္ဓာ၌ဖြစ်သော၊အာဟာရဇရုပ်ကလာပ်တို့အား၊ဇနက သတ္တိ။၎င်းမျိုအပ်သော အာဟာရ၏ အထောက်အပံ့ကို ရသော ခန္ဓာအစဉ်၌ဖြစ်သော ကမ္မဇ, စိတ္တဇ, ဥတုဇ,အာဟာရဇကလာပ် တို့၌ရှိသော သြဇာသည်၊ မိမိနှင့် အတူဖြစ်သောရုပ်တို့အား ဥပ ထမ္ဘကသတ္တိ။မိမိကြောင့်ဖြစ်သော ကလာပ်ပြားဖြစ်သော ရုပ်တို့ အား၊ ဇနကသတ္တိတည်းဟူသော အာဟာရပစ္စည်း။ ရှိခိုက်အ ကြောင်းခံသောကြောင့် အတ္ထိပစ္စည်း။ မကင်းခိုက် ကျေးဇူးပြု

ခြင်းကြောင့်အဝိဂတပစ္စည်း။ ဤ(၃)ပစ္စည်းဖြင့်အကြောင်းခံ၏။

ဇီဝိတိန္ဒြေရုပ် ကျေးဇူးပြုပုံ။ ။အကာယ်၌ ကမ္မဇကလာပ်(၉)စည်း၌ ရှိသော ဇီဝိတိန္ဒြေရုပ်သည်၊ မိမိနှင့် အတူဖြစ်သောရုပ်တို့အား၊ စောင့်ရှောက်ခြင်း၌ အစိုးရသည်၏ အဖြစ်ဖြင့်၊ အကြောင်း ခံသောကြောင့် ဣန္ဒြိယပစ္စည်း။ ရှိခိုက်အကြောင်းခံသောကြောင့်အတ္ထိပစ္စည်း။မကင်းခိုက်အကြောင်းခံသောကြောင့်အဝိဂတပစ္စည်း။ ဤ(၃)ပစ္စည်းဖြင့် အကြောင်းခံကုန်၏။

ဤတွင် ပစ္စည်းအကျဉ်း နှလုံးသွင်းရန်ပြီး၏။

## သင်္ဂြိုဟ် (၉) ပိုင်းအားဖြင့် သုံးသပ်ဆင်ခြင်ပုံ။

စိတ်, စေတသိက်, ပကိဏ်းပိုင်း။ ။စက္ခုဝိညာဏ် ဒွေး ၌။ သဗ္ဗစိတ္တသာဓါရဏစေတသိက်(၇)ခုယှဉ်၏။ ၎င်းစက္ခုဝိညာဏ်ဒွေးသည်ဝေဒနာအားဖြင့်၊ဥပေက္ခာဝေဒနာဖြစ်၏။ဟိတ်အားဖြင့်အဟိတ်။ကိစ္စအားဖြင့်မြင်ခြင်းတည်းဟူသော ဒဿန ကိစ္စ ကေန်ဖြစ်၏။ဒွါရအားဖြင့်စက္ခုပသာဒတည်းဟူသောစက္ခုဒွါရ၌ ကေန်ဖြစ်၏၊အာရုံအားဖြင့်၊ အဆင်းတည်းဟူသော၊ ရူပါရုံတပါးသာလျှင်၊ကေန်အာရုံပြု၏။မှီရာအားဖြင့်၊ စက္ခုပသာဒတည်းဟူသောစက္ခုဝတ္ထုတခုကိုသာကေန်မှီ၍ဖြစ်၏။ ။ဝီထိပိုင်း။ ။၎င်းစက္ခုဝိညာဏ်ဒွေးသည် ဝီထိအားဖြင့် စက္ခုဒွါရ ဝီထိ၌ ကေန်ဖြစ်၏။ စက္ခုဒွါရဝီထိ၌ ဖြစ်သော်လည်း၊အတိမဟန္တာရုံ ၁-ဝီထိ။ မဟန္တာရုံ ၂-ဝီထိ။ ပရိတ္တာရုံ ၆-ဝီထိ။ပေါင်း ၉-ဝီထိ၏ အစွမ်းအားဖြင့်ဖြစ်၏။ (အတိပရိတ္တာရုံ ၆-ဝီထိ၏ အစွမ်းအားဖြင့် ဖြစ်မှုမရှိ။ ထိုသို့-စက္ခုဒွါရဝီထိ၌ ဖြစ်သော်လည်း၊ ပဝတ္တိအခါ, မရဏာသန္နအခါ, ၂-ပါးတို့၌ပင်၊ ထိုက်သည်အားလျော်စွာဖြစ်၏။

ၐင်း စက္ခုဝိညာဏ်ဒွေးကို ပုဂ္ဂိုလ်အားဖြင့်။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်။ကွေ့ခြဲ့ုမချို့တဲ့သောသုဂတိအဟိတ်ပုဂ္ဂိုလ်။ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ကာမရူပသောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ၊ဤပြဆိုအပ်သော ပုဂ္ဂိုလ် ရှစ်ယောက်တို့ရအပ်၏။

ဘုံပိုင်း။ ။ၐင်း စက္ခုဝိညာဏ် ဒွေး သည်၊ ဘုံ အား ဖြင့်၊ ကာမ ၁၁-ဘုံ။ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ။ ပေါင်း ၂၆-ဘုံ၌ဖြစ်၏။

ရုပ်ပိုင်း။ ။ၐင်း စက္ခု ဝိညာဏ် ဒွေးသည်၊ ဝိတက်စသည်တို့၏ အထောက်အပံ့မှကင်းသည်၏အဖြစ်ကြောင့်အားနည်း၏။ ထိုကြောင့် ရုပ်ကိုမဖြစ်စေတတ်။

သမ္ပယုတ်ပိုင်း။ ။ၐင်းစက္ခု ဝိညာဏ် ဒွေး သည်၊ ဣန္ဒြေ (၂၀)တို့တွင်။သိခြင်း၌ အစိုးရသောကြောင့် မနိန္ဒြေဖြစ်၏။ လေးပါးသောအာဟာရတို့တွင်။ မိမိနှင့်အတူ ဖြစ်သော တရားတို့ကို။ ဖြစ်ပေါ်အောင် ဆောင်တတ်သောကြောင့် ဝိညာဏာဟာရမည်၏။ ။ခန္ဓာငါးပါးတို့တွင်၊သိခြင်းအစု၌အတွင်းဝင်ခြင်းကြောင့်၊ ဝိညာဏက္ခန္ဓာမည်၏။ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော၊ သိမှုအစု၌ အတွင်းဝင်သောကြောင့် ဝိညာဏုပါဒါနက္ခန္ဓာမည်၏။ ။ၐင်း စက္ခုဝိညာဏ်ဒွေးသည်။ မိမိနှင့်အတူဖြစ်သော၊ ဖဿစသည်တို့ကို ဖြစ်ပေါ်အောင် ချဲ့ ထွင် တတ် သော ကြောင့် လည်း ကောင်း။ ဖဿစသော တရားတို့၏ ဖြစ်ရာဌာန ဖြစ်ခြင်းကြောင့် လည်း ကောင်း။ ဝါ၊ ဖဿစသော တရားတို့ ဖြစ်ကြောင်း ဖြစ်သော ကြောင့် လည်းကောင်း။ ဖဿစသောတရားတို့၏၊ သက်ဝင်စုဝေးရာဖြစ်သောကြောင့်လည်းကောင်း မနာယတနမည်၏။ ။ ၐင်းစက္ခုဝိညာဏ်ဒွေးသည်၊သတ္တဝါအသက်မဟုတ်။ မိမိ၏သိခြင်း

လက္ခဏာမျှကို ဆောင်တတ်သော သဘောကြောင့် စက္ခုဝိညာဏ ဓါတ်မည်၏။ ၎င်းစက္ခုဝိညာဏ်ဒွေးသည်၊ များစွာသောဘေး တို့၏ တည်ရာဖြစ်ခြင်းကြောင့် စက်ဆုပ်အပ်၏။ နိစ္စ၊ သုခ၊ အတ္တ၊ ယူ စရာ၊ အနှစ်မရှိခြင်းကြောင့် အချည်းနှီးဖြစ်၏။ ထိုသို့စက်ဆုပ်အပ် သော၊ အချည်းနှီးတရားအမှန်ဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာမည်၏။

ပစ္စည်းပိုင်း။ ။၎င်းစက္ခု ဝိညာဏ်ဒွေးသည်၊ ရူပ ါရုံနှင့် စက္ခုပသာဒကို အကြောင်းခံ၍၊ ဖြစ်ပေါ်သောကြောင့်။ ၎င်းရူပါ ရုံနှင့် စက္ခုပသာဒသည် အကြောင်းတရားဖြစ်၏။ စက္ခုဝိညာဏ် သည်အကျိုးတရားဖြစ်၏။ ထိုအကျိုးဖြစ်သော စက္ခုဝိညာဏ်၏ အကြောင်းဖြစ်သော၊ စက္ခုပသာဒသည်၊ မှီရာအဖြစ်ဖြင့်၊ အ ကြောင်းခံသောကြောင့်နိဿယပစ္စည်း။ ရှေးကဖြစ်၍အကြောင်းခံ သောကြောင့် ပုရေဇာတပစ္စည်း။ ။စက္ခုသည်ဒွ ါရအရာ၌၊ အစိုး ရသည်၏အဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယပစ္စည်း။ မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဝိပ္ပယုတ္တ ပစ္စည်း၊ ရှိခိုက်ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း၊ မကင်း ခိုက်ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်း၊ (၆)ဤပစ္စည်း တို့ဖြင့် အကြောင်းခံ၏။

ရူပါရုံသည်လည်း၊ အာရုံအဖြစ်ဖြင့် အကြောင်း ခံသော ကြောင့်အာရမ္မဏပစ္စည်း။ ရှေး၌ဖြစ်၍အကြောင်းခံသောကြောင့် ပုရေဇာတပစ္စည်း။ ရှိခိုက်အကြောင်းခံသောကြောင့်အတ္ထိပစ္စည်း။ မကင်းခိုက်အကြောင်းခံသောကြောင့် အဝိဂတပစ္စည်း။ ဤ(၄) ပစ္စည်းတို့ဖြင့် အကြောင်းခံ၏။

၎င်း စက္ခု ဝိညာဏ် ဒွေး သည်၊ စက္ခု ပ သာ ဒ နှင့် ရူပါရုံတို့ ကြောင့်သာဖြစ်သည်မဟုတ်သေး။ ရှေးကံဟူသော အကြောင်း

ကြောင့်လည်း ဖြစ်ပေါ်၏။ ထို့ကြောင့် ရှေးကံသည်လည်း၊ ၎င်း စက္ခုဝိညာဏ်အား၊ နာနာက္ခဏိက ကမ္မ ပစ္စည်းဖြင့်လည်း အကြောင်းခံ၏။ ၎င်းကံကို အားကြီးစွာ အမှီတကဲ သဟဲပြု၍ ဖြစ်ရခြင်းကြောင့်၊ ၎င်းကံသည်၊ ၎င်းစက္ခုဝိညာဏ်အားဥပနိဿယပစ္စည်းဖြင့်လည်းအကြောင်းခံ၏။ ၎င်းကံသာလျှင်၊ ဥပနိဿယပစ္စည်းဖြင့် အကြောင်းခံသည်မဟုတ်သေး။ ၎င်းကံနှင့်အတူဖြစ်၍ ချုပ်ခဲ့ပြီးသော။ စိတ်စေတသိက်တရားတို့သည်လည်း၊ ဥပနိဿယပစ္စည်းဖြင့်၊ အကြောင်းခံ၏။ ၎င်းတရားတို့သည်သာလျှင်၊ ဥပနိဿယပစ္စည်းဖြင့် အကြောင်းခံကုန်သည် မဟုတ်သေး။ ၎င်းကံ၏အပင်းအသင်းဖြစ်သော၊ အဝိဇ္ဇာနုသယ၊ တဏှာနုသယ တို့သည်လည်း၊ ပကတူပနိဿယပစ္စည်းဖြင့်၊ အကြောင်းခံကုန်သည်သာတည်း။ ၎င်းစက္ခုဝိညာဏ်ဒွေးသည်၊ ဆိုအပ်ပြီးသော အကြောင်းပစ္စည်းတို့ကြောင့်သာဖြစ်သည်မဟုတ်သေး။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကြောင့်လည်းဖြစ်သည်သာတည်း။ ။ဖြစ်ပုံမှာ--ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်၊ မိမိ၏ချုပ်သောအခြားမဲ့၌၊ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်လေ၏၊ ထိုသို့ဖြစ်ပေါ်ခြင်းကြောင့်၊ ၎င်းပဉ္စဒွါရာဝဇ္ဇာန်းစိတ် စေတသိက်သည်။ ၎င်း စက္ခုဝိညာဏ်စိတ်အား၊ အခြားမရှိဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့်အနန္တရပစ္စည်း။ ကောင်းစွာ အခြားမရှိဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် သမနန္တရပစ္စည်း၊ အခြားမရှိ အမှီတကဲအဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် အနန္တရူပနိဿယပစ္စည်း။ မရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် နတ္ထိပစ္စည်း။ မကင်းသည်၏ အဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်း။ ဤဆိုအပ်ပြီးသော ၅-ပစ္စည်းတို့ဖြင့်အကြောင်းခံ၏။ ။

ငင်းစက္ခုဝိညာဏ်ဒွေးသည်၊ မိမိနှင့်အတူတကွ ဖြစ်ကုန်သော သမ္ပယုတ် တရားတို့ကြောင့်လည်းဖြစ်၏။ ထိုသို့ဖြစ်ခြင်းကြောင့်၊ ငင်းသမ္ပယုတ် တရားတို့သည်လည်း။ ငင်း စက္ခုဝိညာဏ်အား အကြောင်းခံကုန်၏။ ထိုအကြောင်းခံကုန်သော၊ သမ္ပယုတ်တရားတို့တွင်၊ ဖဿဆိုသော အတွေ့သဘောသည်လည်းကောင်း။ ကျန်သော ခံစားမှုစသော သဘောတို့သည်လည်းကောင်း။ ငင်းစက္ခုဝိညာဏ်အား အတူတကွဖြစ်၍ အကြောင်းခံခြင်းကြောင့် သဟဇာတပစ္စည်း။ အချင်းချင်းထောက်ပံ့သောအားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် အညမညပစ္စည်း။မှီရာဖြစ်၍၊ ကျေးဇူးပြုတတ်သောကြောင့် နိဿယပစ္စည်း။ အချင်းချင်းအညီအညွတ် အပြားအားဖြင့်ယှဉ်၍ ကျေးဇူးပြုတတ်သောကြောင့် သမ္ပယုတ္တပစ္စည်း။ အချင်းချင်းရှိခိုက် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း။ အချင်းချင်းမကင်းခိုက် ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်း။ အချင်းချင်း အကျိုး၏အဖြစ်ဖြင့်၊ အကြောင်းခံခြင်းကြောင့် ဝိပါကပစ္စည်း။ ဤ(၇)ပစ္စည်းတို့ဖြင့်၊အားလုံးသဘောတူ အကြောင်းခံကြကုန်၏။

အထူးအကြောင်းခံမှုမှာ။ ဖဿသည် အတူဖြစ်သောတရားတို့ကို၊ မိမိနှင့်အတူဖြစ်ပါအောင်။ ဆောင်သောအားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် အာဟာရပစ္စည်းဖြင့်လည်း အကြောင်းခံသေး၏။ ။ဝေဒနာသည်လည်း ခံစားမှု၌။ အစိုးရခြင်းကိုပြုတတ်သော ဣန္ဒြေဖြစ်ခြင်းကြောင့်၊ ဣန္ဒြိယပစ္စည်းဖြင့်လည်း အကြောင်းခံသေး၏။ ။စေတနာသည်လည်းမိမိနှင့်အတူဖြစ်သော တရားတို့ကို။ စေ့ဆော်ပြုလုပ်သောအားဖြင့်၊ အကြောင်းခံသောကြောင့် ကမ္မပစ္စည်း။ မိမိနှင့်အတူတကွဖြစ်သော တရားတို့ကို၊

မိမိနှင့်တူတကွဖြစ်ပေါ်အောင် ဆောင်သောအားဖြင့်၊ ကျေးဇူးပြုတတ်သောကြောင့် အာဟာရ ပစ္စည်း။ ဤ (၂) ပစ္စည်းဖြင့်လည်းထပ်မံ၍ အကြောင်းခံသေး၏။ ။ဇီဝိတိန္ဒြေသည်လည်း။ မိမိနှင့်အတူဖြစ်သော တရားတို့ကို။ စောင့်ရှောက်ခြင်းအရာ၌။ အစိုးရခြင်းကို ပြုတတ်သောဣန္ဒြေဖြစ်၍။ကျေးဇူးပြုခြင်းကြောင့်၊ ဣန္ဒြိယပစ္စည်းဖြင့်လည်း အကြောင်းခံသေး၏။

**ဤကား-စက္ခုဝိညာဏ်စိတ်အားဖြစ်ပေါ်စေရန်။ ကျေးဇူးပြုတတ်သောတရားအစုကိုဘော်ပြချက်စကားတရပ်ပြီး၏။**

ငင်းစက္ခုဝိညာဏ်စိတ်သည်။ မိမိဖြစ်ပေါ်ခိုက် မိမိနှင့်အတူဖြစ်သော ဖဿစသော သမ္ပယုတ်တရားတို့ကို တကွနက်ဖြစ်ပေါ်အောင်၊ ကျေးဇူးပြုတတ်သောကြောင့် သဟဇာတ ပစ္စည်း။ အချင်းချင်း ထောက်ပံ့သောအားဖြင့်၊ ကျေးဇူး ပြုတတ်သောကြောင့် အညမည ပစ္စည်း။ မှီရာဖြစ်၍ ကျေးဇူး ပြုတတ်သောကြောင့် နိဿယပစ္စည်း။ အကျိုးဖြစ်၍ ကျေးဇူး ပြုတတ်သောကြောင့် ဝိပါကပစ္စည်း။ ဆောင်သော အားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရပစ္စည်း။ သိခြင်းလက္ခဏာ၌ အစိုးရသည်၏ အဖြစ်ကို၊ ပြုတတ်သော ဣန္ဒြေဖြစ်၍။ ကျေးဇူးပြုတတ်သောကြောင့်၊ ဣန္ဒြိယပစ္စည်း။ အညီအညွတ် အပြားအားဖြင့်ယှဉ်၍ ကျေးဇူးပြုတတ်သောကြောင့် သမ္ပယုတ္တပစ္စည်း။ ရှိခိုက်ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း။ မကင်းခိုက်ကျေးဇူးပြုတတ်သောကြောင့်၊ အဝိဂတပစ္စည်း။ ဤ (၉) ပစ္စည်းတို့ဖြင့် အကြောင်းခံကုန်၏။

ငင်းစက္ခုဝိညာဏ်ချုပ်သည်၊နောက်မှဖြစ်ပေါ်ပြီးလျှင် ရှေးစိတ်တို့နှင့်တူဖြစ်ပေါ်ခဲ့သော ဌီသို့ ရောက်သော ကမ္မဇ, စိတ္တဇ, ဥတုဇ,

အာဟာရဇ ရုပ်တို့အား၊ ထောက်ပံ့သောအာအားဖြင့်။ ကျေးဇူးပြုတတ်သောကြောင့် ပစ္စာဇာတပစ္စည်း။ အညီအညွတ် အပြားအားဖြင့် မယှဉ်သည်ဖြစ်၍။ ကျေးဇူးပြုတတ်သောကြောင့် ဝိပ္ပယုတ္တပစ္စည်း။ ရှိခိုက် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း။ မကင်းခိုက် ကျေးဇူးပြုတတ်သောကြောင့် အဝိဂတ ပစ္စည်း။ ဤ (၄) ပစ္စည်းတို့ဖြင့်အကြောင်းခံ၏။ ။

## ကမ္မဋ္ဌာန်းပိုင်းအားဖြင့် သုံးသပ်ပုံ။

ငင်းစက္ခုဝိညာဏ်ဒွေးသည်၊ သတ္တဝါအသက်မဟုတ်။ သိကာမတ္တမျှသာဖြစ်သော သဘောကြောင့် အနတ္တတရားလည်းမည်၏။ သတ္တဝါမှ ဆိတ်သောကြောင့် သုညတ တရားလည်းမည်၏။ ထိုသတ္တဝါ အသက် မှဆိတ်သည်၏ အဖြစ်ကိုလည်းကောင်း။ သတ္တဝါအသက်မရှိသည်၏ အဖြစ်ကိုလည်းကောင်း။ တရေးရေးကြည့်ရှု၍ မြင်သောညာဏ်သည်။ သုညတာနုပဿနာ ညာဏ်လည်းမည်၏။ အနတ္တာနုပဿနာ ညာဏ်လည်းမည်၏။ ထိုသုညတာနုပဿနာညာဏ်အနတ္တာနုပဿနာညာဏ်တို့သည်။ အတ္တဟု စွဲယူနေသောမိစ္ဆာအယူကိုစွန့်လွှတ်စေကုန်၏။

ငင်းစက္ခုဝိညာဏ်ဒွေးတို့ကို၊ မေါ်လာပြီးနောက် ဇရာသည်နှိပ်စက်၏။ ငင်းနောက် တဖန်၊ အပျက်သည် နှိပ်စက်၏။ ထိုသို့နှိပ်စက်ခံရခြင်းကြောင့်၊ ငင်းစက္ခုဝိညာဏ်ဒွေးတို့သည်၊ မသက်မသာဒုက္ခဖြစ်၏။ ထိုသို့ ဒုက္ခဖြစ်သည်ကိုကြည့်ရှု၍။ ညာဏ်ဖြင့်မြင်လျှင်။ငင်းမြင်သောညာဏ်သည်ဒုက္ခာနုပဿနာညာဏ်မည်၏။ ငင်းဒုက္ခာနုပဿနာညာဏ်သည်။ တဏှာတောင့်တမှုကို မဖြစ်စေခြင်းကြောင့်၊ အပ္ပဏိဟိတာ နုပဿနာညာဏ်မည်၏။ ထိုဒုက္ခာ

နုပဿနာညာဏ်, အပ္ပဏိဟိတာနုပဿနာညာဏ်သည်၊ တဏှာ တောင့်တခြင်းကိုစွန့်လွှတ်၏။

၎င်းစက္ခုဝိညာဏ်ဒွေးသည်။ ဇရာမရဏ အနှိပ်စက်ကိုခံ၍ ကွယ်ကြလေ၏။ ထိုသို့ ကွယ်ကြလေကုန်သည်၏ အဖြစ်ကို၊ ညာဏ်ဖြင့်ရှုကြည့်၍မြင်လျှင်၊ အနိစ္စကိုမြင်သည်မည်၏။ ထိုအနိစ္စကိုမြင်သောညာဏ်သည်၊ အနိစ္စာနုပဿနာညာဏ်မည်၏။ ထိုအနိစ္စာနုပဿနာညာဏ်သည်၊ နိစ္စဟုဘောက်ပြန်၍ စွဲလမ်းခြင်းကိုစွန့်၏။ ထိုသို့စွန့်လွှတ်ခြင်းကြောင့်။ ၎င်းအနိစ္စာနုပဿနာညာဏ်ကို အနိမိတ္တာနုပဿနာဉာဏ် ဟူ၍လည်းခေါ်ဆိုအပ်လေသည်။

ဝိသုဒ္ဓိ ၇-ပါးအားဖြင့်ဆင်ခြင်ပုံ။

ထိုသို့ စက္ခုဝိညာဏ်စိတ်တို့ကို၊ အနိစ္စ, ဒုက္ခ, အနတ္တ, အားဖြင့်။ ရှုတိုင်း ရှုတိုင်း သီလစင်ကြယ်ခြင်းကြောင့် သီလဝိသုဒ္ဓိ ဖြစ်၏။ ထိုသို့ ရှုတိုင်းရှုတိုင်းစိတ်သည် ကိလေသာမှ စင်ကြယ်ခြင်းကြောင့် စိတ္တဝိသုဒ္ဓိဖြစ်၏။ ။ထိုစက္ခု ဝိညာဏ်ဒွေးသည်။ ရှေးပစ္စည်းအရာ၌ ပြဆိုအပ်ခဲ့ပြီးသော အကြောင်းတရား တို့ကြောင့်။ ယခုလည်းဖြစ်ဆဲ၊ ရှေး၌လည်းဖြစ်ဘူးပြီ။ နောင်လည်းဖြစ်လတံ့။ ဤဆိုအပ်ခဲ့ပြီးသော။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလသုံးပါးတို့၌။ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့သော။ အကြောင်းအကျိုးတရားတို့၌။ သတ္တဝါ ပုဂ္ဂိုလ် မရှိသည်ကို။ အဖန်တလဲလဲ ရှု၍မြင်လျှင်။ ၎င်းဉာဏ်ကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်ဆိုအပ်သည်။

ထိုဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့သော။ အကြောင်းအကျိုးတရားတို့၌။သတ္တဝါ ပုဂ္ဂိုလ်မရှိသည်ကိုမြင်၍။ သတ္တဝါဖြစ်လေသလော။ မဖြစ်လေသလောဟု။ ယုံမှားတွေးတောခြင်းမရှိဘဲ ကင်းပျောက်လေ၏။ ထိုသို့ယုံမှားသံသယကို။ ကင်းပျောက်စေတတ်သောဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟုခေါ်ဆိုအပ်သည်။

ၐင်းအကြောင်းအကျိုးတရားတို့သည်သာလျှင်။ ဖြစ်ပေါ်ဖြစ်ပေါ်ကြ၍၊ပျက်စီးသည်ကို။ အဖန်တလဲလဲရှုကြည့်၍။ မြင်တိုင်းမြင်တိုင်းအနိစ္စထင်မြင်သည်မည်၏။ၐင်းအကြောင်းအကျိုးတရားတို့ကို၊ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း။ အပျက် နှိပ်စက်သည်တို့ကိုရှုကြည့်၍မြင်လျှင်၊ ဒုက္ခအချက်ကိုမြင်သည်မည်၏။ ။ၐင်းတရားတို့ကို။အပျက်နှိပ်စက်၍ ကုန်သည်တို့ကိုမကုန်စေရန်။ မနှိပ်စက်စေရန်ကို တားဆီးနိုင်သော။တစုံတယောက်သောသတ္တဝါ, မပါမရှိသည်ကို၊ရှုကြည့်၍မြင်လျှင်၊ အနတ္တအချက်ကို မြင်သည်မည်၏။ ။ထိုသို့အနိစ္စ, ဒုက္ခ,အနတ္တ,လက္ခဏာရေးသုံးပါးတို့ကို။ တရေးရေးကြည့်၍၊ငြီးငွေ့စက်ဆုတ်ပြီးလျှင်၊ၐင်းအကြောင်းအကျိုးတရားတို့မှ၊ လွတ်ရာကိုရှာလတ်သော်။ စင်စစ်မပေါ်မပျက်သောသဘောတခုကိုသာတွေ့လေတော့၏။ထိုသို့တွေ့မြင်၍ အဖန် တတလဲလဲ၊အကြောင်းအကျိုးတရား တို့ဖြစ်ပျက်နေမှုကို ကြည့်ရှု၍။ မပေါ်မပျက်သောနိဗ္ဗာန်သို့။အဖန်တလဲလဲစေလွှတ်၍ရှုနေ၏။ ထိုသို့ စေလွှတ် ရှုကြည့်နေမှုတည်းဟူသော ဉာဏ်အစဉ်သည်။ လမ်းကြောင်းအမှန်လည်းဖြစ်၏။ အကျင့်ပဋိပဒါလည်းဖြစ်၏။ ထိုသို့လမ်းကြောင်း အမှန်ကို သိသောဉာဏ်သည်၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမည်၏။ အကျင့်ပဋိပဒါကို သိသောဉာဏ်သည်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ၐင်းဝိသုဒ္ဓိ(၆)ပါးသည်။လောကီဝိသုဒ္ဓိမည်၏။ ဆိုဆိုအပ်ခဲ့ပြီးသော။ အကြောင်းအကျိုးတရားတို့၊မပြတ်မလပ်ဖြစ်ပျက်သည်တို့ကိုမြင်၍။ ၐင်းတို့မှလွန်မြောက်၍တည်သော၊ မဖြစ်,မပျက်,သောနိဗ္ဗာန်သို့၊ အာရုံပြု၍ စေလွှတ်ဖန်များလတ်သော်။ အကြင်အခါ လောကုတ္တရာ မဂ်ဖြစ်ထိုက်အံ့။ ထိုအခါ မဖြစ်, မပျက်,သော နိဗ္ဗာန်ကို။ ထင်ထင် လင်းလင်း

ကွင်းကွင်းကွက်ကွက် ထင်မြင်ခြင်းသို့ရောက်လေ၏။ ထိုသို့ ထင်မြင်ခြင်းသို့ ရောက်သောဉာဏ်သည် မဂ်ဉာဏ်မည်၏။ ထိုမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ၐင်းမဂ်ဉာဏ်သည် နိဗ္ဗာန်တည်းဟူသော၊ နိရောဓသစ္စာကို အာရုံပြု၍လျက်။ အစမထင်၊ သံသရာ၌ အဆက်ဆက် အကြောင်းခံရှိသော ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် တဒေကဋ္ဌဖြစ်သော၊ ကိလေသာဟူသမျှတို့ကို၊ အကြွင်းအကျန်မရှိ ကုန်ခန်းပြတ်တောက်စေ၏။ ထိုမဂ်ဖြစ်ခိုက်၌ဖြစ်သောစိတ္တုပ္ပါဒ်ကို၊ မဂ်ဟု ခေါ်ဆိုအပ်သည်။

ၐင်းမဂ်သည် တကြိမ်သာဖြစ်၍ ချုပ်လေ၏။ ၐင်းမဂ်နောင် မဂ်သည်မြင်အပ်သော၊ နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍၊ သောတာပတ္တိဖိုလ်စိတ္တုပ္ပါဒ်သည် (၂)ကြိမ်သော်ၐင်း (၃)ကြိမ်သော်ၐင်း ဖြစ်၍ ချုပ်၏။ ထိုဖိုလ်သည် မဂ်ပယ်အပ်သော ကိလေသာကို။အငွေ့အသက်မကျန်စေမူ၍ ငြိမ်းစေ၏။ ထိုဖိုလ်စိတ္တုပ္ပါဒ်ဖြစ်သောအခါမှစ၍၊ ၐင်းခန္ဓာအစဉ်ကို၊ သောတာပန် ပုဂ္ဂိုလ်ဟုခေါ်အပ်၏။ သောတာပန်ဖြစ်ပြီးနောက် တဖန်၊ အကြောင်းအကျိုးတရားတို့ဖြစ်ပျက်နေသည်တို့ကိုကြည့်ရှုပြီးလျှင်။ နိဗ္ဗာန်သို့စေလွှတ်ဖန်များသည်ရှိသော် အကြင်အခါမဂ်ဖြစ်ထိုက်အံ့။ ၐင်းနိရောဓသစ္စာနိဗ္ဗာန်ကို၊ထင်ထင်လင်းလင်းကွင်းကွင်းကွက်ကွက် မြင်ခြင်းသို့ရောက်လေ၏။ ထိုဉာဏ်သည် သကဒါဂါမိ မဂ်ဉာဏ်မည်၏။ ၐင်းမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ၐင်းဉာဏဒဿနဝိသုဒ္ဓိဖြစ်သော၊သကဒါဂါမိမဂ်သည်၊ အစမထင်သံသရာ၌ ဖြစ်ပေါ်ခဲ့၍၊ အကြောင်းခံရှိသော ရုံ့ရင်းသော ကာမရာဂ,ဗျာပါဒ,တို့ကို၊အကြွင်းမရှိဖြတ်တောက်၍ပယ်လိုက်၏။ ထိုမဂ်ဖြစ်ခိုက်ၐင်းမဂ်စိတ္တုပ္ပါဒ်ကို။သကဒါဂါမိမဂ်ပုဂ္ဂိုလ်ဟု ခေါ်

အပ်သည်။ ၎င်းမဂ်သည်တကြိမ်သာဖြစ်၍ ချုပ်လေ၏။ ၎င်းမဂ်ချုပ်ပြီးနောက်။ ၎င်းမဂ်မြင်အပ်သော၊ နိဗ္ဗာန်ကိုအာရုံပြု၍၊ သကဒါဂါမိဖိုလ်စိတ္တုပ္ပါဒ်သည် (၂) ကြိမ်သော်၎င်း (၃) ကြိမ်သော်၎င်းဖြစ်၍ချုပ်၏။ ထိုသကဒါဂါမိဖိုလ်ဖြစ်သည်မှစ၍၊ ၎င်းခန္ဓာဖြစ်စဉ်ကို၊ သကဒါဂါမ်ပုဂ္ဂိုလ်ဟုခေါ်အပ်သည်။ သကဒါဂါမ်ဖြစ်ပြီးနောက်တဖန်၊ ၎င်းအကြောင်းအကျိုးတရားတို့ဖြစ်ပျက်နေသည်ကို၊ အဖန်တလဲလဲရှု၍။ နိဗ္ဗာန်ကို စေလွှတ်ဖန်များလတ်သော်။ အကြင်အခါ မဂ်ဖြစ်ထိုက်အံ့။ ထိုအခါ နိရောဓသစ္စာ နိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းမြင်လေ၏။ ထိုသို့ မြင်သောဉာဏ်သည်။ အနာဂါမိမဂ်ဉာဏ်မည်၏။ ၎င်းမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

၎င်း ဉာဏဒဿနဝိသုဒ္ဓိဖြစ်သော။ အနာဂါမိ မဂ်ဉာဏ်သည် အစမထင် သံသရာ၌ ဖြစ်ပေါ်ခဲ့၍။ အကြောင်းခံ ရှိသော သိမ်မွေ့သော ကာမရာဂ, ဗျာပါဒတို့ကို၊ အကြွင်းမရှိဖြတ်တောက်စေ၏။ ထိုမဂ်ဖြစ်ခိုက်။ ၎င်းမဂ်စိတ္တုပ္ပါဒ်ကို အနာဂါမိ မဂ်ပုဂ္ဂိုလ်ဟုခေါ်အပ်သည်။ ၎င်းမဂ်သည်လည်း တကြိမ်သာဖြစ်၍ချုပ်လေ၏။ ၎င်းမဂ်ချုပ်ပြီးနောက်။ ၎င်းမဂ်မြင်အပ်သော နိဗ္ဗာန်ကိုအာရုံပြု၍။ အနာဂါမိ ဖိုလ်စိတ္တုပ္ပါဒ်သည်၊ (၂) ကြိမ်သော်၎င်း၊ (၃) ကြိမ်သော်၎င်းဖြစ်၍ချုပ်၏။ ထိုအနာဂါမိဖိုလ် ဖြစ်သည်မှစ၍။ ၎င်းခန္ဓာဖြစ်စဉ်ကို အနာဂါမ်ပုဂ္ဂိုလ်ဟုခေါ်အပ်သည်။

၎င်းအနာဂါမ်ဖြစ်ပြီးနောက်တဖန်။ ၎င်းအကြောင်းအကျိုးတရားတို့ဖြစ်ပျက်နေသည်ကို။ အဖန်တလဲလဲရှု၍။ နိဗ္ဗာန်သို့စေလွှတ်ဖန်များလတ်သော်။ အကြင်အခါမဂ်ဖြစ်ထိုက်အံ့။ ထိုအခါနိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းမြင်လေ၏။ ထိုသို့မြင်သောဉာဏ်သည်၊ အရဟတ္တ မဂ်ဉာဏ်မည်၏။ ၎င်းမဂ်ဉာဏ်

သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ၎င်းဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သော၊ အရဟတ္တမဂ်ဉာဏ်သည်။ အစမထင်သံသရာ၌ဖြစ်ပေါ်ခဲ့၍။ အကြောင်းခံရှိသော။ ရူပရာဂ,အရူပရာဂ,မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာ,တည်းဟူသော။ ကိလေသာတရားတို့ကို၊အကြွင်းမရှိ ဖြတ်တောက်စေ၏။ ထိုမဂ်ဖြစ်ခိုက် ၎င်းမဂ်စိတ္တုပ္ပါဒ်ကို၊ အရဟတ္တမဂ်ပုဂ္ဂိုလ်ဟုခေါ်အပ်သည်။ ၎င်းမဂ်သည်လည်း၊ တကြိမ်သာဖြစ်၍ ချုပ်လေ၏။ ။၎င်းမဂ်ချုပ်ပြီးနောက်၊ ၎င်းမဂ်မြင်အပ်သော နိဗ္ဗာန်ကိုအာရုံပြု၍။ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်သည်၊ (၂) ကြိမ်သော်၎င်း။ (၃) ကြိမ်သော်၎င်း။ ဖြစ်၍ချုပ်လေ၏။ ထိုအရဟတ္တဖိုလ်ဖြစ်သည်မှစ၍။ စုတိကျသည်တိုင်အောင်။ ၎င်းခန္ဓာအစဉ်ကို၊ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သည်။ ထိုရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်သည်။ စုတိစိတ်တိုင်အောင်ဖြစ်၍ ချုပ်ပြီးနောက်။ တဖန် ခန္ဓာဆက်ဖြစ်ရန်မရှိဘဲ။ အဆက်ပြတ်လေပြီးလျှင်။ ဘာမျှမရှိသော အဘာဝသို့ ရောက်လေ၏။ တဖန် လူ,နတ်,ပြဟ္မာဟု ပညတ်တင်၍ ခေါ်ဝေါ်စရာမရှိပြီ။

**အမှာစကား။** ။ဤစကျ ဝိညာဏ်ဒွေးကို၊ ပြဆိုအပ်သောနည်းကိုမှီ၍။ ကျန်သော သောတဝိညာဏ်ဒွေးမှစ၍။ ရှိရှိသမျှသော လောကီစိတ်ဟူသမျှကိုလည်း။ ၎င်းနည်းအတိုင်း သုံးသပ်ဆင်ခြင်ကြလေ။ ဤတွင် စိတ်ကိုသင်္ဂြိုဟ်၌သာသောနည်းအတိုင်း သုံးသပ်ဆင်ခြင်ပုံ အကျဉ်းပြဆိုအပ်သောနည်းပြီး၏။

(နတ်-လူ-သာဓုခေါ်စေသော်။)

ဦးမောင်သာနိုး ဥပသကာ အဂ္ဂိတ်တော်
စစ်တွေမြို့၊ ကွယ်လွန်သူ ဦးအဝိန်ကို ရည်မှန်း၍
　　ဒေါ်အေးစိန် သား-သမီး-မြေး မိးခြစ်စက်နှင့်ဆံစက်ပိုင်ရှင် ၅၀
စစ်တွေမြို့၊ကွယ်လွန်သူ ဦးသာဒိုးအောင်ကိုရည်မှန်း၍
　　ဒေါ်အုံးခင်နှင့် သား- ကုန်သည် ရွှေဘန်းလမ်း ၁၅
ဒေါ်ပုပု၊ ကုန်သည်၊ ကန်းနားလမ်း အိုးတန်း ၅
ဒေါ်တောင် ညီမ, မကျာ၊ ကုန်သည် ရွှေသာလမ်း ၁၀
ဦးသန်းကျော်-ဒေါ်မစိန်သာ သား-သမီး၊မီးခြစ်စက်ပိုင်ရှင် ၁၀
စစ်တွေမြို့ ကွယ်လွန်သူ ဒေါ်စိန်မြကိုရည်မှန်း၍ သမီး ဒေါ်မြစိန် ၂၅
ဒေါ်စံဝင်းနှင့် ညီမ မမြ၊ ကုန်သည်၊ ကန်းနားလမ်း ၅
ဦးသန်းရွှေ-ဒေါ်မအုံးမြင့် သားသမီး၊ မီးခြစ်စက်ပိုင်ရှင်၊
　　ရွှေသာလမ်း ၁၀
ဦးထွန်းဦးခိုင်-ဒေါ်ခိုင်ညို သားသမီးမြေး ကုန်သည် ထမီးတန်း ၂၀
ဦးစောလှဖြူ-ဒေါ်ဦးကျော့စိန်၊ သားသမီး မြေး ရွှေပန်း
　　တိမ်ဆရာ၊ ပါဒလိချိတ် ၁၀
ဇော်မေ-မိခင် ကုန်သည် ရွှေသာလမ်း ၃
ဦးသာကျော်အောင်-ဒေါ်မရှိ သားသမီး၊ ရွှေပန်းတိမ်ဆရာ၊
　　လမ္မတော်မြောက် ၂
ဦးစိန်ဘော်အောင်-ဒေါ်မညွန့် သားသမီးမြေး ရွှေပန်းတိမ်
　　ဆရာ၊ လမ်းမတော်တောင် ၁၀
ဦးရွှေသာဒိုး၊ ကုန်သည်၊ ပချိကာရာချိတ် ၅
ဦးအောင်စိန်ထွန်း ဒေါ်မအေးစိန် သားသမီး၊ ကုန်သည်၊
　　မော်လိတ်အနောက်ပိုင်း ၅
ဦးစိန်ထွန်းကျော်-ဒေါ်လှစိန် သားသမီး၊ ရွှေပန်းထိမ်ဆရာ၊
　　တရားသီးစု ၅

(ဓမ္မဒါနကုသိုလ်ရှင်များ၊ စစ်တွေမြို့။) ၂ အုပ်ရေ။

| | |
|---|---|
| ဦးစံရွှေဦး-ဒေါ်စောညွန့်၊ ကျောင်းဆရာ ရူပရွာ | ၂၁ |
| ဦးအောင်ကျော်နှင့် ဇနီးသား သမီး ။ | ၃၀ |
| ဦးဦးကျော်ဇံ-ဒေါ်လုံး သားသမီး မြေး ဆံအကြည်ဖြတ် ပါဒလိချိတ် | ၃ |
| ဦးထွန်းခိုင်ဦး-ဒေါ်ညိုဝင်းဖြူ သားသမီး ကုန်သည်၊ရူပရွာ | ၅ |
| ဦးမောင်ထွန်းကျော်- ဒေါ်သန်းကြွယ် သားသမီး ကုန်သည်၊ ထီးတန်းလမ်း | ၅ |
| နယ်ပိုင် ဦးသာကျော် မိခင် ရွှေသာလမ်း | ၃ |
| ဦးဘသာ ဒေါ်မကျော့စိန် သားသမီး ရွှေပန်းတိုင်ဆရာ တရားသီးစု | ၃ |
| ဦးစိန်မြအောင် ဒေါ်လှနု သားသမီး ရွှေပန်းတိုင်ဆရာ ဘောက်သီးစု | ၁၀ |
| ဦးမောင်ရှိ-ဒေါ်မရှင် သားသမီး ကုန်သည်၊ မောလိတ် | ၅ |
| ဦးစိန်ထွန်းအောင်-ဒေါ်မလှဦး သားသမီး ကုန်သည်၊ ဦးဟ္တမလမ်း | ၅ |
| ဦးလွန်လှ-ဒေါ်စံသာဖြူ သားသမီး ကုန်သည်၊ကန်းနားလမ်း | ၃ |
| ဦးစိန်ထွန်းအောင်-ဒေါ်မစောဖြူသားသမီးမြေးအငြိမ်းစား ဦးဥတ္တမလမ်း | ၃ |
| မောင်စောထွန်း-ဒေါ်စေသာ သားသ္မီး ရွှေပန်းတိုင်ဆရာ ကမ်းနားလမ်း၊ | ၆ |
| ဦးသာကျော်-ဒေါ်ငွေသာ သားသမီး မြေး အငြိမ်းစား၊ ရွှေသာလမ်း | ၁၀ |
| ဦးတက်တိုး ကွယ်လွန်သူကိုရည်မှန်း၍ ချွေးမများ ဒေါ်စံဝင်း ကုန်သည်၊ ရွှေသာလမ်း | ၁ |
| ဦးဘသိမ်းခင်-ဒေါ်ငွေအောင် သားသမီးမြေး ထီးတန်းလမ်း | ၅ |

ကွယ်လွန်သူဒေါ်ပျားမေကိုရည်မှန်း၍ဒေါ်အုံးမြင့်ရွှေသာလမ်း ၅
ကွယ်လွန်သူ ဦးအောင်ငြိမ်းကို ရည်မှန်း၍ ဒေါ်စောရှင်
ခေတ္တ ရွှေသာလမ်း ၅
ဒေါ်စံသာခိုင်၊ ကျောင်းဆရာမ ပါဒလိချိတ် ၂
ဒေါ်ကရင်မ၊ တရားသီးစု ၁
ဦးဦးစိန်–ဒေါ်အိမ်စိုးခိုင် သားသမီး၊ ကျောင်းတက်လမ်း ၅
ဦးအောင်ကျော်ဇံ အငြိမ်းစား၊ ကျောင်းတက်လမ်း ၅
ဦးစံကျော်-ဒေါ်ရွှေမြခိုင် သားသမီး အငြိမ်းစား မောလိတ် ၃
ဦးမောင်ကျော်လှိုင်-ဒေါ်ဦးစံသာ သားသမီး အဘိဓမ္မာ
သင်္ဂြိုဟ်ဆရာ၊ နေပူခံရွာ ၅
ဦးမောင်သာဘန်း-ဒေါ်မစိန်တင် သားသမီး သတင်းစာ
ကိုယ်စားလှယ် ရှုပ်ရွာ ၁၀၀
ဦးအောင်ကျော်ဝေ-ဒေါ်မအိမ်သာ သားသမီး
ကုန်သည်၊ ဒိုးဝန်းရွာ၊ ၁၀
ဦးသိမ်းမောင် ဒေါ်မတင်လှ၊သားသမီး ကုန်သည် ကျေး
ပင်ကြီးရွာ ၅
ဦးရွှေသီး-ဒေါ်သိန်းညို သားသမီး ရွှေပန်းတိန်ဆရာ
သင်္ခါစာစု ၅
ဦးသန်းကြည်-ဒေါ်ပု သားသမီး ကျောင်းဆရာ ရွှေဘန်းလမ်း ၅
ဦးသာဒိုး-ဒေါ်မစောဖြူ သားသမီး ကုန်သည်၊ ကုန်တန်း ၂၅
ဦးစိန်ဗ-ဒေါ်မချစ်သာ သားသမီး ဗေဒင်ဆရာလမ္မတော်မြောက် ၁
ဦးထွန်းအောင်ကျော်နှင့် ဇနီး သားသမီး အငြိမ်းစား
စာရေးကြီး၊ မောလိတ် ၅
ဦးဘထီးနှင့်ဇနီးသားသမီး၊ရွှေပန်းတိမ်ဆရာ လမ္မတော်မြောက် ၁
ဦးသာဇံ စာတိုက်ရုံးစာရေး ရွာပဂေါင် ၁

| (ဓမ္မဒါနကုသိုလ်ရှင်များ၊ စစ်တွေမြို့။) ၄ | အုပ်ရေ။ |
|---|---|
| ဦးထွန်းစိန်-ဒေါ်စောညို သားသမီး ကုန်သည် ကျောင်းတက်လမ်း | ၅ |
| ဦးကျော်ဇံဦး-ဒေါ်မြစိန်ဦး သားသမီး ကုန်သည် ကျေးပင်ကြီးရွာ | ၂၅ |
| ဒေါ်မခင်လေး၊ သားသမီး ကုန်သည် တရားသီးစု | ၂ |
| ဦးအောင်ရီ-ဒေါ်လှနီမ သားသမီ၊ ကုန်သည် ထီးတန်းလမ်း | ၁ |
| ဦးမောင်စောသာ-ဒေါ်မအုံးတင် သားသမီး ကုန်သည် လမ္မတော်တောင် | ၁ |
| ဦးအောင်သာဘန်း ကျောင်းဆရာ လမ္မတော်မြောက် | ၅ |
| ဦးစိန်ထွန်းအောင်-ဒေါ်မရှင်သားသမီး ကုန်သည် ဆင်ကူးလမ်း | ၅ |
| ဦးကျော်လှအောင် ကုန်သည် ကျောင်းကြီးလမ်း | ၁၀ |
| ဦးငါမဲ ကုန်သည် ကျေးပင်ကြီး | ၅ |
| စစ်တွေမှ လှူဒါန်းသော စာအုပ်ပေါင်း- | ၅၇၁ |

---

| (ဓမ္မဒါနကုသိုလ်ရှင်များ၊ ရန်ကုန်မြို့။) | အုပ်ရေ။ |
|---|---|
| ဒေါက်တာရွှေလှ-ဒေါ်ကျင်လှ ၅၁ လမ်း | ၈၀၆ |
| ဦးသန်းမောင်-ဒေါ်ကောက် ကျားပျံ ၅၁ လမ်း | ၅၀ |
| ဦးအောင်သိန်း-ဒေါ်မြရင် ၅၁ လမ်း | |
| ဦးနိုင်-ဒေါ်နုနု အငြိမ်းစား ရဲမင်းကြီး ၅၁ လမ်း | ၂၅ |
| ဦးချစ်ဆွေ-ဒေါ်ကြည်ကြည် ဗိုလ်ချုပ်လမ်း | ၁၀ |
| ဒေါ်တင်ရီ၊ဒေါ်ခင်မေ | ၂၀ |
| ဒေါ်မြနု ၅၁ လမ်း | ၂၀ |
| ဦးပန်းဘော်အောင် | ၅ |

(ဓမ္မဒါနကုသိုလ်ရှင်များ၊ ရန်ကုန်မြို့။) ၅ အုပ်ရေ

| | |
|---|---|
| ဒေါ်စံဝင်း မစ်ရှင်လမ်း | ၂၅ |
| ဒေါ်အေးတင် ကန်းနားလမ်း | ၂၀ |
| ဦးလှ-ဒေါ်သိန်း၊ သားသမီးတစု အင်းနစ်လမ်း | ၁၂ |
| ဦးဘရှင်-ဒေါ်မြတင် ဇေယျဝတီလမ်း | ၁၀ |
| ဦးချစ်မောင် ကိုင်းတန်း | ၅ |
| ဦးဖြူ သံတတားလမ်း စမ်းချောင်း | ၅ |
| ဒေါ်ညွန့် သစ်တောလမ်း အလုံ | ၅ |
| ဒေါ်အေးခိုင် ကာလကာတန်း အလုံ ကြည့်မြင်တိုင် | ၅ |
| ဦးသိန်းလွင် ခေမာလမ်း စမ်းချောင်း | ၅ |
| ဒေါ်သိန်း တောလမ်း ထီးတန်း | ၅ |
| ဦးကြွယ် ဘော်ကာတန်း ကြည့်မြင်တိုင် | ၅ |
| ကိုသိန်းမောင် ဟုမ်းလမ်း | ၁ |
| ဒေါ်မြိုင် ဗားကရာ | ၁ |
| ဒေါ်ဖွားကြင် လွတ်လပ်ရေးကွက်သစ် | ၁ |
| မမြကြည် လွတ်လပ်ရေးကွက်သစ် | ၁ |
| ဒေါ်ဖြူဖြူ သာကေတ | ၁ |
| ဒေါ်ရွှေမြ လမ်းမတော် | ၁ |
| ဒေါ်ဖွားညွန့် ဟုမ်းလမ်း | ၂ |
| ဒေါ်သိန်း ချင်းချောင်း ၁ လမ်း | ၂ |
| ဒေါ်ထွေး ဈေးကလေး ၆ လမ်း | ၁ |
| ဒေါ်စောမေ ဈေးကလေး တောလမ်း | ၁ |
| ဦးကျော်စိန် လွတ်လပ်ရေးကွက်သစ် | ၁ |
| ဒေါ်အုံးရင် လွတ်လပ်ရေးကွက်သစ် | ၁ |
| ကိုကျော်သိန်း ချင်းချောင်း ၁ လမ်း | ၁ |
| ဒေါ်လှ မဟာဗန္ဓုလ လမ်း | ၁ |

| | |
|---|---|
| ဒေါ်ရှမ်း ၅ လမ်း | ၁ |
| ဦးစံမြိုင် လွတ်လပ်ရေးကွက်သစ် | ၂ |
| ဒေါ်အေးကြိုင် ကျောင်းကုန်းလမ်း | ၁ |
| ဒေါ်မသင့် စိတ္တသုခလမ်း | ၁ |
| ဦးကြွယ် ဝန်ဒါမီယာ | ၂ |
| ဦးဘညိမ်း ၄-နံပါတ်သစ်စက် | ၁ |
| ဦးအုံးဖေ ၁၂-လမ်းပွဲရုံ | ၂၅ |
| ကိုလှမောင်၊ ကိုဘာဘာ | ၂ |
| ဒေါ်ဒါန ဟုမ်းလမ်း | ၁ |
| ဦးစောထွန်း မှတ်ပုံတင်အရာရှိ ရေကျော် | ၅ |
| ဦးလှရွှေ-ဒေါ်အေးသင် ဈေးကလေး ၄-လမ်း | ၂ |
| ကိုထွန်းရွှေ-မကျင်အုံ ကမာရွတ် | ၀ |
| ဒေါ်မြရှင် ဝေဠုဝန်တိုက်သစ် | ၁၅ |
| ဦးဘရီ-ဒေါ်ကျင်ဆိုင် သရက်တော ၅ လမ်း | ၂ |
| ဦးပု ဟုမ်းလမ်း | ၅ |
| ဦးနီ-ဒေါ်လှတင် ဈေးကလေး ၄-လမ်း | ၂ |
| ဒေါ်နု ချင်းချောင်း ၁-လမ်း | ၅ |
| ဒေါ်ကိုမ ထီးတန်း ၃-လမ်း | ၅ |
| ဒေါ်စိန် ဟုမ်းလမ်း ၄-လမ်း | ၁ |
| ဦးချင်း လက်ပန်တန်း | ၁၀ |
| ဒေါ်အေးရန် ချင်းချောင်း ၃-လမ်း | ၂ |
| ဦးလွန်းမြ ထီးတန်း လမ်းမတန်း | ၂ |
| ဒေါ်အုံးခင် ဗလုပ်လမ်း | ၂ |
| မတင်လှ ပဒင်းတန်း | ၅ |
| ဒေါ်စိန်တင် လွပ်လပ်ရေး | ၅ |

| (ဓမ္မဒါနကုသိုလ်ရှင်များ၊ ရန်ကုန်မြို့။) | ၇ | အုပ်ရေ။ |
|---|---|---|
| ဒေါ်မြရင်၊ ဒေါ်ငွေအောင် စဘူးတောင်း | | ၂ |
| ဦးကျွတ်-ဒေါ်ထွေးဖြူ ကွင်းချောင်း | | ၅ |
| ဒေါ်အမာ စမ်းချောင်း | | ၁ |
| ဒေါ်သိန်းရင် လှတ်လပ်ရေး | | ၂ |
| ဒေါ်စောခင် ချင်းချောင်း ၃-လမ်း | | ၈ |
| ဒေါ်လှ ချင်းချောင်း ၂-လမ်း | | ၁ |
| ဒေါ်သန်း လွတ်လပ်ရေး ၂-လမ်း | | ၁ |
| ဦးကျင်အေး-ဒေါ်အေးခင် ချင်းချောင်း ၂-လမ်း | | ၁ |
| ဒေါ်ဟန် လွတ်လပ်ရေး | | ၁ |
| ဦးတင်အောင် ချင်းချောင်း ၅-လမ်း | | ၂ |
| ဒေါ်စောနု ဈေးကလေး ၄-လမ်း | | ၁ |
| ဒေါ်အေးမြ လွတ်လပ်ရေး ၂-လမ်း | | ၁ |
| ဦးလှဖေ ချင်းချောင်း ၃-လမ်း | | ၃ |
| ဒေါ်ငွေလှိုင်၊ဒေါ်ခင်မအေး | | ၅ |
| ဦးမြမောင် ဝေဠုဝန် ၄-လမ်း | | ၅ |
| ကိုဘသန်း ကွင်းချောင်း | | ၁ |
| ဦးကျော်ညွန့် ချင်းချောင်း ၁-လမ်း | | ၃ |
| ဒေါ်အုံးရင် ထီးတန်းလမ်း | | ၁ |
| ဦးဘသော် ထီးတန်း ကန္နားလမ်း | | ၅ |
| ဒေါ်ဖွါးစိန်၊သမီးများ အုပ်ကျင်း | | ၅ |
| မဝိုင်း သမိုင်း | | ၂ |
| ဦးဆရာကြီး စမ်းချောင်း | | ၅ |
| ဒေါ်အုံးစိန် ထီးတန်းလမ်းမ | | ၁ |
| ဒေါ်စိန်စိန် သရက်တော ၄-လမ်း၊ | | ၅ |
| ဒေါ်မြကြည် စကားဝါပင်လမ်း၊ | | ၅ |

ဒေါ်မြိုင် ဟုမ်းလမ်း
ဒေါ်သိန်းတင် ဆံတန်း
ဒေါ်မြကြည် အင်းနှစ်လမ်း၊
ဒေါ်သိန်းခင် မိသားစု လက်ပန်တန်း
ရှင်ခန္တီဓရ တောင်ကုပ်
ဦးမောင်လှိုင်-ဒေါ်ကြွယ် မိသားစု ဥယျာဉ်လမ်း
ဦးငွေမောင်-ဒေါ်ထားကြည် ၁၂-လမ်း၊
ဦးအောင်ဖေ-ဒေါ်အေးတင် ၄-လမ်း၊
ဒေါ်ညွန့် ယောဂီ
ဦးရေဘော-ဒေါ်သန်းကြည် ကြည့်မြင်တိုင်
ဦးဘကြည် သရက်တော
ဦးသိန်း-ဒေါ်နွယ် လက်ပန်တန်း
ဦးဘသိန်း သမိုင်း
ဒေါ်သီလစာရီ အမ္ဗာရာမတိုက်
ဦးလှမောင် ဝေဠုဝန်လမ်း
ဒေါ်အုံးစိန် ယောဂီ
ဒေါ်ခန့်
ဒေါ်ခင်
ဦးအေးမောင် ဥယျာဉ်လမ်း
ဒေါ်စိုးခိုင် အလုံဌာဏာ

ရန်ကုန်မှ လှူဒါန်းသော စာအုပ်ပေါင်း-

စစ်တွေမှ လှူဒါန်းသော စာအုပ်ပေါင်း-

လှူဒါန်းသောစာအုပ်စုံစုပေါင်း-